# မြဝတီ နေ့စဉ်

မှန်မည် ထူးမည်၊ မြန်မည် ဦးမည် အသွင်သစ်နှင့် မြဝတီ

www.myawady.net.mm
E-mail:mwddailynewspapergroup@gmail.com

အတွဲ(၁၄)၊ အမှတ်(၁၅၄)

၁၃၈၆ ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၂ ရက်
၂၀၂၄ ခုနှစ်၊ စက်တင်ဘာ ၁၉ ရက်၊ ကြာသပတေးနေ့


### မြတ်ဗုဒ္ဓ၏အဆုံးအမတရား

စိတ်သည် အရာရာကိုဦးဆောင်၏။ စိတ်သည် အမွန်မြတ်ဆုံးဖြစ်၏။ စိတ်သည် အရာရာကို ပြီးစီးစေ၏။ ကြည်လင်သောစိတ်ဖြင့် ပြုမူ ပြောဆိုပါလျှင် ချမ်းသာစေနိုင်၏။ အေးမြသော အရိပ်သည် အစဉ်လိုက်ပါသည်နှင့်တူ၏။

ဓမ္မပဒ

### ဒို့တာဝန်အရေးသုံးပါး

- ♦ ပြည်ထောင်စုမပြိုကွဲရေး။
- ♦ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- ♦ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

### နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ်(၅)ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေးအပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များတည်ငြိမ်မှုရှိစေရေးအတွက် (NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေးဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ပျဉ်းမနားမြို့နယ်၊ မင်္ဂလာဗျူဟာသာသနဒ့ဗိမာန် ရေဘေးရှောင်ကယ်ဆယ်ရေးစခန်းရှိ ရေဘေးရှောင်ပြည်သူများအား သွားရောက်အားပေး၊ ထောက်ပံ့ရေးပစ္စည်းများပေးအပ်

## ပျက်စီးဆုံးရှုံးခဲ့သည့်နေရာများကို ပြန်လည်ထူထောင်ရေးလုပ်ငန်းများအတွက် နိုင်ငံတော်မှဦးဆောင်၍ဆောင်ရွက်ပေးသွားမည်






နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ပျဉ်းမနားမြို့နယ်၊ မင်္ဂလာဗျူဟာသာသနဒ့ဗိမာန် ရေဘေးရှောင်ကယ်ဆယ်ရေးစခန်းရှိ ရေဘေးရှောင်ပြည်သူများကို အားပေးစကားပြောကြားစဉ်။

**နေပြည်တော် စက်တင်ဘာ ၁၈**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် ယနေ့နံနက်ပိုင်းတွင် ကောင်စီတွဲဖက်အတွင်းရေးမှူး ဗိုလ်ချုပ်ကြီးရဲဝင်းဦး၊ ပြည်ထောင်စုဝန်ကြီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများနှင့် တာဝန်ရှိသူများလိုက်ပါ၍ ပျဉ်းမနားမြို့နယ်၊ မင်္ဂလာဗျူဟာသာသနဒ့ဗိမာန်ရေဘေးရှောင်ကယ်ဆယ်ရေးစခန်းရှိ ရေဘေးရှောင်ပြည်သူများအား သွားရောက်အားပေးစကားပြောကြားပြီး ထောက်ပံ့ရေးပစ္စည်းများပေးအပ်သည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ရေဘေးရှောင်ပြည်သူများအား အားပေးစကားပြောကြားရာတွင်

စာမျက်နှာ ၁၆ ကော်လံ ၁ ✭



## အယ်ဒီတာ့အာဘော်

(၂၀၂၄ ခုနှစ်၊ စက်တင်ဘာ ၁၉ ရက်)

# ပုံမှန်အခြေအနေသို့ ပြန်လည်ရောက်ရှိနိုင်ရေး

ယခုရက်ပိုင်းအတွင်းတိုက်ခတ်ခဲ့သည့် တိုင်ဖွန်းမုန်တိုင်းရာဂိ၏အရှိန်နှင့် ဘင်္ဂလားပင်လယ်အော် အနောက်အလယ်ပိုင်းနှင့် အနောက်မြောက်ပိုင်းတို့တွင်ဖြစ်ပေါ်ခဲ့သော မုန်တိုင်းငယ်၏အရှိန်ကြောင့် မြန်မာနိုင်ငံတွင်မိုးသည်းထန်စွာရွာသွန်းခဲ့သည်။ မိုးသည်းထန်စွာ အဆက်မပြတ်ရွာသွန်းခဲ့မှုကြောင့် တောင်ကုန်းတောင်တန်းများပေါ်မှ တောင်ကျချောင်းရေများ အရှိန်အဟုန်ဖြင့်စီးဆင်းခဲ့ပြီး ရေစီးဆင်းရာလမ်းကြောင်းများတစ်လျှောက်တွင် ထိခိုက်ပျက်စီးမှုများဖြစ်ပေါ်ခဲ့သည်။ နေပြည်တော်ကောင်စီနယ်မြေအပါအဝင် တိုင်းဒေသကြီးနှင့်ပြည်နယ်အချို့ရှိ ရေကြီးရေလျှံမှုဖြစ်ပေါ်ခဲ့သည့် ရပ်ကွက်/ကျေးရွာများမှ ကူညီရွှေ့ပြောင်းရန်လိုအပ်နေသူများကို အချိန်နှင့်တစ်ပြေးညီ ကူညီကယ်ဆယ်ကာ ယာယီရေဘေးရှောင်စခန်းများသို့ ရွှေ့ပြောင်းပေးလျက်ရှိသည်။

ရေများပြန်လည်ကျဆင်းသွားသည့်နေရာဒေသများရှိ ဘုန်းတော်ကြီးကျောင်းများ၊ စာသင်ကျောင်းများ၊ ဆေးရုံဆေးခန်းများ၊ ဌာနဆိုင်ရာအဆောက်အအုံများတွင် လိုအပ်သည့်သန့်ရှင်းရေးလုပ်ငန်းများကို တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များနှင့်လူမှုဝန်ထမ်းကယ်ဆယ်ရေးအဖွဲ့များက သန့်ရှင်းရေးလုပ်ငန်းများဆောင်ရွက်ပေးခြင်း၊ လိုအပ်သည်များကူညီရွှေ့ပြောင်းပေးခြင်းနှင့် လမ်း၊ တံတားများ၊ ရပ်ကွက်၊ ကျေးရွာများအတွင်း၌ တင်ကျန်ခဲ့သည့်နုန်းများ၊ သစ်ပင်သစ်ကိုင်းများဖယ်ရှားပေးခြင်းနှင့် အခြားလိုအပ်သည်များကို ဒေသခံပြည်သူများနှင့်ပူးပေါင်း၍ တက်ကြွစွာဆောင်ရွက်ပေးလျက်ရှိသည်။ ရေဘေးသင့်ပြည်သူများ၏ ကျန်းမာရေး၊ စားသောက်ရေးများ အခက်အခဲမရှိစေရေးအတွက် တပ်မတော်(ကြည်း၊ ရေ၊ လေ)မိသားစုများ၊ ဌာနဆိုင်ရာများ၊ အသင်းအဖွဲ့များနှင့်အလှူရှင်များက ထောက်ပံ့ပစ္စည်းများ၊ အဝတ်အထည်များ၊ အလှူငွေများကို အားတက်သရော ပေးအပ်လှူဒါန်းလျက်ရှိသည်။

သဘာဝဘေးအန္တရာယ်သည် ရှောင်လွှဲ၍မရသော်လည်း တတ်နိုင်သမျှထိခိုက်မှုလျော့နည်းအောင်နှင့် အမြန်ပြန်လည်ထူထောင်ရေးဆောင်ရွက်နိုင်သည်။ မြန်မာနိုင်ငံတွင် ယခုနှစ်မိုးရာသီအတွင်း မိုးဦး၊ မိုးလယ်၊ မိုးနှောင်းအားလုံးတို့၌ မိုးများ များပြားစွာရွာသွန်းခဲ့သည်။ ထိုသို့မိုးရွာသွန်းမှုများကြောင့် မြေသားများမှာ စိုထိုင်းဆများပြားလျက်ရှိပြီး မြေများကျစ်လျစ်မှုအားနည်းသည့်အချိန်ဖြစ်သည်။ ယခုရက်ပိုင်းအတွင်းဖြစ်ပေါ်ခဲ့သည့် မုန်တိုင်းအရှိန်ကြောင့် မိုးသည်းထန်စွာရွာသွန်းခဲ့ပြီး လျှပ်တစ်ပြက် ရေကြီးရေလျှံမှုများဖြစ်ပေါ်ခဲ့ချိန်တွင် ယခင်ပျော့နေသည့်မြေသားများမှာ ပြိုကျမှုများဖြစ်ပွားခဲ့ခြင်းဖြစ်သည်။ ရေကြီးရေလျှံမှုများဖြစ်ပေါ်ခဲ့မှုနှင့်ဆက်စပ်၍ သစ်ထုတ်လုပ်မှုများနှင့်ပတ်သက်၍လည်း တရားဝင်ခွင့်ပြုပေးထားသည့်သစ်ကွင်းများမှ သယ်ယူနိုင်ခြင်းမရှိသေးသည့် သစ်လုံးကြီးများ၊ သစ်လုံးကြီးများထုတ်ယူရာတွင် ဖြတ်တောက်ထားသည့်ဖြတ်စများသည်လည်း တောင်ကျရေစီးကြောင်းများနှင့်အတူ မျောပါတိုက်စားခဲ့ပြီး ထိခိုက်ပျက်စီးမှုများပိုမိုများပြားခဲ့သည်။ ရေကြီးရေလျှံမှုဖြစ်ပေါ်ခဲ့ချိန်တွင် တံတားများထိခိုက်ပျက်စီးခဲ့မှုများကိုလည်း သင်ခန်းစာယူကြရမည်ဖြစ်သည်။ တံတားနေရာများသို့ ရေဝင်ရောက်ရာလမ်းကြောင်းနှင့်ရေထွက်ရာလမ်းကြောင်းနေရာများ၌ ရေစီးဆင်းမှုကောင်းမွန်စေရေး၊ ချောင်းဖြောင့်ခြင်းလုပ်ငန်းအပါအဝင် အခြားလိုအပ်သည်များ ထည့်သွင်းတွက်ချက်ဆောင်ရွက်ရမည်ဖြစ်သည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် စက်တင်ဘာလ ၁၇ ရက်နေ့ကကျင်းပသည့် သဘာဝဘေးအန္တရာယ်စီမံခန့်ခွဲမှုဆိုင်ရာအစည်းအဝေးတွင် အမှာစကားပြောကြားစဉ် **"လက်ရှိအချိန်တွင် ပြည်သူများသွားလာမှုအဆင်ပြေစေရေးနှင့် ကုန်စည်စီးဆင်းမှုများ ပြတ်တောက်မှုမရှိစေရေးအတွက် ထိခိုက်ပျက်စီးခဲ့ရသည့် လမ်း၊ တံတားများပြန်လည်ဖွင့်လှစ်နိုင်ရေး အမြန်ဆုံးဆောင်ရွက်သွားရန်လိုကြောင်း၊ ပျက်စီးသွားသည့်တံတားများတွင် ယာယီဘေလီတံတားများကို ဦးစားပေးဆောက်လုပ်သွားရန်လိုကြောင်း၊ အကြောင်းအမျိုးမျိုးကြောင့် ရေဘေးရှောင်စုရပ်များသို့ ယာယီခေါ်ဆောင်ထားသည့်ပြည်သူများကိုလည်း ၎င်းတို့၏နေရပ်သို့ ပြန်လည်သွားရောက်နိုင်ရေးအတွက် ဆောင်ရွက်ပေးရန်လိုကြောင်း၊ ရေဝင်နစ်မြုပ်ခဲ့သည့် ရပ်ကွက်ကျေးရွာများအတွင်း သန့်ရှင်းရေးလုပ်ငန်းများကိုလည်း ဆောင်ရွက်ပေးရန်လိုပြီး မြို့နယ်၊ ရပ်ကွက်ကျေးရွာများအလိုက် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို ဆောင်ရွက်ပေးသွားရန်လိုကြောင်း"**ထည့်သွင်းပြောကြားခဲ့သည်။

ပြန်လည်ထူထောင်ရေးလုပ်ငန်းများဆောင်ရွက်ရာတွင် သေဆုံးခဲ့ရသူများနှင့်ထိခိုက်ဒဏ်ရာရရှိသူများ၊ အိုးအိမ်ဆုံးရှုံးခဲ့ရသူများကို ထောက်ပံ့မှုများဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်းလည်းသိရှိရသည်။ ကူညီကယ်ဆယ်ရေးနှင့်ပတ်သက်၍ ပျက်စီးမှုအနည်း၊ အများအလိုက် ဦးစားပေးအဆင့်သတ်မှတ်ပြီး အမြန်ဆုံးပြီးစီးစေရန်နှင့်အချိန်အကြာဆုံး ခြောက်လတာကာလအတွင်းပြီးစီးရေးဆောင်ရွက်သွားရန်လိုကြောင်း၊ ပိတ်ထားရသည့်ကျောင်းများကိုလည်း အမြန်ဆုံးဖွင့်လှစ်ပေးနိုင်ရေး ဆောင်ရွက်သွားရမည်ဖြစ်သကဲ့သို့ ပြန်လည်ဖွင့်လှစ်ချိန်တွင် သင်ခန်းစာများလစ်ဟင်းမှုမရှိစေရေး အချိန်ပိုများသင်ကြားပေးရန်လိုကြောင်း၊ ကျောင်းပိတ်ရက်အလွန်များပြားသွားမည်ဆိုပါက နွေရာသီတွင်ပြန်လည်သင်ကြားပေးနိုင်ရေး စီမံသွားရန်လိုကြောင်း၊ ပညာရေးနှင့်ပတ်သက်၍ ရနိုင်သမျှ Saving လုပ်သွားရန်လိုကြောင်းကိုလည်း နိုင်ငံတော်အကြီးအကဲက လမ်းညွှန်မှာကြားထားပါသည်။ အနှစ်ချုပ်ဆိုရသော် သဘာဝဘေးအန္တရာယ်ကြုံတွေ့ရသည့် ဒေသများအား မူလအနေအထားသို့ပြန်လည်ရောက်ရှိရေးအတွက် နိုင်ငံတော်အစိုးရ၊ တပ်မတော်နှင့်ပြည်သူများ တက်ကြွစွာပူးပေါင်းဆောင်ရွက်လျက်ရှိပါကြောင်း ရေးသားလိုက်ရပေသည်။ ။

---

ပြည်လုံးကျွတ်သန်းခေါင်စာရင်းကောက်ယူရန် (၁၁) ရက်သာ လိုတော့သည်။

---

## ပြည်သူ့စစ်မှုထမ်းဥပဒေပြဋ္ဌာန်းချက်ပါ ပြည်သူ့စစ်မှုထမ်းဆောင်ခြင်း တာဝန်မှလျှော့ပေါ့ခွင့်ရသူများ

**လျှော့ပေါ့ခွင့်**

၁။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့က ပြည်သူ့စစ်မှုထမ်းဆောင်ရမည့်တာဝန်မှ လျှော့ပေါ့ခွင့်ပြုသူများမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) လျှောက်ထားသူ၏မိဘနှစ်ပါးစလုံးသည် နိုင်ငံ့ဝန်ထမ်းအဖြစ် နှစ်ပေါင်း ၂၀ ထက်မနည်း တာဝန်ထမ်းဆောင်နေဆဲဖြစ်ပါကလည်းကောင်း၊ နိုင်ငံ့ဝန်ထမ်းအဖြစ် တာဝန်ထမ်းဆောင်ခဲ့ပြီး သက်ပြည့်အငြိမ်းစားယူခဲ့သူဖြစ်ပါကလည်းကောင်း အဆိုပါလျှောက်ထားသူအား ဥပဒေအရ ၎င်းထမ်းဆောင်ရမည့် ပြည်သူ့စစ်မှုထမ်းရန်ကာလ၏ တစ်ဝက်အထိလျှော့ပေါ့ပေးနိုင်သည်။

(ခ) လျှောက်ထားသူ၏မိဘနှစ်ပါးအနက် တစ်ဦးဦးသည် နိုင်ငံ့ဝန်ထမ်းအဖြစ် နှစ်ပေါင်း ၂၀ ထက်မနည်း တာဝန်ထမ်းဆောင်နေဆဲဖြစ်ပါကလည်းကောင်း၊ နိုင်ငံ့ဝန်ထမ်းအဖြစ်တာဝန်ထမ်းဆောင်ခဲ့ပြီး သက်ပြည့်အငြိမ်းစားယူခဲ့သူဖြစ်ပါကလည်းကောင်း၊ အဆိုပါလျှောက်ထားသူအား ဥပဒေအရ ၎င်းထမ်းဆောင်ရမည့် ပြည်သူ့စစ်မှုထမ်းရန်ကာလ၏ သုံးပုံတစ်ပုံအထိ လျှော့ပေါ့ပေးနိုင်သည်။

(ဂ) ပြည်သူ့စစ်မှုထမ်းတစ်ဦးဦးသည် တာဝန်ထမ်းဆောင်နေသည့်ကာလအတွင်း ထိခိုက်ဒဏ်ရာရရှိခြင်းများရှိခဲ့ပါက ထိခိုက်ဒဏ်ရာရရှိသည့်နေ့နောက်ပိုင်း ဆက်လက်တာဝန်ထမ်းဆောင်ရန် ကျန်ရှိသည့်ကာလအား လျှော့ပေါ့ပေးနိုင်သည်။

---

## ရေတွင်း ၄၆ တွင်းအား တွင်းဆေးတွင်းမှုတ်ခြင်းလုပ်ငန်း ဆောင်ရွက်နေမှုစစ်ဆေး

**နေပြည်တော် စက်တင်ဘာ ၁၈**

နေပြည်တော်ကောင်စီနယ်မြေ ပုဗ္ဗသီရိမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ရေကြီးနစ်မြုပ်ခဲ့သည့် ဝဲကြီးကျေးရွာအုပ်စု ဝဲကြီးကျေးရွာ၌ ကျေးလက်နေပြည်သူများနှင့် ကျွဲ၊ နွား၊ တိရစ္ဆာန်များအတွက် သောက်ရေ၊ သုံးရေအခက်အခဲများပြေလည်စေရန်ရည်ရွယ်၍ ကျေးရွာအတွင်းရှိ ရေတွင်း ၄၆ တွင်းအား တွင်းဆေးတွင်းမှုတ်ခြင်းလုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများကို စက်တင်ဘာလ ၁၇ ရက် နံနက်ပိုင်းတွင် တာဝန်ရှိသူများက ကွင်းဆင်းစစ်ဆေးသည်။

ထိုသို့ကွင်းဆင်းစစ်ဆေးရာတွင် ပုဗ္ဗသီရိမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးကိုကိုနှင့်ဝန်ထမ်းများက ကျေးရွာရေရရှိရေးကော်မတီဝင်များနှင့်အတူ တိုင်ဖွန်းမုန်တိုင်းရာဂိဒဏ်ကြောင့် မိုးသည်းထန်စွာရွာသွန်းကာ ရေကြီးရေလျှံမှုများဖြစ်ပေါ်ခဲ့ခြင်းကြောင့် ရေကြီးနစ်မြုပ်ခဲ့သည့် ရေတွင်းများအား တွင်းဆေးတွင်းမှုတ်ခြင်းလုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးနှင့်တာဝန်ရှိသူများက ရပ်မိရပ်ဖများ၊ ကျေးရွာရေရရှိရေးကော်မတီဝင်များနှင့်တွေ့ဆုံကာ လိုအပ်သည်များကို မှာကြားသည်။

အဆိုပါ တွင်းဆေးတွင်းမှုတ်ပြုလုပ်ခြင်းလုပ်ငန်းများကို ပုဗ္ဗသီရိမြို့နယ်အတွင်းရှိ ရေကြီးရေလျှံမှုဒဏ်ခံစားရသော ကျန်ရှိသည့်ရေဘေးသင့်ကျေးရွာများကို ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

နော်လူး

မြဝတီ နေ့စဉ် the Myawady Daily

စာတည်းမှူးချုပ် - ဦးမျိုးဝင်းရှိန်
စာတည်းမှူး(မြန်မာ) - ဦးရာဇာအောင်
စာတည်းမှူး(အင်္ဂလိပ်) - ဦးရဲမင်းတင်
စာတည်း(ကျွမ်းကျင်)အင်္ဂလိပ် - ဦးတင်မောင်သန်း

စာတည်းအဖွဲ့(မြန်မာ) - ဦးနေမင်းဦး၊ ဦးထွန်းထွန်းနိုင်၊ ဒေါ်နီလာအောင်၊ ဒေါ်ဖြူဖြူမောင်
စာတည်းအဖွဲ့(အင်္ဂလိပ်) - ဦးထက်မြတ်၊ ဒေါ်သီရိမွန်
သတင်းအဖွဲ့(နေပြည်တော်) - ဦးဇော်မင်းပိုင်၊ ဒေါ်ခိုင်ဝါဝါကျော်
သတင်းအဖွဲ့(ရန်ကုန်) - ဦးစံမင်းသူ

**နေပြည်တော်**
စာတည်းအဖွဲ့ ၀၃၁-၇၃၉၉၈၊ ဖက်စ် ၀၃၁-၇၃၉၉၉/၀၃၂-၃၀၂၆၂၊
ဖြန့်ချိရေး/ကြော်ငြာ ၀၃၁-၇၄၀၀၆၊ ၀၃၁-၇၄၀၀၈၊
ဘုရင့်နောင်ရပ်ကွက်၊ ပုဗ္ဗသီရိမြို့နယ်၊ နေပြည်တော်။

**ရန်ကုန်(ရုံးခွဲ)**
စာတည်းအဖွဲ့ ၀၃၁-၇၄၀၂၁၊ ဖြန့်ချိရေး ၀၁၈-၄၀၀၆၉၇၊
ကြော်ငြာ ၀၃၁-၇၄၀၂၂၊ အမှတ်(၁၅)၊ မိုးကောင်းလမ်း၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့။

**မန္တလေး(ရုံးခွဲ)**
တာဝန်ခံ ၀၉-၆၈၈၈၈၃၅၅၈၊ ၈၄ လမ်း၊
၂၉x၃၀ လမ်းကြား၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။

**ကျိုင်းတုံ(ရုံးခွဲ)**
တာဝန်ခံ ၀၉-၂၅၀၅၅၆၆၃၈၊ ၀၃၄-၇၃၆၀၁
လွိုင်မွေလမ်း၊ အမှတ်(၂)ရပ်ကွက်၊ ကျိုင်းတုံမြို့။

**ပုံနှိပ်ခြင်း/ထုတ်ဝေခြင်းအမှတ်** - ၀၀၃၇၈/၀၀၄၉၄
**စတင်ထုတ်ဝေသည့်ရက်** - ၂၀၁၁ ခုနှစ် ဧပြီလ ၁ ရက်
E-mail: mwddailynewspapergroup @ gmail.com
Website - www.myawady.net.mm

# ပြည်ထောင်စုနယ်မြေ နေပြည်တော်အတွင်း ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှု ပြည်ထောင်စုဝန်ကြီး ဦးလှမိုး ကွင်းဆင်းစစ်ဆေး



နေပြည်တော် စက်တင်ဘာ ၁၈

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးလှမိုး သည် ယနေ့နံနက်ပိုင်းတွင် UNDP မှ မြန်မာနိုင်ငံဆိုင်ရာ ဌာနေကိုယ်စားလှယ် Mr. Titon Mitra ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့ ကို အဆိုပါဝန်ကြီးဌာန ဧည့်ခန်းမ၌ လက်ခံ တွေ့ဆုံသည်။

တွေ့ဆုံစဉ် သမဝါယမနှင့် ကျေးလက် ဖွံ့ဖြိုးရေးဝန်ကြီးဌာန ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနှင့် UNDP တို့ ပူးပေါင်း၍ "အသိုက်အဝန်း ပြန်လည် ထူထောင်ရေးနှင့် ကြံ့ကြံ့ခံနိုင်စွမ်းတိုးမြှင့် ပေးရေးလုပ်ငန်းစီမံချက်" အကောင်အထည် ဖော်ရေးကိစ္စရပ်များ၊ စီမံကိန်းလုပ်ငန်းများ အတွက် M & E စစ်ဆေးခြင်း၊ ကွင်းဆင်း စစ်ဆေးခြင်း၊ နည်းပညာထောက်ပံ့မှုဆိုင်ရာ ကိစ္စရပ်များ၊ ENCORE စီမံချက် အကောင် အထည်ဖော်ဆောင်ရွက်ခဲ့မှုများ၊ Cash for Work လုပ်ငန်းများနှင့် အသက်မွေးဝမ်း ကျောင်းလုပ်ငန်းများထောက်ပံ့ဆောင်ရွက် ပေးခဲ့မှုများ၊ ဆိုလာရေရရှိရေးလုပ်ငန်း များ၊ မြစိမ်းရောင်ကျေးရွာစီမံကိန်းများ၊ VDP စီမံကိန်းများနှင့် ရန်ပုံငွေ ရရှိခွဲဝေ အသုံးပြုမှုဆိုင်ရာများ၊ ကျေးရွာများဖွံ့ဖြိုး တိုးတက်ရေး အကောင်အထည်ဖော် ဆောင်ရွက်မည့် အစီအမံများနှင့် UNDP အဖွဲ့နှင့်အတူ လက်တွဲဆောင်ရွက်သွား မည့်အစီအစဉ်များကို ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြ သည်။

ဆက်လက်၍ အသက်မွေးဝမ်းကျောင်း လုပ်ငန်းများ ပြန်လည်ထူထောင်ရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ပြည် ထောင်စုဝန်ကြီးသည် ဒုတိယဝန်ကြီး ဦးမြင့်စိုး၊ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြား ရေးမှူးချုပ်များ၊ သက်ဆိုင်ရာတာဝန်ရှိသူ များနှင့်အတူ ယနေ့မွန်းလွဲပိုင်းတွင် ပျဉ်းမနား မြို့ မြို့ဦးဘုန်းတော်ကြီးကျောင်းသို့ သွား ရောက်ကာ ယာယီရေဘေးကာကွယ်ရေး စခန်းတွင် ရောက်ရှိနေသည့် ပျဉ်းမနား မြို့နယ် ကျွန်းဦး၊ ကွက်သစ်၊ ဆင်သေ၊ ဈေးကုန်း၊ ဇေယျာသီရိမြို့နယ် သာယာ ကုန်းကျေးရွာတို့မှ ရေဘေးသင့်ပြည်သူများ ကို တွေ့ဆုံအားပေးကာ ပြည်ထောင်စု ဝန်ကြီး၊ ဒုတိယဝန်ကြီးတို့က ဘုန်းတော် ကြီးကျောင်းရှိ ရေဘေးသင့်ပြည်သူများ အတွက် ဆန်၊ ဆီ အပါအဝင် စားသောက် ကုန်ပစ္စည်းများ၊ လူသုံးကုန်ပစ္စည်းများကို ထောက်ပံ့ပေးအပ်သည်။

ယင်းနောက် ရေဘေးသင့်ခဲ့သည့် ပျဉ်းမနားမြို့နယ် ကျွန်းဦးကျေးရွာသို့ သွားရောက်ကာ လူနေအိမ်များ ရေကြီး နစ်မြုပ်နေမှုအခြေအနေများ၊ ကျေးရွာချင်း ဆက်လမ်းများပျက်စီးမှုအခြေအနေများ ကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက်ပြည်ထောင်စုဝန်ကြီး၊ ဒုတိယ ဝန်ကြီးနှင့်အဖွဲ့သည် မိုးအဆက်မပြတ် ရွာသွန်းပြီး ဆင်သေချောင်းရုတ်တရက် ရေကြီးရေလျှံမှုကြောင့် ရေဘေးသင့်ခဲ့သည့် ဇေယျာသီရိမြို့နယ် ရွာသစ်ကျေးရွာ၊ တပ်ကုန်းမြို့နယ်အတွင်းရှိ ရန်ကုန်- မန္တလေးလမ်းဟောင်းမှ ရွှေမြို့(အရှေ့)- ရွှေမြို့(အနောက်) ဆက်သွယ်ထားသော သစ်သားတံတား ရေတိုက်စားပျက်စီး သွားမှုအခြေအနေကို သွားရောက်ကြည့်ရှု စစ်ဆေးသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် ပုဗ္ဗသီရိမြို့နယ် ရှိ ကျည်တောင်ကန်-ဇီးကုန်း-လေသာ ကျေးရွာချင်းဆက် လမ်းတစ်လျှောက် ကတ္တရာလမ်းနှင့် လမ်းပခုံးများ ချောင်းရေ တိုက်စား ပျက်စီးမှုအခြေအနေများနှင့် အဆိုပါကျေးရွာချင်းဆက် လမ်းပေါ်ရှိ အရှည်ပေ ၄၅၀၊ အကျယ် ၂၄ ပေရှိဆင်သေ ချောင်းကူးတံတားမှာ ဆင်သေချောင်း တစ်လျှောက် ရုတ်တရက်ရေကြီးရေလျှံမှု များကြောင့် တံတားကမ်းကပ်ခုံများ ပျက်စီး ခြင်း၊ ချဉ်းကပ်လမ်းရေတိုက်စား၍ လမ်း တာပေါင်ပျက်စီးခြင်းများဖြစ်ပေါ်ခဲ့သဖြင့် **လမ်းပန်းဆက်သွယ်မှု မပြတ်တောက်စေ ရေး ဘေလီတံတားထိုး၍ ပြင်ဆင်ဆောင် ရွက်ပြီးစီးမှုများကို** သွားရောက်ကြည့်ရှု စစ်ဆေးသည်။

**ပုဗ္ဗသီရိမြို့နယ် ကျည်တောင်ကန် - ဇီးကုန်း - လေသာကျေးရွာချင်းဆက် လမ်းပေါ်ရှိ ဆင်သေချောင်းကူးတံတား ကို ဘေလီတံတားထိုး ပြင်ဆင်ပြီးဖြစ်ပါ သဖြင့် အများပြည်သူများ ဖြတ်သန်းသွား လာနိုင်ပြီဖြစ်ကြောင်း** သိရသည်။ (၅၀၀)

# နေပြည်တော်ကောင်စီနယ်မြေ၊ တပ်ကုန်းမြို့နယ်၊ ချောင်းခြားကျေးရွာတွင် အစာအဆိပ်သင့်မှုဖြစ်ပွား၊ လူနာများအား ဆေးရုံများတွင် ကြပ်မတ်ကုသပေးလျက်ရှိ

**နေပြည်တော် စက်တင်ဘာ ၁၈**

နေပြည်တော်ကောင်စီနယ်မြေ တပ်ကုန်းမြို့၊ ကြက်သွန်ခင်းကျေးရွာအုပ်စု၊ ချောင်းခြားကျေးရွာတွင် စက်တင်ဘာလ ၁၇ ရက် ညနေပိုင်းတွင် ကျေးရွာသူ၊ ကျေးရွာသား၊ ကလေး/လူကြီးအချို့ အစာအဆိပ်သင့်လက္ခဏာများဖြစ်ပွားခဲ့ ကြောင်း သိရှိရပါသည်။ အဆိုပါ ကျေးရွာ ရှိရေဘေးသင့်ပြည်သူများသည် အလှူရှင် များမှ လာရောက်လှူဒါန်းသည့် ကြက်သား ဒံပေါက်၊ ကြက်သားအာလူးဟင်း၊ ဘဲဥ ခရမ်းချဉ်သီးချက်များကို စားသုံးခဲ့ကြပြီး အစာအဆိပ်သင့် လက္ခဏာများဖြစ်ပေါ် ခဲ့ရာ နေပြည်တော် ကျန်းမာရေးဦးစီးဌာန နှင့် တပ်ကုန်းမြို့နယ်၊ ကျန်းမာရေးဦးစီး ဌာနမှ အရေးပေါ်တုံ့ပြန်ရေးအဖွဲ့များက အဆိုပါကျေးရွာသို့ ရောက်ရှိနေပြီး ကုသခြင်း၊ ဆေးရုံသို့ လွှဲပြောင်းခြင်း၊ အသိ ပညာပေးခြင်းများ ဆောင်ရွက်လျက်ရှိ သည်။

အဆိုပါ လူနာများအနက် တပ်ကုန်း မြို့နယ်၊ ပြည်သူ့ဆေးရုံ(ခုတင်-၁၀၀)တွင် ပြင်ပလူနာအဖြစ် ၅၀ ဦးနှင့် အတွင်းလူနာ အဖြစ် ၅၆ ဦး၊ နေပြည်တော် ပြည်သူ့ဆေးရုံ ကြီး(ခုတင်-၃၀၀)တွင် အတွင်းလူနာအဖြစ် ၄ ဦးနှင့် နေပြည်တော် ကလေးရောဂါ အထူးကုဆေးရုံတွင် အတွင်းလူနာအဖြစ် ၅ ဦး တက်ရောက်ကုသမှုခံယူလျက်ရှိပြီး ရောဂါသက်သာကောင်းမွန်လျက်ရှိကြောင်း သိရသည်။ ယနေ့နေ့လယ်ပိုင်းတွင် တပ်ကုန်းမြို့နယ်ပြည်သူ့ဆေးရုံ(ခုတင်- ၁၀၀)တွင် ဆေးရုံတက်ရောက်ကုသလျက် ရှိသည့် လူနာများမှ ရောဂါသက်သာ ကောင်းမွန်လာသူလူနာများသည် ဆေးရုံ ဆင်းပြီး ၎င်းတို့နေအိမ်အသီးသီးသို့ ပြန်သွားကြပြီးဖြစ်သဖြင့် ဆေးရုံတက် ကုသဆဲ လူနာ ၉ ဦးသာကျန်ရှိကြောင်း သိရသည်။



နေပြည်တော်ကျန်းမာရေးဦးစီးဌာနနှင့် တပ်ကုန်းမြို့နယ် ကျန်းမာရေးဦးစီးဌာနမှ အရေးပေါ်တုံ့ပြန်ရေးအဖွဲ့များက တပ်ကုန်းမြို့နယ် ချောင်းခြားကျေးရွာတွင် အစာအဆိပ်သင့်မှုဖြစ်ပွားသည့်လူနာများအား ကြပ်မတ်ကုသပေးစဉ်။

အဆိုပါကျေးရွာတွင် ကျန်းမာရေးဦးစီး ဌာနမှ အရေးပေါ်တုံ့ပြန်ဆောင်ရွက်ရေး အဖွဲ့များက ရောဂါကာကွယ်ထိန်းချုပ်ရေး လုပ်ငန်းများကို ဆောင်ရွက်ပေးလျက်ရှိ ကြောင်း သိရှိရသည်။

သို့ပါ၍ သဘာဝဘေးဒဏ်ခံစားရသော ပြည်သူများအား အစားအသောက်များ လှူဒါန်းရာတွင် အလှူရှင်များအနေဖြင့် ပူပူနွေးနွေးပြင်ဆင်ထားသည့် သန့်ရှင်း သော အစားအသောက်များအား မြို့နယ် အလိုက် မြို့နယ်အုပ်ချုပ်ရေးမှူးရုံးရှိ ကြီးကြပ်ရေးအဖွဲ့၊ စီမံခန့်ခွဲမှုအဖွဲ့များ မှတစ်ဆင့် ပေးပို့လှူဒါန်းကြရန်နှင့် ယာယီ ကယ်ဆယ်ရေးစခန်းများတွင် တာဝန် ယူဆောင်ရွက်နေကြသော စီမံခန့်ခွဲမှု အဖွဲ့များအနေဖြင့် ယာယီစခန်းများတွင် လှူဒါန်းထားသော အစားအသောက် များကို ကျန်းမာရေးနှင့် ညီညွတ်စေရန် နှင့်သန့်ရှင်းမှုရှိစေရန် ကြီးကြပ်ဆောင်ရွက် ပေးနိုင်ရေး ကျန်းမာရေးဦးစီးဌာနမှ တိုက်တွန်းနှိုးဆော်ထားကြောင်း သတင်း ရရှိသည်။ (၁၀၀)

ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ်မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၁၉-၉-၂၀၂၄ ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး | ကျိုင်းတုံ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၃၀၅၀ | ၃၁၃၅ | ၃၁၁၀ | ၃၀၆၀ | ၃၁၃၅ | ၃၁၄၅ | ၃၁၆၀ | ၃၁၁၅ | ၃၂၄၀ | ၃၂၇၀ | ၃၁၂၀ | ၃၁၄၀ | ၃၁၇၀ | ၃၁၆၀ | ၃၁၇၀ | ၃၅၇၅ | ၄၉၀၀ |
| 95 Ron | ၃၁၉၅ | ၃၂၇၅ | ၃၂၅၅ | ၃၂၀၅ | ၃၂၈၀ | ၃၂၉၀ | ၃၃၀၅ | ၃၂၆၀ | ၃၃၈၅ | ၃၄၁၅ | ၃၂၆၅ | ၃၂၈၀ | ၃၃၁၅ | ၃၃၀၀ | ၃၃၁၅ | ၃၇၂၀ | ၅၁၀၀ |
| HSD (500 ppm) | ၂၆၁၀ | ၂၆၉၀ | ၂၆၆၅ | ၂၆၁၅ | ၂၆၉၀ | ၂၇၀၀ | ၂၇၁၅ | ၂၆၇၀ | ၂၇၈၅ | ၂၈၂၅ | ၂၆၈၀ | ၂၆၉၅ | ၂၇၂၅ | ၂၇၁၅ | ၂၇၂၅ | ၃၁၃၀ | ၄၉၀၀ |
| HSD (50 ppm) | ၃၂၇၅ | ၃၃၆၀ | ၃၃၃၅ | ၃၂၈၅ | ၃၃၆၀ | ၃၃၇၀ | ၃၃၈၅ | ၃၃၄၀ | ၃၄၆၅ | ၃၄၉၅ | ၃၃၄၅ | ၃၃၆၅ | ၃၃၉၅ | ၃၃၈၅ | ၃၃၉၅ | ၃၈၀၀ | ၄၉၀၀ |
| HSD (10 ppm) | ၃၂၇၅ | ၃၃၆၀ | ၃၃၃၅ | ၃၂၈၅ | ၃၃၆၀ | ၃၃၇၀ | ၃၃၈၅ | ၃၃၄၀ | ၃၄၆၅ | ၃၄၉၅ | ၃၃၄၅ | ၃၃၆၅ | ၃၃၉၅ | ၃၃၈၅ | ၃၃၉၅ | ၃၈၀၀ | ၄၉၀၀ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၂၈၉၄ | ၂၉၈၅ |
| 95 Ron | ၃၀၃၄ | ၃၁၂၈ |
| HSD (500 ppm) | ၂၄၆၃ | ၂၅၄၂ |
| HSD (50 ppm) | ၃၁၁၂ | ၃၂၀၄ |
| HSD (10 ppm) | ၃၁၁၂ | ၃၂၀၄ |

**မှတ်ချက်။** (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။


(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇-၄၁၁၃၇၃၊ ၀၉-၂၅၄၆၂၅၄၇၇

၀၆၇-၄၁၁၂၈၂၊ ၀၉-၇၇၅၂၉၃၆၃၂


**စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်း လုပ်ငန်းကြီးကြပ်ရေးကော်မတီ**

# အထူးမိုးလေဝသသတင်း ထုတ်ပြန်ချက်



**နေပြည်တော် စက်တင်ဘာ ၁၈**

မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနမှ စက်တင်ဘာလ ၁၈ ရက် ည(၈)နာရီချိန် ထုတ်ပြန်သည့် အထူးမိုးလေဝသ သတင်း အနေဖြင့် တောင်တရုတ်ပင်လယ်ပြင်တွင် ဖြစ်ပေါ်နေသော အပူပိုင်းမုန်တိုင်းငယ်သည် ပိုမိုအားကောင်းလာနိုင်ကာ စက်တင်ဘာလ ၂၀ ရက်နေ့ ညနေပိုင်းတွင် မြန်မာနိုင်ငံအရှေ့တောင်ပိုင်းဒေသများသို့ စတင်ဖြတ်ကျော်ရောက်ရှိနိုင်သည်။



အဆိုပါဖြတ်ကျော်လာနိုင်သည့် လေပွေလှိုင်း၏အရှိန်ကြောင့် စက်တင်ဘာလ ၂၁ ရက်နေ့မှ ၂၅ ရက်နေ့အတွင်း နေပြည်တော်၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာအနှံ့အပြားမိုးထစ်ချုန်းရွာပြီး အချို့ဒေသများတွင် ဒေသအလိုက်မိုးကြီးခြင်းများ၊ နေရာကွက်၍ မိုးကြီးခြင်းများ၊ လေပြင်းတိုက်ခတ်ခြင်းများဖြစ်ပေါ်နိုင်သည်။

အပူပိုင်းမုန်တိုင်းငယ်သည် ဗီယက်နမ်နိုင်ငံကုန်းတွင်းပိုင်းဒေသများသို့ ဖြတ်ကျော်ခြင်းမရှိသေးပါသဖြင့် ခန့်မှန်းချက်များအားလုံးသည် မုန်တိုင်းရွေ့လျားမည့်လမ်းကြောင်း အမျိုးမျိုးပြောင်းလဲနေသည့်အတွက် တွက်ချက်ရရှိသည့် ခန့်မှန်းချက်များကို အချိန်နှင့်တစ်ပြေးညီ ဆက်လက်ထုတ်ပြန်ပေးသွားမည်ဖြစ်သည်။

သို့ဖြစ်ပါ၍ မိုးသည်းထန်စွာရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ လျှပ်တစ်ပြက်ရေကြီးခြင်းနှင့် မြေပြိုခြင်း စသည့်သဘာဝဘေးအန္တရာယ်များဖြစ်ပေါ်နိုင်ပါသဖြင့် ကုန်းမြင့်ဒေသအနီးတွင် နေထိုင်ကြသူများအနေဖြင့် မြေပြိုမှုအန္တရာယ်နှင့် မြစ်ငယ်၊ ချောင်းငယ်များအနီးတွင် နေထိုင်ကြသူများအနေဖြင့် ရေကြီး၊ ရေလျှံမှုများကို ကြိုတင်သတိပြုရှောင်ရှားနိုင်ပါရန်နှင့် ပြည်တွင်းရေကြောင်းသွားလာရေးနှင့် လေကြောင်းပျံသန်းရေးအနေဖြင့်လည်း ကြိုတင်သတိပြုနိုင်ပါရန် သတိပေးနှိုးဆော်ထားပါသည်။

(၁၀၀)

# မြစ်ကိုအလျှားစုန်ကူးခဲ့သည်

**ကျွန်းစဉ်မြေစောခက်**

**ယမန်နေ့မှအဆက်**

ကမ်းခြေက မောင်နှမတွေကလည်း လက်ကလေးတယမ်းယမ်းနှင့်။ ပိုက်လှေတွေက မြစ်ရေပြင်ထဲမှာ လှုပ်တုပ်လှုပ်တုပ်။ ကျွန်တော်တို့လှေသည် ငပေသုန်ကျွန်းဝါးတောင်မော်ဖျားမှ နောင်တော်ကြီးကျွန်းနှင့် နောင်တော်လေး(နတ်စဖိုကျွန်း) ရေလက်ကြားကိုဖြတ်ပြီး ရွက်လွှင့်သွားလိုက်၏။ မြောက်ပြန်လေက ခပ်ကြမ်းကြမ်း ဖိရိုက်နေပေရာ တိုင်ကပ်ရွက်နှစ်ဖုံဖွင့်ထားသော ပိုက်လှေမှာ လှိုင်းလုံးလှိုင်းတန်းများကိုဖိနင်းပြီး တရှဲရှဲအသံပေးကာ ပြေးမြဲပြေးနေ၏။ ကျွန်တော့်မှာ ရွက်တိုင်လေးကို မြဲမြဲဖက်ရင်း ပဲ့ကိုင်ပေးနေသော အဖေကြီးကို ခဏခဏလှမ်းကြည့်၏။

"သားကြီး ဘာမှမကြောက်နဲ့နော်၊ တွေ့လား မြစ်ပြင်ကျယ်အနှံ့ ပိုက်လှေတွေချည်းပဲ"

နောင်တော်မြစ်ပင်လယ်ပြင်မှာတော့ လှိုင်းအိလေးများမှာ တစ်လုံးနောက် တစ်လုံးလိုက်ကာ ခပ်သော့သော့လေး ပြေးလွှားဆော့ကစားနေကြသည်။ အကျီစားသန်နေသော လှိုင်းလုံးလေးများကို တစ်ရာကျော်သော ပသျှူးပိုက်လှေများက ကျောပေါ်ခွထိုင်ပြီး လှိုင်းစီးနေကြသည်။

"သားကြီး လှိုင်းတွေကိုချည်း လိုက်ကြည့်မနေနဲ့လေ၊ ဟိုးဝေးဝေးမှာ ပျပျမြင်နေရတဲ့ ကျွန်းတွေ၊ တောင်တွေကို ကြည့်ထားနော်"

ကျွန်တော် အဖေကြီးကို တစ်ချက်ကြည့်ပြီး ခေါင်းညိတ်ပြလိုက်၏။ လှေမှာ ကျွန်းတန်းတွေနှင့် တော်တော်လှမ်းလှမ်းသို့ ရောက်လာခဲ့ပေပြီ။ မြစ်လယ်ကောင်တွင် ထီးတည်းရှိနေသော နောင်တော်ကြီးတောင်ကိုပင် မှိုင်းပျပျပဲမြင်နေရတော့သည်။ ပိုက်လှေတွေလည်း တော်တော်ကျဲသွားသည်။ ဘယ်တွေရောက်ကုန်ပါလိမ့်။ သူ့ခွင်နှင့်သူ ပိုက်ခွင်ရှာနေကြခြင်းပဲ ဖြစ်တန်ရာသည်။

"ကဲ ရေတက်မှာ တစ်ချီချမယ်ဟေ့ ရွက်ချလိုက်ကြတော့"

ပိုက်ခေါင်းဆောင်အဖေ လုပ်ငန်းအကောင်အထည်ဖော်ရန် သတိပေးလိုက်သည်။ ကျွန်တော်နှင့်ကိုစံထွေးတို့ ကိုယ့်ရွက်ကိုကိုယ် နပျံကြိုးလျှော့ပြီး ရွက်ကိုရွက်တိုင်တွင် ပတ်လိပ်ကာ နပျံကြိုးနှင့်ပဲစည်းချည်ပြီး ရွက်တိုင်ပေါက်မှနုတ်လိုက်ကြသည်၊ လေတိုးအားမဲ့သွားသောလှေမှာ ရှဲခနဲအသံမြည်ကာ အရှိန်ရပ်သွား၏။ လှေအသွားနှုန်းရပ်သွားမှ လှိုင်းကပိုကြီးလာသည်။ လှေမှာ ပိုပြီးလူးလိမ့်လာ၏။

"ကဲ သားကြီး လှေဦးပိုင်းကနေခတ်တက်ကို ဆွဲခတ်ပေးနော်"

ကျွန်တော်၏ တက်ခတ်အားကြောင့် လှေမှာ လှိုင်းတောထဲတွင် မရွေ့ချင်ရွေ့ချင် သွားနေ၏။ အဖေသည် ကျွန်တော့်ကို အားရပုံမပေါ်၊ မတ်တတ်ရပ်လျက်ပဲ မြီးတံရှည်တက်မကို ရေထဲသို့ နာနာနှိုက်ပြီး လှေပဲ့ဖျားကနေ အားရပါးရ ဖိလှော်ပေးလိုက်၏။

"ပစ်"

"ဖန်း"

အဖေ ပိုက်ချရန် အမိန့်ပေးလိုက်သည်ဆိုလျှင်ပဲ ပိုက်ချသမားကိုစံထွေးသည်ပိုက်လက်ဖျားဖော့ကြီးကို မြစ်ပြင်ထဲသို့ ဖန်းခနဲအသံမြည်အောင် ပစ်ချလိုက်တော့သည်။ ကျွန်တော်က ပိုက်ကို ဆွဲဆန့်နိုင်ရန်အတွက် လှေအသွားနှုန်းကောင်းအောင် ခတ်တက်ကို အားကုန်ညှစ်ကာ ရှေ့တိုးနောက်လန်ပြုပြီး ဆွဲခတ်ရသည်။ ပိုက်ချသမားကိုစံထွေးကလည်း ပိုက်သယ်ဖော့ကြီးတွေကို ပစ်ချလိုက်၊ ပိုက်တွေကို ပစ်ချလိုက်၊ ငါးခြောက်လှန့် ဖော့သေးသေးလေးတွေကို ပစ်ချလိုက်နှင့် တော်တော်အလုပ်ရှုပ်နေ၏။ ပိုက်သူကြီး အဖေကလည်း ပိုက်လမ်းကြောင်းကောင်းအောင် လှေနောက်ဘက်ကနေ လှေကိုဖြောင့်ပေးရ၊ လှော်ပေးရနှင့် လုံးဝမနားရပေ။ ပိုက်သမားသုံးယောက်မှာ ပိုက်တစ်ဖောင်လုံး ပင်လယ်ရေပြင်ထဲ ချပြီးရေးအတွက် ကိုယ့်တာဝန်နှင့်ကိုယ် ထမ်းဆောင်နေကြရာ အဝေးကကြည့်လျှင် ဇာတ်ကွက်တစ်ခုအတွက် သရုပ်ဖော်ကပြနေကြသလိုပဲ ဖြစ်ပေလိမ့်မည်။

**ဆက်လက်ဖော်ပြပါမည်။**

# ကူညီကယ်ဆယ် လှူကြမယ်

❖ မုန်တိုင်းလာ မိုးရွာသွန်းလို့
နစ်မွန်းတဲ့ ကျေးလက်ရွာ။
ကူညီကယ်ဆယ် အမြန်ပေး
မနှေးရောက်လာ။
ရေကြီးလို့ စီးဆင်းရာ
လျင်မြန်စွာ ရွှေ့ပြောင်းပေး။
ခိုလှုံရာ စခန်းရောက်
စောင့်ရှောက်တယ်လေး။

❖ မြန်မာပြည်သူ များလူထု
ကုသိုလ်မှု အပြိုင်အဆိုင်။
အဝတ်အထည် ရိက္ခာများ
စားသောက်ဖွယ်လှိုင်။
တစ်နိုင်တစ်ပိုင်
မြိုင်ဆိုင်စွာ ကူညီကြ။
အရေးဆို သွေးနီးလို့
သွေးစည်းထာဝရ။

❖ ရေဘေးကယ်ဆယ်ရေး
တွေးမြင်ကြည့် အမှန်မလွယ်။
ရေစီးသန် ရေပြင်ကြော
မျောတတ်ပါတယ်။
သက်စွန့်လို့ ကယ်ဆယ်
ရှုကြည့်ဖွယ်မြင်ကွင်းများ။
ဆုတောင်းတယ် ဘေးရန်ကင်းဖို့
ရင်တွင်းစိတ်ထား။

❖ တပ်မတော် မြန်မာနိုင်ငံရဲ့
ထူးကဲတဲ့ စေတနာ။
ကြက်ခြေနီ မီးသတ်တို့
ထက်ကြပ်မကွာ။
ပရဟိတအဖွဲ့များ ပါဝင်တာ
ကြည်နူးစွာ ကယ်တင်ပေး။
များပြည်သူ အသက်ရှင်ရအောင်
အားမာန်ကူ စောင့်ရှောက်ပေးလို့
ဝမ်းမြောက်တယ်လေး။ ။

**အာကာမောင်မောင်**

ဝ ကျောဖုံးမှအဆက်

လာရောက်ခြင်းဖြစ်ကြောင်း၊ မိုးရွာသွန်းမှုများဖြစ်ပေါ်မည်ဟု ကြိုတင်သတိပေးချက်များရှိခဲ့သော်လည်း ယခုအတိုင်းအတာအထိ မိုးသည်းထန်စွာရွာသွန်းမည်ဟု မှန်းဆမှုမရှိခဲ့ကြကြောင်း၊ မိုးသည်းထန်စွာ အဆက်မပြတ်ရွာသွန်းခဲ့မှုကြောင့် တောင်ကုန်းတောင်တန်းများပေါ်မှ တောင်ကျချောင်းရေများ အရှိန်အဟုန်ဖြင့် စီးဆင်းခဲ့ပြီး ရေစီးဆင်းရာလမ်းကြောင်းများတစ်လျှောက် ထိခိုက်ပျက်စီးမှုများဖြစ်ပေါ်ခဲ့သည်ကို တွေ့ရှိရကြောင်း၊ သတ္တုတူးဖော်ရေးလုပ်ငန်းများကြောင့် တောင်ပြို၊ မြေပြိုမှုများဖြစ်ပေါ်ခဲ့သကဲ့သို့ တရားဝင်ခွင့်ပြုပေးထားသည့် သစ်ကွင်းများမှသယ်ယူနိုင်ခြင်းမရှိသေးသည့် သစ်လုံးကြီးများ၊ သစ်လုံးကြီးများထုတ်ယူရာတွင် ဖြတ်တောက်ထားသည့် ဖြတ်စများသည်လည်း တောင်ကျရေစီးကြောင်းများနှင့်အတူ မျောပါတိုက်စားခဲ့သောကြောင့် ထိခိုက်ပျက်စီးမှုများ ပိုမိုများပြားခဲ့ရခြင်းဖြစ်ကြောင်း၊ စာမျက်နှာ ၆ သို့ ဝ





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ရုတ်တရက်ရေကြီးရေလျှံမှုဖြစ်ပေါ်ခဲ့စဉ် ထိခိုက်ဒဏ်ရာရရှိခဲ့ပြီး နယ်မြေခံတပ်ဌာနချုပ်ဆေးခန်း၌ ဆေးကုသမှုခံယူလျက်ရှိသည့် စစ်သည်များအား ရင်းရင်းနှီးနှီးအားပေးစကားပြောကြားပြီး စားသောက်ဖွယ်ရာပစ္စည်းများပေးအပ်စဉ်။





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ရေကြီးရေလျှံမှုများကြောင့် ထိခိုက်ပျက်စီးခဲ့ပြီး ရေများပြန်လည်ကျဆင်းသွားသည့်အချိန်တွင် နုန်းတင်ကျန်ခဲ့သည့် အထက်တန်းကျောင်း၌ နုန်းများဖယ်ရှားရှင်းလင်းခြင်းနှင့် သန့်ရှင်းရေးလုပ်ငန်းဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးစဉ်။






ရေကြီးရေလျှံမှုများကြောင့် ထိခိုက်ပျက်စီးခဲ့ပြီး ရေများပြန်လည်ကျဆင်းသွားသည့်အချိန်တွင် နုန်းတင်ကျန်ခဲ့သည့် အထက်တန်းကျောင်း၌ နုန်းများတင်ကျန်နေမှုအား ဖယ်ရှားရှင်းလင်းခြင်းနှင့် သန့်ရှင်းရေးလုပ်ငန်းများဆောင်ရွက်နေမှုကိုတွေ့ရစဉ်။




ရေကြီးရေလျှံမှုများကြောင့် ထိခိုက်ပျက်စီးခဲ့သည့် အထက်တန်းကျောင်းကိုတွေ့ရစဉ်။

○ စာမျက်နှာ ၅ မှအဆက်

ထိခိုက်ပျက်စီး ဆုံးရှုံးမှုများအတွက် လိုအပ်သည့် ထောက်ပံ့မှုများကိုလည်း ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း။

တာဝန်ရှိသူများအနေဖြင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးရာတွင် ရေကြီးရေလျှံမှုကြောင့် ပျက်စီးမှုများနှင့် ပိတ်ဆို့မှုများဖြစ်ပေါ်ခဲ့သည့် လမ်းကြောင်းများရှင်းလင်းခြင်းကို ဦးစွာဆောင်ရွက်ပေးသွားရန်လိုကြောင်း၊ သွားလာရေးကိစ္စပြီးပါက ဒုတိယဦးစားပေးအနေဖြင့် ရေ၊ မီးများရရှိရေးကို ဆောင်ရွက်ပေးသွားရန်လိုပြီး ထိုမှတစ်ဆင့် အခြားပြန်လည်ထူထောင်ရေးလုပ်ငန်းများကို ဆက်လက်ဆောင်ရွက်ပေးသွားရမည်ဖြစ်ကြောင်း၊ မိသားစုဝင်များ၏ နေရေး၊ စားရေးအဆင်ပြေစေရေးအတွက်လည်း စီမံပေးရမည်ဖြစ်ပြီး အခြေခံစားကုန်များကို ဈေးနှုန်းသက်သာစွာဖြင့် ဝယ်ယူစားသောက်နိုင်ရေး ဆောင်ရွက်ပေးသွားရန်လိုကြောင်း၊ ယခုဖြစ်စဉ်ကို သင်ခန်းစာယူ၍ ရုတ်တရက် ရေကြီးရေလျှံမှုများဖြစ်ပေါ်လာချိန်တွင် ရေလမ်းကြောင်းနှင့် မလွတ်ကင်းနိုင်သည့် အဆောက်အဦများကို စနစ်တကျ သုတေသနပြုလုပ်၍ ရွှေ့ပြောင်းဆောက်လုပ်ခြင်းများ ဆောင်ရွက်ပေးသွားရန်လိုကြောင်းနှင့် အခြားလိုအပ်သည်များကို မှာကြားသည်။

**■ တာဝန်ရှိသူများအနေဖြင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးရာတွင် ရေကြီးရေလျှံမှုကြောင့် ပျက်စီးမှုများနှင့် ပိတ်ဆို့မှုများဖြစ်ပေါ်ခဲ့သည့် လမ်းကြောင်းများရှင်းလင်းခြင်းကို ဦးစွာဆောင်ရွက်ပေးသွားရန်လို၊ သွားလာရေးကိစ္စပြီးပါက ဒုတိယဦးစားပေးအနေဖြင့် ရေ၊ မီးများရရှိရေးကို ဆောင်ရွက်ပေးသွားရန်လိုပြီး ထိုမှတစ်ဆင့် အခြားပြန်လည်ထူထောင်ရေးလုပ်ငန်းများကို ဆက်လက်ဆောင်ရွက်ပေးသွားရမည်ဖြစ် . . .**

**■ ယခုဖြစ်စဉ်ကို သင်ခန်းစာယူ၍ ရုတ်တရက် ရေကြီးရေလျှံမှုများဖြစ်ပေါ်လာချိန်တွင် ရေလမ်းကြောင်းနှင့် မလွတ်ကင်းနိုင်သည့် အဆောက်အဦများကို စနစ်တကျသုတေသနပြုလုပ်၍ ရွှေ့ပြောင်းဆောက်လုပ်ခြင်းများ ဆောင်ရွက်ပေးသွားရန်လို . . .**

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်သည် တက်ရောက်လာကြသည့် စစ်သည်၊ မိသားစုများ၏ ရေကြီးရေလျှံမှုကြုံတွေ့ခဲ့ရမှုများ၊ အခက်အခဲများကို မေးမြန်းကာ လိုအပ်သည်များ ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးသည်။ ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က မိသားစုဝင်များအတွက် စားသောက်ဖွယ်ရာပစ္စည်းများနှင့် အဝတ်အထည်များကို ထောက်ပံ့ပေးအပ်ရာ စစ်သည်၊ မိသားစုများက လက်ခံရယူကြသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်သည် မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ရုတ်တရက် ရေကြီးရေလျှံမှုဖြစ်ပေါ်ခဲ့စဉ် ထိခိုက်ဒဏ်ရာရရှိခဲ့ပြီး နယ်မြေခံတပ်ဌာနချုပ်ဆေးခန်း၌ ဆေးကုသမှုခံယူလျက်ရှိသည့် စစ်သည်များအား သွားရောက်ကြည့်ရှု၍ ရင်းရင်းနှီးနှီးအားပေးစကားပြောကြားကာ စားသောက်ဖွယ်ရာပစ္စည်းများပေးအပ်သည်။

ထို့နောက် တောင်ကျချောင်းရေများ အလုံးအရင်းဖြင့် စီးဆင်းခဲ့မှုကြောင့် ကျိုးကျပျက်စီးခဲ့သည့် မုန်ချောင်းကူးကွန်ကရစ်တံတားပျက်စီးမှုများအား သွားရောက်ကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူများက ရေစီးကြောင်းနှင့်အတူ သစ်ပင်သစ်လုံးကြီးများ၊ ကျောက်တုံးများမျောပါခဲ့ပြီး အရှိန်အဟုန်ဖြင့် ရိုက်ခတ်ခဲ့မှုကြောင့် တံတားပျက်စီးခဲ့မှုများကို တင်ပြကြသည်။ တင်ပြချက်များအပေါ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က လိုအပ်သည်များမှာကြားကာ ကူညီကယ်ဆယ်ရေးလုပ်ငန်းဆောင်ရွက်နေမှုများကို ကြည့်ရှုသည်။

ဆက်လက်ပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် နယ်မြေခံတပ်ဌာနချုပ်၊ အိမ်ထောင်သည်လိုင်းခန်းများအတွင်း တောင်ကျချောင်းရေဝင်ရောက်ခဲ့မှုကြောင့် ပျက်စီးခဲ့မှုအခြေအနေများကို လိုက်လံကြည့်ရှုစစ်ဆေးခဲ့ပြီး မိသားစုဝင်များအား ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်အားပေးစကားပြောကြားသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် ရေကြီးရေလျှံမှုများကြောင့် ထိခိုက်ပျက်စီးခဲ့ပြီး ရေများ ပြန်လည်ကျဆင်းသွားသည့်အချိန်တွင် နုန်းတင်ကျန်ခဲ့သည့် အထက်တန်းကျောင်း၌ နုန်းများဖယ်ရှားရှင်းလင်းခြင်းနှင့် သန့်ရှင်းရေးလုပ်ငန်းဆောင်ရွက်နေမှုများကို သွားရောက်ကြည့်ရှုစစ်ဆေးရာ ကျောင်းတာဝန်ခံ ဆရာ၊ ဆရာမများက ရေကြီးရေလျှံမှုဖြစ်ပေါ်ခဲ့မှုအခြေအနေများနှင့် သန့်ရှင်းရေးလုပ်ငန်းဆောင်ရွက်နေမှုတို့ကို ရှင်းလင်းတင်ပြကြသည်။ ရှင်းလင်းတင်ပြမှုများအပေါ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ကျောင်းပြန်လည်ဖွင့်လှစ်သင်ကြားပေးနိုင်ရေးအတွက် လိုအပ်သည်များကို အမြန်ဆုံးဆောင်ရွက်ပေးသွားရန် တာဝန်ရှိသူများကို မှာကြားသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် တပ်နယ်အတွင်း ရေကြီးရေလျှံမှုကြောင့် လမ်း၊ တံတားနှင့် အဆောက်အဦများ ထိခိုက်ပျက်စီးခဲ့မှုအခြေအနေများကို လိုက်လံကြည့်ရှုစစ်ဆေးကာ တာဝန်ရှိသူများကို လိုအပ်သည်များ လမ်းညွှန်မှာကြားခဲ့ကြောင်း သတင်းရရှိသည်။ (၁၀၀)

## တောင်ငူမြို့ရှိ ရေဘေးသင့် ကွန်ပျူတာတက္ကသိုလ်(တောင်ငူ)နှင့် အစိုးရနည်းပညာအထက်တန်းကျောင်း (တောင်ငူ)သို့ ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိန်းကျော် သွားရောက်ကြည့်ရှုစစ်ဆေး

နေပြည်တော် စက်တင်ဘာ ၁၈

သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိန်းကျော်သည် ယနေ့နံနက်ပိုင်းတွင် တောင်ငူမြို့ရှိ နည်းပညာတက္ကသိုလ်(တောင်ငူ)၊ ကွန်ပျူတာတက္ကသိုလ်(တောင်ငူ)၊ အစိုးရနည်းပညာအထက်တန်းကျောင်း(တောင်ငူ)နှင့် အစိုးရစက်မှုလက်မှုသိပ္ပံ (တောင်ငူ)တို့သို့ သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများသည် နည်းပညာတက္ကသိုလ် (တောင်ငူ) သို့ ရောက်ရှိပြီး ဒုတိယပါမောက္ခချုပ်၊ ဌာနမှူးများ၊ ဆရာ၊ ဆရာမများ၊ ဝန်ထမ်းများနှင့်တွေ့ဆုံကာ တက္ကသိုလ်ဝင်းအတွင်း သန့်ရှင်းသာယာရေးနှင့် ဥပဓိရုပ်ကောင်းမွန်ရေးဆောင်ရွက်ထားရှိမှုများ၊ ဝန်ထမ်းအိမ်ရာများကို လှည့်လည်ကြည့်ရှုပြီး လိုအပ်သည်များမှာကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများသည် ရေဘေးဒဏ်ကို ရင်ဆိုင်ကြုံတွေ့ခဲ့ရသော ကွန်ပျူတာတက္ကသိုလ်(တောင်ငူ)နှင့် အစိုးရနည်းပညာအထက်တန်းကျောင်း(တောင်ငူ)သို့ရောက်ရှိ၍ ပါမောက္ခချုပ်၊ ကျောင်းအုပ်ကြီး၊ ဌာနမှူးများ၊ ဆရာ၊ ဆရာမများ၊ ဝန်ထမ်းများ၊ ကျောင်းသား၊ ကျောင်းသူများနှင့်တွေ့ဆုံ၍ အားပေးစကားပြောကြားပြီး အသင့်စား အစားအသောက်များ၊ ဆေးဝါးများနှင့် သောက်ရေသန့်ဘူးများပေးအပ်သည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများသည် အစိုးရစက်မှုလက်မှုသိပ္ပံ (တောင်ငူ) သို့ရောက်ရှိပြီး ကျောင်းအုပ်ကြီး၊ ဌာနမှူးများ၊ ဆရာ၊ ဆရာမများ၊ ဝန်ထမ်းများနှင့်တွေ့ဆုံ၍ ကျောင်းသား၊ကျောင်းသူများ၏သုတေသနပရောဂျက်များကို ကြည့်ရှုအားပေးကာ အလုပ်ရုံများ၊ အားကစားကွင်းနှင့် ကျောင်းပတ်ဝန်းကျင်သန့်ရှင်းသာယာရေးလုပ်ငန်းဆောင်ရွက်ထားရှိမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များ မှာကြားကြောင်း သိရသည်။ (၅၀၀)

# (၅၆) ကြိမ်မြောက် အာဆီယံစီးပွားရေးဝန်ကြီးများအစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများသို့ ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော် ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့တက်ရောက်

ဗီယင်ကျန်း စက်တင်ဘာ ၁၈

ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော် ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် လာအိုနိုင်ငံ ဗီယင်ကျန်းမြို့၌ ကျင်းပသည့် (၅၆) ကြိမ်မြောက် အာဆီယံစီးပွားရေးဝန်ကြီးများအစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများသို့ တက်ရောက်သည်။

ပြည်ထောင်စုဝန်ကြီးသည် စက်တင်ဘာလ ၁၆ ရက်နံနက်ပိုင်းတွင် (၃၈) ကြိမ်မြောက် အာဆီယံလွတ်လပ်သော ကုန်သွယ်မှုဒေသကောင်စီအစည်းအဝေးသို့ တက်ရောက်ခဲ့သည်။

မွန်းလွဲပိုင်းတွင် (၂၇) ကြိမ်မြောက် အာဆီယံရင်းနှီးမြှုပ်နှံမှု ဒေသကောင်စီအစည်းအဝေးသို့ အာဆီယံနိုင်ငံများမှ စီးပွားရေးဝန်ကြီးများနှင့်အတူ တက်ရောက်ခဲ့ပြီး အစည်းအဝေးတွင် ဝန်ကြီးများက အာဆီယံရင်းနှီးမြှုပ်နှံမှုဒေသအကောင်အထည်ဖော်မှုအရ ဆောင်ရွက်လျက်ရှိသည့် အာဆီယံစဉ်ဆက်မပြတ် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာလမ်းညွှန်ချက်များရေးဆွဲခြင်း၊ ဒေသတွင်း ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ရေး အစီအစဉ်များဆောင်ရွက်ခြင်းနှင့်စပ်လျဉ်း၍ ပူးပေါင်းဆောင်ရွက်မှုလုပ်ငန်းစဉ်များ အပေါ် အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့သည်။

ထို့ပြင် ကောင်စီအစည်းအဝေးနှင့် တစ်ဆက်တည်းပြုလုပ်သည့် အာဆီယံဘက်စုံရင်းနှီးမြှုပ်နှံမှုသဘောတူစာချုပ်ကို ပြင်ဆင်သည့် ပဉ္စမအခြေပြစာချုပ်လက်မှတ်ရေးထိုးပွဲတွင် မြန်မာနိုင်ငံကိုယ်စား ပါဝင်လက်မှတ်ရေးထိုးခဲ့သည်။

အဆိုပါ အခြေပြစာချုပ်သည် အာဆီယံဘက်စုံရင်းနှီးမြှုပ်နှံမှုသဘောတူစာချုပ်ကို ပြင်ဆင်သည့် ပထမအခြေပြစာချုပ်နှင့် လက်ရှိ ပဉ္စမအခြေပြစာချုပ်မူကြမ်းအထိ ပြင်ဆင်ချက်များအားလုံးအပါအဝင် ခေါင်းစီးမှတ်စု၊ ပူးတွဲများနှင့်အတူ စုစည်းပြင်ဆင်ထားခြင်းဖြစ်သည်။

ညနေပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် စီးပွားရေးဝန်ကြီးများနှင့် အာဆီယံစီးပွားရေးအကြံပေးကောင်စီတို့၏ဆွေးနွေးပွဲသို့ ပါဝင်တက်ရောက်ခဲ့ပြီး ဆွေးနွေးပွဲတွင် အာဆီယံစီးပွားရေးအကြံပေးကောင်စီက ၂၀၂၄ ခုနှစ်အတွင်း ပုဂ္ဂလိကကဏ္ဍက အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းစဉ်များကို တင်ပြခဲ့ရာ ဝန်ကြီးများက အနာဂတ်စီးပွားရေးပူပေါင်းဆောင်ရွက်မှုများတွင် ပုဂ္ဂလိကအခန်းကဏ္ဍက ပိုမိုပူးပေါင်းဆောင်ရွက်ရေးကိစ္စရပ်များကို လမ်းညွှန်ခဲ့ပြီး အစိုးရ-ပုဂ္ဂလိကချိတ်ဆက်ဆောင်ရွက်မှုယန္တရားဆိုင်ရာ အကြံပြုချက်စာတမ်းကို အတည်ပြုခဲ့သည်။

ပြည်ထောင်စုဝန်ကြီးသည် စက်တင်ဘာလ ၁၇ ရက်တွင် (၅၆) ကြိမ်မြောက် အာဆီယံ စီးပွားရေးဝန်ကြီးများအစည်းအဝေးသို့ အာဆီယံစီးပွားရေးဝန်ကြီးများနှင့်အတူ တက်ရောက်ခဲ့သည်။

မွန်းလွဲပိုင်းတွင် အစည်းအဝေးကို ဆက်လက်ကျင်းပခဲ့ရာ အာဆီယံဒစ်ဂျစ်တယ်စီးပွားရေး မူဘောင်သဘောတူစာချုပ်ရေးဆွဲညှိနှိုင်းမှု၏ အကောင်အထည်ဖော်မှု အခြေအနေကိုမှတ်တမ်းတင်ခဲ့ပြီး ယင်းစေ့စပ်ညှိနှိုင်းမှုများ ၂၀၂၅ ခုနှစ်တွင် အချိန်မီ အပြီးသတ်နိုင်ရေး လိုအပ်သည်များကို လမ်းညွှန်ခဲ့သည်။




ပြည်ထောင်စုဝန်ကြီးသည် စက်တင်ဘာလ ၁၈ ရက်နံနက်ပိုင်းတွင်အာဆီယံစီးပွားရေးဝန်ကြီးများနှင့် ကမ္ဘာ့ဉာဏပစ္စည်းမူပိုင်ခွင့်အဖွဲ့ ညွှန်ကြားရေးမှူးချုပ်တို့၏ မျက်နှာစုံညီအစည်းအဝေးသို့တက်ရောက်ခဲ့ပြီး အစည်းအဝေးတွင် အာဆီယံနှင့် ကမ္ဘာ့ဉာဏပစ္စည်းမူပိုင်ခွင့်အဖွဲ့တို့အကြား ဆောင်ရွက်နေသည့် ဒစ်ဂျစ်တယ်ဆန်းသစ်တီထွင်မှုနှင့် ဒစ်ဂျစ်တယ်အသွင်ကူးပြောင်းရေး၊ အာဆီယံဒေသတွင်း ၂၀၄၅ တွင်ပြည်သူဗဟိုပြုတီထွင်ဆန်းသစ်မှုများဖြင့် ဖွံ့ဖြိုးတိုးတက်မှုအသွင်ပြောင်းလဲရေးနှင့် အာဆီယံနှင့် ကမ္ဘာ့ဉာဏပစ္စည်းမူပိုင်ခွင့်အဖွဲ့တို့အကြား လက်မှတ်ရေးထိုးထားသည့် နားလည်မှုစာချွန်လွှာအရ ပူးပေါင်းဆောင်ရွက်မှုလုပ်ငန်းများ အရှိန်မြှင့်တင်ရေးကိစ္စရပ်များအပေါ် အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြသည်။

မွန်းလွဲပိုင်းတွင် (၁၆) ကြိမ်မြောက် ကမ္ဘောဒီးယား၊ လာအို၊ မြန်မာနှင့်ဗီယက်နမ် (စီအယ်လ်အမ်ဗွီ) စီးပွားရေးဝန်ကြီးများအစည်းအဝေးသို့တက်ရောက်ခဲ့ပြီး အစည်းအဝေးတွင် ဝန်ကြီးများက စီအယ်လ်အမ်ဗွီလုပ်ငန်းအစီအစဉ် ၂၀၂၃-၂၀၂၄ ပါ လုပ်ငန်းများအကောင်အထည်ဖော်မှုကို မှတ်တမ်းတင်ခဲ့ပြီး စီအယ်လ်အမ်ဗွီလုပ်ငန်းအစီအစဉ် ၂၀၂၅-၂၀၂၆ ကို ပုံသေမထားဘဲ လိုအပ်သလို ပြင်ဆင်မွမ်းမံသွားမည့်အစီအစဉ်တစ်ခုအဖြစ်အတည်ပြု၍ လုပ်ငန်းများ ထပ်မံဖြည့်စွက်ရန်အတွက် အဆင့်မြင့်စီးပွားရေးအရာရှိများအား တာဝန်ပေးအပ်ခဲ့သည်။

ထို့ပြင် ဝန်ကြီးများက စီအယ်လ်အမ်ဗွီနိုင်ငံများအား ၂၀၃၀ ပြည့်နှစ်တွင် ရေရှည်တည်တံ့သော အလယ်အလတ်အထက်အဆင့်ဝင်ငွေရှိသည့် နိုင်ငံများအဖြစ် ရပ်တည်နိုင်ရန် အထောက်အပံ့ပေးမည့် စီအယ်လ်အမ်ဗွီဖွံ့ဖြိုးတိုးတက်မှုမူဘောင် ၂၀၂၀-၂၀၃၀ အကောင်အထည်ဖော်မှု၏ လုပ်ငန်းအစီအစဉ်ရေးဆွဲရေးအတွက် ကမ္ဘောဒီးယားနိုင်ငံက အဆိုပြုထားသည့် အလုပ်ရုံဆွေးနွေးပွဲကျင်းပရန်နှင့် မူဘောင်ကိုအကောင်အထည်ဖော်ရန် ရှေ့ဆက်လက်ဆောင်ရွက်မည့်လုပ်ငန်းများအပေါ် ဆွေးနွေးညှိနှိုင်းခဲ့သည်။

အဆိုပါအစည်းအဝေးများတွင် လာအိုနိုင်ငံ စက်မှုနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီး H.E. Malaithong Kommasith သဘာပတိအဖြစ်ဆောင်ရွက်ခဲ့ပြီး အာဆီယံအဖွဲ့ဝင်နိုင်ငံများမှ စီးပွားရေးဝန်ကြီးများ၊ အာဆီယံလွတ်လပ်သော ကုန်သွယ်မှုဒေသကောင်စီဝန်ကြီးများ၊ အာဆီယံရင်းနှီးမြှုပ်နှံမှုဒေသ ကောင်စီဝန်ကြီးများ၊ စီအယ်လ်အမ်ဗွီ စီးပွားရေးဝန်ကြီးများ၊ အာဆီယံအဆင့်မြင့် စီးပွားရေးအရာရှိများ၊ အာဆီယံစီးပွားရေးအကြံပေးကောင်စီအဖွဲ့ဝင်များနှင့် အာဆီယံအတွင်းရေးမှူးချုပ်တို့ တက်ရောက်ခဲ့ကြသည်။

ပြည်ထောင်စုဝန်ကြီးသည် အာဆီယံစီးပွားရေးဝန်ကြီးများနှင့်အတူ အီးယူကုန်သွယ်ရေးကော်မရှင်၊ ရုရှား၊ ဆွစ်ဇာလန်၊ ဗြိတိန်၊ ဟောင်ကောင် (တရုတ်)၊ အမေရိကန်၊ အိန္ဒိယ၊ ကနေဒါ၊ သြစတြေးလျ၊ နယူးဇီလန်၊ အရှေ့အာရှ၊ ဂျပန်၊ တရုတ်၊ ကိုရီးယား၊ အပေါင်းသုံး စီးပွားရေးဝန်ကြီးများအစည်းအဝေးများနှင့် ဒေသတွင်းဘက်စုံစီးပွားရေး ပူးပေါင်းဆောင်ရွက်မှုဝန်ကြီးများအစည်းအဝေးသို့ ဆက်လက်တက်ရောက်မည်ဖြစ်ကြောင်း သတင်းရရှိသည်။

(၅၀၀)

# မန္တလေးတိုင်းဒေသကြီး အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနမှ ယခုဘဏ္ဍာနှစ်အတွင်း စားသောက်ကုန်နှင့် လူသုံးကုန်ပစ္စည်း စုစုပေါင်း ၅၃၈ ခုကို ဓာတ်ခွဲစမ်းသပ်ပေးပြီးဖြစ်

မန္တလေး စက်တင်ဘာ ၁၈

မန္တလေးတိုင်းဒေသကြီး အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနမှ ယခုဘဏ္ဍာနှစ်အတွင်း စားသောက်ကုန်နှင့် လူသုံးကုန်ပစ္စည်း စုစုပေါင်း ၆၂၅ ခုကို ဓာတ်ခွဲစမ်းသပ်ရန် လျာထားဆောင်ရွက်လျက်ရှိရာ စက်တင်ဘာလပထမပတ်အထိ ၅၃၈ ခုကို ဓာတ်ခွဲစမ်းသပ်ပေးပြီးဖြစ်ကြောင်း မန္တလေးတိုင်းဒေသကြီး အသေးစား စက်မှုလက်မှုလုပ်ငန်းဦးစီးဌာနမှ သိရသည်။

မန္တလေးတိုင်းဒေသကြီး အတွင်း အသေးစား စက်မှုလက်မှုလုပ်ငန်းများ ပိုမိုဖွံ့ဖြိုးတိုးတက်လာစေရန်၊ ၎င်းတို့၏ ထုတ်ကုန်များ အရည်အသွေးမြင့်မားလာစေရန်နှင့် စားသုံးသူပြည်သူများ ဘေးအန္တရာယ်ကင်းရှင်းစေရန် စသည့် ရည်ရွယ်ချက်များဖြင့် ယခုကဲ့သို့ အသေးစား စက်မှုလက်မှုလုပ်ငန်းဦးစီးဌာနမှ ဓာတ်ခွဲစမ်းသပ်စစ်ဆေးပေးမှုများ ဆောင်ရွက်နေခြင်းဖြစ်သည်။

"မန္တလေးတိုင်းဒေသကြီး အသေးစား စက်မှုလက်မှုလုပ်ငန်း ဦးစီးဌာနမှာ မှတ်ပုံတင် လာရောက်လျှောက်ထားတဲ့ စားသောက်ကုန်တွေ၊ လူသုံးကုန်တွေနဲ့ ပတ်သက်ပြီးတော့ ဓာတ်ခွဲစမ်းသပ်စစ်ဆေးပေးတာတွေကို ဦးစားပေးဆောင်ရွက်နေပါတယ်။ အဓိကအားဖြင့် မန္တလေးတိုင်းဒေသကြီးအတွင်းမှာ စိုက်ပျိုးထုတ်လုပ်တဲ့သီးနှံတွေကို အခြေခံပြီး ထုတ်လုပ်ထားတဲ့ စားသောက်ကုန်တွေနဲ့ မုန့်မျိုးစုံကို ဓာတ်ခွဲစမ်းသပ်ပေးနေတာဖြစ်ပါတယ်။ အဲဒီလိုဆောင်ရွက်ပြီးတော့ စားသုံးသူတွေအတွက် ဘေးအန္တရာယ်ကင်းရှင်းပြီး လုံခြုံစိတ်ချမှုရှိမှသာ မှတ်ပုံတင်ပေးတာဖြစ်ပါတယ်" ဟု မန္တလေးတိုင်းဒေသကြီး အသေးစား စက်မှုလက်မှုလုပ်ငန်းဦးစီးဌာန ဦးစီးမှူး ဦးဝင်းဗိုလ်ကပြောသည်။

ထို့သို့ ဓာတ်ခွဲစမ်းသပ်စစ်ဆေးမှုများ ဆောင်ရွက်ရာတွင် ဝယ်ယူသုံးစွဲသူ ပြည်သူများ ဘေးအန္တရာယ်ကင်းရှင်းစေရန် စားသောက်ကုန်နှင့် လူသုံးကုန်များတွင် တားမြစ်ထားသော တာရှည်ခံဆေးများ၊ အစိုဓာတ်များ၊ အဏုဇီဝပိုးများနှင့် ဘေးဥပဒ်ဖြစ်စေနိုင်သော ဓာတုပစ္စည်းများ ပါဝင်နေမှုရှိ၊ မရှိတို့ကို ဓာတ်ခွဲစမ်းသပ်စစ်ဆေးပေးလျက်ရှိသည်။

အသေးစား စက်မှုလက်မှုလုပ်ငန်းဦးစီးဌာနအနေဖြင့် ယခုကဲ့သို့ ဓာတ်ခွဲစမ်းသပ်စစ်ဆေးမှုများကို တစ်နှစ်ထက်တစ်နှစ် ပိုမိုလုပ်ဆောင်လာနိုင်ရန် ခေတ်မီစက်ကိရိယာများ ဝယ်ယူဖြည့်တင်းခြင်း၊ ဝန်ထမ်းများအား စွမ်းဆောင်ရည်မြှင့်တင်ရေးသင်တန်းများ ဖွင့်လှစ်သင်ကြားပို့ချခြင်းတို့ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **ဆောင်းဦး**



# မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်းအား နိုင်ငံတကာကုမ္ပဏီများနည်းတူ အဆင့်မီတိုးတက်ရေးအတွက် သုံးသပ်အကြံပြု ညှိနှိုင်းဆွေးနွေးခြင်း အခမ်းအနားကျင်းပ

**နေပြည်တော် စက်တင်ဘာ ၁၈**

နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အရေးပါသည့် စွမ်းအင်ကဏ္ဍဖွံ့ဖြိုးတိုးတက်ခိုင်မာစေရန် ရည်ရွယ်၍ မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်းအား နိုင်ငံတကာကုမ္ပဏီများနည်းတူ အဆင့်မီတိုးတက်ရေးအတွက် သုံးသပ်အကြံပြု ညှိနှိုင်းဆွေးနွေးခြင်း (Brainstorming Session)အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် စွမ်းအင်ဝန်ကြီးဌာန ရုံးအမှတ်(၆)ရှိ ရတနာခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလွင်၊ ဒုတိယဝန်ကြီး ဦးသန့်စင်၊ စွမ်းအင်ဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနနှင့် လုပ်ငန်းများမှ ညွှန်ကြားရေးမှူးချုပ်များ၊ ဦးဆောင်ညွှန်ကြားရေးမှူးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးက ရေနံနှင့်သဘာဝဓာတ်ငွေ့ရှာဖွေတူးဖော်ထုတ်လုပ်ခြင်း (Upstream)၊ သယ်ယူပို့ဆောင်ခြင်း (Midstream) နှင့် ချက်လုပ်ခြင်း (Down-steram) ကဏ္ဍသုံးမျိုးလုံးတွင် ခေတ်မီဖွံ့ဖြိုးလာစေရေး ဝိုင်းဝန်းကြိုးစားကြရမည်ဖြစ်သည့်အပြင် မိမိတို့နိုင်ငံအတွင်း၌ တည်ထောင်ထားပြီးဖြစ်သော စွမ်းအင်ကဏ္ဍနှင့်သက်ဆိုင်သည့်အခြေခံအဆောက်အဦများကို ထိရောက်စွာအသုံးပြု၍ မိမိတို့နိုင်ငံ၏တည်နေရာအနေအထားကို အသုံးချပြီး စွမ်းအင်ကုန်သွယ်ရေး (Energy Trading) ကို Business အသွင်ဖြင့် အကျိုးရှိအောင်ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ တက်ရောက်လာကြသူများအနေဖြင့် မိမိတို့၏ အမြင်နှင့်သုံးသပ်ချက်များကို ပွင့်လင်းစွာဆွေးနွေးသွားကြရန် ဖိတ်ခေါ်ပါကြောင်း ပြောကြားပြီး ဦးဆောင်ဆွေးနွေးသည်။



ထို့နောက် အခမ်းအနားသို့ တက်ရောက်လာကြသည့် တာဝန်ရှိသူများနှင့် ဝန်ထမ်းများက မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်းကို နိုင်ငံတကာကုမ္ပဏီများနည်းတူ အဆင့်မီတိုးတက်စေရေး ဆောင်ရွက်သင့်သည့်လုပ်ငန်းစဉ်များ၊ ဖွဲ့စည်းပုံနှင့်လုပ်ငန်းတာဝန်များ၊ ပြုပြင်ပြောင်းလဲသင့်သည့်ကိစ္စရပ်များ၊ ဖြည့်ဆည်းရမည့်အခြေအနေများကို ပွင့်လင်းစွာဆွေးနွေးသုံးသပ်ကြရာ ဒုတိယဝန်ကြီးက ဖြည့်စွက်အကြံပြုဆွေးနွေးပြီး ပြည်ထောင်စုဝန်ကြီးက နိဂုံးချုပ်အမှာစကားပြောကြားကာ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

(၅၀၀)

## ရေဘေးသင့်ပြည်သူများအတွက် ပြည်တွင်း/ ပြည်ပစေတနာရှင်ပြည်သူများက အလှူငွေနှင့် အလှူပစ္စည်းများ လှူဒါန်းနိုင်ရေး အသိပေးကြေညာခြင်း

၁။ မြန်မာနိုင်ငံတွင် ရာဂိမုန်တိုင်းနှင့်ဆက်စပ်၍ ရေဘေးများဖြစ်ပွားလျက်ရှိရာ ရေဘေးသင့်ပြည်သူများအတွက်ပါဝင်လှူဒါန်းလိုသော စေတနာရှင်ပြည်သူများအနေဖြင့် အလှူငွေနှင့် အလှူပစ္စည်းများအား ပါဝင်လှူဒါန်းနိုင်ပါသည်။

၂။ အလှူငွေများကို မိုဘိုင်းငွေပေးချေမှုစနစ်ဖြင့် လှူဒါန်းလိုပါက KBZ Pay QR Code နံပါတ် 70157401001 သို့လည်းကောင်း၊ KBZ Pay QR ကို Scan ဖတ်၍လည်းကောင်း၊ CB Pay၊ OK$ နှင့် AYA Pay များ၏ QR ကို Scan ဖတ်၍လည်းကောင်း၊ Wave Money ဖုန်းနံပါတ်(၀၉-၂၅၅၀၀၁၅၄၂) နှင့် (၀၉-၂၅၅၀၀၁၅၄၃) တို့သို့ တိုက်ရိုက်ပေးသွင်း၍လည်းကောင်း၊ Wave Money QR များကို Scan ဖတ်၍လည်းကောင်း လှူဒါန်းခြင်းများ ဆောင်ရွက်နိုင်ပါသည်။




၃။ ဘဏ်များမှလှူဒါန်းလိုပါက မြန်မာကျပ်ငွေကို မြန်မာ့စီးပွားရေးဘဏ်၊ နေပြည်တော်တွင် ငွေစာရင်းအမှတ် OA-011834 ကို ဖွင့်လှစ်ထားပြီး အောက်ပါနည်းလမ်းများဖြင့် လှူဒါန်းနိုင်ပါသည်-

(က) မြန်မာ့စီးပွားရေးဘဏ်၊ နေပြည်တော်ဘဏ်ခွဲတွင် တိုက်ရိုက်ဖြစ်စေ၊ အခြားမြန်မာ့စီးပွားရေးဘဏ်၊ ဘဏ်ခွဲများနှင့် ပုဂ္ဂလိကဘဏ်၊ ဘဏ်ခွဲများအားလုံးတို့မှ တစ်ဆင့်ဖြစ်စေ ငွေသားဖြင့် ပေးသွင်းလှူဒါန်းနိုင်ပါသည်၊

( ခ ) ပြည်တွင်းရှိ နိုင်ငံပိုင်၊ ပုဂ္ဂလိကပိုင်ဘဏ်များတွင် ဖွင့်လှစ်ထားသော ကျပ်ငွေစာရင်းများမှ စာရင်းပြောင်း(Account Transfer)နည်းလမ်းဖြင့် လှူဒါန်းနိုင်ပါသည်။

၄။ နိုင်ငံခြားငွေဖြင့်လှူဒါန်းလိုပါက မြန်မာ့နိုင်ငံခြားကုန်သွယ်မှုဘဏ်၊ ရန်ကုန်မြို့တွင် ငွေစာရင်းအမှတ် (0111284000000063)ကို ဖွင့်လှစ်ထားပြီး အောက်ပါနည်းလမ်းများဖြင့် လှူဒါန်းနိုင်ပါသည်-

(က ) မြန်မာ့နိုင်ငံခြားကုန်သွယ်မှုဘဏ်တွင် အမေရိကန်ဒေါ်လာ၊ ယူရို၊ စင်ကာပူဒေါ်လာ ငွေသားတို့ဖြင့် တိုက်ရိုက်ပေးသွင်းလှူဒါန်းနိုင်ပါသည်၊

( ခ ) ပြည်တွင်း/ပြည်ပမှနိုင်ငံခြားငွေဖြင့် လှူဒါန်းလိုသူများအနေဖြင့်-

- SWIFT CODE/BIC - MFTBMMMY
- Beneficiary Name - Natural Disaster Management Fund
- Beneficiary A/C No - 0111284000000063 သို့လှူဒါန်းနိုင်ပါသည်။

၅။ ၎င်းအပြင် နိုင်ငံခြားငွေဖြင့်လှူဒါန်းလိုသူများသည် မြန်မာ့စီးပွားရေးဘဏ်၊ နေပြည်တော်တွင် ဖွင့်လှစ်ထားသည့် နိုင်ငံခြားငွေစာရင်းအမှတ် (EDN-600018) သို့လည်း အောက်ပါနည်းလမ်းများဖြင့် လှူဒါန်းနိုင်ပါသည်-

(က) မြန်မာ့စီးပွားရေးဘဏ်တွင် အမေရိကန်ဒေါ်လာ၊ ယူရို၊ စင်ကာပူဒေါ်လာ ငွေသားတို့ဖြင့် တိုက်ရိုက်ပေးသွင်းလှူဒါန်းနိုင်ပါသည်၊

( ခ ) မြန်မာ့စီးပွားရေးဘဏ်တွင် နိုင်ငံခြားငွေစာရင်းရှိသူများမှ စာရင်းပြောင်း (Account Transfer) နည်းလမ်းဖြင့် လှူဒါန်းနိုင်ပါသည်၊

( ဂ ) ပြည်တွင်း/ပြည်ပမှနိုင်ငံခြားငွေဖြင့် လှူဒါန်းလိုသူများအနေဖြင့်-

- SWIFT CODE - MYEBMMMY
- Beneficiary Name - Natural Disaster Management Fund
- Beneficiary A/C No - EDN-600018 သို့လှူဒါန်းနိုင်ပါသည်။

၆။ အလှူငွေနှင့် အလှူပစ္စည်းများ လှူဒါန်းလိုသူများအနေဖြင့် ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာနမှ အောက်ပါပုဂ္ဂိုလ်များသို့ ဆက်သွယ်မေးမြန်းလှူဒါန်းနိုင်ပါသည်-

| နေပြည်တော် | ရန်ကုန်မြို့ | မန္တလေးမြို့ |
|---|---|---|
| ဒေါ်လှဲ့လှဲ့အေး | ဦးသန်းစိုး | ဦးအေးမင်းသူ |
| ညွှန်ကြားရေးမှူးချုပ် | ညွှန်ကြားရေးမှူး | ညွှန်ကြားရေးမှူး |
| ၀၆၇-၃၄၀၄၀၅၀ | ရန်ကုန်တိုင်းဒေသကြီး | မန္တလေးတိုင်းဒေသကြီး |
| ၀၉-၂၀၂၃၄၉၁ | ဦးစီးမှူးရုံး | ဦးစီးမှူးရုံး |
| ဦးဝင်းရွှေ | ၀၉-၂၅၀၁၂၃၈၈၅ | ၀၉-၄၂၀၇၀၈၈၂၇ |
| ဒုတိယညွှန်ကြားရေးမှူးချုပ် | ၀၉-၄၂၀၇၄၀၁၆၀ | |
| ၀၆၇-၃၄၀၄၀၄၈ | ဒေါ်သန်းသန်းဝင်း | ဒေါ်သက်သက်အေး |
| ၀၉-၂၅၄၁၇၀၀၁ | ဒုတိယညွှန်ကြားရေးမှူး | ဒုတိယညွှန်ကြားရေးမှူး |
| ဒေါ်ဖြူဖြူဝင်း၊ ညွှန်ကြားရေးမှူး | ရန်ကုန်တိုင်းဒေသကြီး | မန္တလေးတိုင်းဒေသကြီး |
| ၀၆၇-၃၄၀၄၃၁၆ | ဦးစီးမှူးရုံး | ဦးစီးမှူးရုံး |
| ၀၉-၄၃၀၅၄၈၄၄ | ၀၉-၄၂၀၇၄၀၁၆၀ | ၀၉-၄၀၀၅၀၂၀၅၆ |

၇။ အလှူပစ္စည်းများကို အောက်ပါအတိုင်း ဆက်သွယ်ပေးပို့လှူဒါန်းနိုင်ပါသည်-

(က) သက်ဆိုင်ရာတိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့များသို့ ဆက်သွယ်လှူဒါန်းနိုင်ပါသည်။

( ခ ) ရုံးအမှတ်(၂၃)၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ နေပြည်တော်။

( ဂ ) ဗဟိုသိုလှောင်ရုံ(ရန်ကုန်မြို့)၊ ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာန၊ အမှတ်(၃) ရပ်ကွက်၊ ကျိုက်ဝိုင်းဘုရားလမ်း၊ ရန်ကုန်မြို့။

(ဃ) ဗဟိုသိုလှောင်ရုံ(မန္တလေးမြို့)၊ ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာန၊ (၆၅) လမ်း၊ ၃၄x၃၅ ကြား၊ ပြည်ကြီးမျက်ရှင်ရပ်ကွက်၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။

**အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီ**

# ကုလသမဂ္ဂဒုက္ခသည်များဆိုင်ရာမဟာမင်းကြီးရုံး (UNHCR) ၏ မြန်မာနိုင်ငံဆိုင်ရာ ဌာနေကိုယ်စားလှယ် Ms. Noriko Takagi နှင့်အဖွဲ့အား ပြည်ထောင်စုဝန်ကြီး ဦးမြင့်ကြိုင် လက်ခံတွေ့ဆုံ

**နေပြည်တော် စက်တင်ဘာ ၁၈**

လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်ကြိုင်သည်ကုလသမဂ္ဂဒုက္ခသည်များဆိုင်ရာမဟာမင်းကြီးရုံး (UNHCR) ၏ မြန်မာနိုင်ငံဆိုင်ရာ ဌာနေကိုယ်စားလှယ် Ms. Noriko Takagi နှင့်အဖွဲ့အား ယနေ့မွန်းလွဲ ၂ နာရီတွင် နေပြည်တော်ရှိ အဆိုပါဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၏ ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။



တွေ့ဆုံပွဲသို့ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ဒုတိယဝန်ကြီးများဖြစ်ကြသည့် ဦးဌေးလှိုင်နှင့် ဒေါက်တာမျိုးသန့်၊ အမြဲတမ်းအတွင်းဝန် ဦးဝင်းဇော်အောင်၊ လူဝင်မှုကြီးကြပ်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးရဲထွန်းဦးနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

တွေ့ဆုံစဉ် ရခိုင်ပြည်နယ်မှ နေရပ်စွန့်ခွာသူများ ပြန်လည်လက်ခံရေးလုပ်ငန်းစဉ်အတွက် ဝန်ကြီးဌာနနှင့် UNDP–UNHCR တို့ သုံးပွင့်ဆိုင်နားလည်မှုစာချွန်လွှာ (MoU) မူဘောင်အရ လုပ်ငန်းများအကောင်အထည်ဖော်ဆောင်ရွက်နေမှုနှင့် MoU သက်တမ်း ထပ်မံတိုးမြှင့်နိုင်ရေး အခြေအနေ၊ UNHCR ၏ နိုင်ငံခြားသားဝန်ထမ်းများ၏ ပြည်ဝင်ခွင့်ဗီဇာကိစ္စရပ်များနှင့် ပြည်ပမှတင်သွင်းသည့် ပစ္စည်းများကို လုပ်ထုံးလုပ်နည်းနှင့်အညီ သက်ဆိုင်ရာဌာနများသို့ ညှိနှိုင်းဆောင်ရွက်ပေးမှုအခြေအနေ၊ ဒေသခံနှင့်ဝန်ထမ်းများ ခရီးသွားလာရေးနှင့် အခြေပြုနေထိုင်နိုင်ရေးအတွက် ဆောင်ရွက်ပေးမှုအခြေအနေ၊ ဝန်ကြီးဌာနနှင့် UNDP–UNHCR တို့အကြား ဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းများ ဆက်လက်ပူးပေါင်းဆောင်ရွက်နိုင်ရေး အခြေအနေတို့နှင့်စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

# မြန်မာနိုင်ငံဆိုင်ရာ ရုရှားကုန်သွယ်မှုကိုယ်စားလှယ်အဖွဲ့အား ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်ခိုင်ဝင်းတွေ့ဆုံ

နေပြည်တော် စက်တင်ဘာ ၁၈

ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်ခိုင်ဝင်းအား ရန်ကုန်မြို့အခြေစိုက် မြန်မာနိုင်ငံဆိုင်ရာ ရုရှားကုန်သွယ်မှု ကိုယ်စားလှယ်ရုံး၏ အကြီးအကဲ Mr. Vladimir Kazadaev ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် ယနေ့နံနက်ပိုင်းတွင်ကျန်းမာရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ လာရောက်တွေ့ဆုံသည်။

တွေ့ဆုံစဉ် မြန်မာနိုင်ငံအတွင်း မကြာမီကဖြစ်ပွားခဲ့သော ရေကြီးရေလျှံမှုများအတွက် ရုရှားနိုင်ငံမှ ဆေးနှင့်ဆေးပစ္စည်းများ လှူဒါန်းမည့်ကိစ္စရပ်များ၊ ရုရှားနိုင်ငံ စိန့်ပီတာစဘတ်မြို့ Napalkov Cancer Center နှင့် ကျန်းမာရေးဝန်ကြီးဌာန ကုသရေးဦးစီးဌာနတို့အကြား ကင်ဆာရောဂါဆေးကုသမှုလုပ်ငန်းများ ပူးပေါင်းဆောင်ရွက်ရေး နားလည်မှုစာချွန်လွှာ (MoU) လက်မှတ်ရေးထိုးခဲ့ပြီး ဆက်လက်ပူးပေါင်းဆောင်ရွက်မည့်ကိစ္စရပ်များ၊ ရုရှားနိုင်ငံ ဆေးနှင့် ဆေးပစ္စည်းကုမ္ပဏီများမှ စက်မှုဝန်ကြီးဌာန၊ BPI ဆေးဝါးစက်ရုံနှင့်ပူးပေါင်း၍ ပြည်တွင်း၌ ဆေးနှင့်ဆေးပစ္စည်းများ ထုတ်လုပ်ရေးကိစ္စ၊ ရုရှားနိုင်ငံမှထုတ်လုပ်သည့် ရောဂါရှာဖွေရေးဓာတ်ခွဲစမ်းသပ်မှုပစ္စည်းများ (Rapid Diagnostic Test kit) ဈေးနှုန်းချိုသာစွာ ပြည်တွင်း၌ ဝယ်ယူရရှိနိုင်ရေးကိစ္စ၊ ရုရှားနိုင်ငံမှ ထုတ်လုပ်သည့်ဆေးနှင့်ဆေးပစ္စည်းများကို မြန်မာနိုင်ငံ FDA အသိအမှတ်ပြုမှတ်ပုံတင်ရရှိရေးကိစ္စနှင့် နှစ်နိုင်ငံဆေးကုသမှုလုပ်ငန်းများ ဆက်လက်ပူးပေါင်းဆောင်ရွက်ရေးကိစ္စရပ်များကို အမြင်ချင်းဖလှယ်ဆွေးနွေးကြသည်။

ဆွေးနွေးပွဲသို့ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးနှင့် ညွှန်ကြားရေးမှူးချုပ်များ၊ မြန်မာနိုင်ငံဆိုင်ရာ ရုရှားကုန်သွယ်မှုကိုယ်စားလှယ်ရုံးမှ ကိုယ်စားလှယ်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြကြောင်း သိရသည်။

(သတင်းစဉ်)



# အိန္ဒိယနိုင်ငံမှ သဘာဝဘေးအန္တရာယ်ကယ်ဆယ်ရေးဆိုင်ရာပစ္စည်းများကို အိန္ဒိယစစ်ရေယာဉ် INS Satpura ဖြင့် မြန်မာနိုင်ငံသို့ပို့ဆောင်ပြီး သက်ဆိုင်ရာတာဝန်ရှိသူများထံ လွှဲပြောင်းပေးအပ်




မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယသံအမတ်ကြီး H.E. Mr. Shri Abhay Thakur က အိန္ဒိယနိုင်ငံမှ သဘာဝဘေးအန္တရာယ်ကယ်ဆယ်ရေးဆိုင်ရာပစ္စည်းများကို ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်းထံ လွှဲပြောင်းပေးအပ်စဉ်။

**နေပြည်တော် စက်တင်ဘာ ၁၈**

တောင်တရုတ်ပင်လယ်တွင် ဖြစ်ပွားခဲ့သော တိုင်ဖွန်းမုန်တိုင်းရာဂီ၏ သက်ရောက်မှုကြောင့် ရေကြီးရေလျှံမှုများဖြစ်ပေါ်ခဲ့သော မြန်မာနိုင်ငံအတွင်းရှိ နေပြည်တော်ကောင်စီနယ်မြေအပါအဝင် တိုင်းဒေသကြီး၊ ပြည်နယ်များရှိ ရပ်ကွက်/ကျေးရွာများမှ ရေဘေးသင့်ပြည်သူများအား ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများဆောင်ရွက်ရာတွင် အသုံးပြုနိုင်ရေးအတွက် သဘာဝဘေးအန္တရာယ်ကယ်ဆယ်ရေးဆိုင်ရာပစ္စည်းများကို အိန္ဒိယနိုင်ငံမှ စစ်ရေယာဉ် INS Satpura (F–48) သည် စက်တင်ဘာလ ၁၇ ရက် မွန်းလွဲပိုင်းတွင် ရန်ကုန်မြို့ရှိ သီလဝါဆိပ်ကမ်းသို့ ရောက်ရှိလာရာ တပ်မတော်(ရေ)မှ အရာရှိကြီးများနှင့် တာဝန်ရှိသူများက ဝမ်းပန်းတသာ ကြိုဆိုကြသည်။

ထို့နောက် အိန္ဒိယစစ်ရေယာဉ်ဖြင့် ရောက်ရှိလာသည့် လူသားချင်းစာနာမှုအကူအညီနှင့် သဘာဝဘေးအန္တရာယ်ကယ်ဆယ်ရေးဆိုင်ရာပစ္စည်းများကို ညပိုင်းတွင်မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယသံအမတ်ကြီး H.E. Mr. Shri Abhay Thakur က လွှဲပြောင်းပေးအပ်ရာ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်းက လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်သည်။

အဆိုပါ ကူညီကယ်ဆယ်ရေးပစ္စည်းများနှင့် စားသောက်ဖွယ်ရာများ လွှဲပြောင်းပေးအပ်ပွဲအခမ်းအနားသို့ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံးမှ တာဝန်ရှိသူများ၊ တပ်မတော်(ရေ)မှ အရာရှိကြီးများ၊ မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယစစ်သံမှူးနှင့် အိန္ဒိယသံရုံးမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

အိန္ဒိယစစ်ရေယာဉ် INS Satpura တွင် ကူညီကယ်ဆယ်ရေးပစ္စည်းများဖြစ်သည့် ရွက်ဖျင်တဲများ၊ တာပေါ်လင်စများ၊ လူသုံးကုန်ပစ္စည်းများ၊ အိမ်သုံးပစ္စည်းများ၊ သန့်ရှင်းရေးပစ္စည်းများ၊ အဝတ်အထည်များ၊ စားသောက်ဖွယ်ရာများနှင့် ဆေးဝါးများ ပါဝင်၍ စုစုပေါင်းတန်ချိန် ၂၁ တန်ခန့်ဖြစ်ကြောင်းသိရပြီး သက်ဆိုင်ရာတိုင်းဒေသကြီး၊ ပြည်နယ်များရှိ ရပ်ကွက်/ကျေးရွာများမှ ရေဘေးသင့်ပြည်သူများထံသို့ အမြန်ဆုံးရောက်ရှိစေရေး စီစဉ်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ ကူညီကယ်ဆယ်ရေးပစ္စည်းများနှင့် စားသောက်ဖွယ်ရာများ တင်ဆောင်လာသည့် အိန္ဒိယစစ်ရေယာဉ် INS Satpura သည် ယနေ့မွန်းလွဲပိုင်းတွင် ရန်ကုန်မြို့ရှိ သီလဝါဆိပ်ကမ်းမှ ပြန်လည်ထွက်ခွာရာ တပ်မတော်(ရေ)မှ တာဝန်ရှိသူများက ပို့ဆောင်နှုတ်ဆက်ခဲ့ကြကြောင်း သတင်းရရှိသည်။

(၁၀၀)

## မြန်မာ့ပင်လယ်ပြင် အခြေအနေ

**နေပြည်တော် စက်တင်ဘာ ၁၈**

မြစ်ဝကျွန်းပေါ်၊ မုတ္တမကွေ့၊ မွန်-တနင်္သာရီကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းကြီးနိုင်ပါသည်။

မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် မိုင် ၃၀ မှ ၃၅ မိုင်အထိ တိုက်ခတ်နိုင်ပါသည်။ လှိုင်းအမြင့်မှာ မြစ်ဝကျွန်းပေါ်၊ မုတ္တမကွေ့၊ မွန်-တနင်္သာရီ ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ၈ ပေမှ ၁၀ ပေခန့်ရှိနိုင်သည်။

ကျန်မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ ရခိုင်ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ၅ ပေမှ ၇ ပေခန့်ရှိနိုင်ပါသည်။

(မိုး/ဇလ)

# သဘာဝဘေးကြောင့် ပျက်စီးမှုများဖြစ်ပေါ်ခဲ့သည့် နေပြည်တော်ကောင်စီနယ်မြေအတွင်းရှိ လမ်း၊ တံတားများ ပြန်လည်ပြုပြင်ဆောင်ရွက်ပြီးစီးမှု ပြည်ထောင်စုဝန်ကြီး ဦးမျိုးသန့် ကြည့်ရှုစစ်ဆေး


**နေပြည်တော် စက်တင်ဘာ ၁၈**

ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမျိုးသန့်သည် အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများနှင့်အတူ ယနေ့တွင် သဘာဝဘေးကြောင့် ပျက်စီးခဲ့သော နေပြည်တော်ကောင်စီနယ်မြေအတွင်းရှိ လမ်း၊ တံတားများအား ယာယီပြင်ဆင်ခြင်းလုပ်ငန်းများဆောင်ရွက်ပြီးစီးမှုနှင့် အမြဲတမ်းပြုပြင်ခြင်းလုပ်ငန်းများအတွက် ဆောင်ရွက်နေမှုတို့ကို ကွင်းဆင်းကြည့်ရှုစစ်ဆေးသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ရန်ကုန်-မန္တလေး ပြည်ထောင်စုလမ်းမကြီး မိုင်တိုင်အမှတ် (၂၄၅/၇) ရှိ နဝင်းချောင်းတံတား(အဆုံတံတား)သို့သွားရောက်ပြီး ချောင်းရေတိုက်စားပျက်စီးသွားသည့်တံတားချဉ်းကပ်လမ်းအား ယာယီဘေလီတံတားထိုး၍ ပြန်လည်ပြင်ဆင်ဆောင်ရွက်ပြီးစီးပြီဖြစ်၍ ယာဉ်များသတ်မှတ်ချက်အတိုင်း စနစ်တကျဖြတ်သန်းသွားလာမှုနှင့် တံတားကြံ့ခိုင်မှုအခြေအနေတို့ကိုစစ်ဆေးသည်။

အဆိုပါ နဝင်းချောင်းတံတား၏ချဉ်းကပ်လမ်း ပျက်စီးသွားသောနေရာ၌ တန် ၄၀ ခံနိုင်ဝန်ရှိသော အရှည်ပေ ၁၀၀၊ ယာဉ်သွားလမ်းအကျယ် ၂၄ ပေ သုံးလွှာတစ်ထပ်ဘေလီတံတား ထိုးခြင်းလုပ်ငန်းများ ဆောင်ရွက်ပြီးစီးပြီဖြစ်၍ ခရီးသည်တင်မော်တော်ယာဉ်များ၊ ကုန်စည်ပို့ဆောင်သည့် မော်တော်ယာဉ်များအား တန် ၄၀ အထိ ဖြတ်သန်းသွားလာနိုင်ပြီဖြစ်သည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ဆင်သေချောင်းတံတား (ပုပ္ပါးကုန်း)သို့ သွားရောက်ပြီး အရှည်ပေ ၇၀၊ ယာဉ်သွားလမ်းအကျယ် ၁၄ ပေ တစ်လွှာတစ်ထပ် သံပေါင်ဘေလီတံတားထိုးခြင်းလုပ်ငန်းဆောင်ရွက်ပြီးစီးမှုနှင့် လမ်းတာပေါင်ကြံ့ခိုင်မှုအခြေအနေများကိုလည်းကောင်း၊ ပုဗ္ဗသီရိမြို့ပတ်လမ်းပေါ်ရှိ ဆင်သေချောင်းတံတား(သိုက်ချောင်း) နေရာတွင် ယာဉ်သွားလာမှုပိုမိုအဆင်ပြေလွယ်ကူစေရေးအတွက်ယာယီပြင်ဆင်ပြီး၍ အသုံးပြုနေပြီဖြစ်သော အရှည် ပေ ၁၃၀၊ ယာဉ်သွားလမ်းအကျယ် ၁၄ ပေ နှစ်လွှာတစ်ထပ် ယာယီဘေလီတံတားနှင့်အပြိုင် နောက်ထပ်ဘေလီတံတားတစ်စင်းထိုး၍ အသွားတစ်စင်း၊ အပြန်တစ်စင်းအသုံးပြုနိုင်ရေးဆောင်ရွက်နေသည့်အခြေအနေကိုလည်းကောင်း၊ မွန်းတည့်ခွင်-ကျည်တောင်-ခေါမ-ညောင်ပင်သာလမ်းပေါ်ရှိ တံတားအမှတ်(၂/၂၀)၏ ရေတိုက်စား၍ ပျက်စီးသွားသည့်နေရာအား ယာယီဘေလီတံတားထိုးခြင်း ဆောင်ရွက်နေသည့် အခြေအနေကိုလည်းကောင်း ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လုပ်ငန်းလိုအပ်ချက်များမှာကြားသည်။



ဆောက်လုပ်ရေးဝန်ကြီးဌာနအနေဖြင့် နေပြည်တော်ကောင်စီနယ်မြေအတွင်း ရေကြီးရေလျှံမှုများကြောင့် လမ်း၊ တံတားများပျက်စီးမှုများကို အချိန်နှင့်တစ်ပြေးညီ အမြန်ဆုံးပြန်လည်ပြင်ဆင်ခြင်းလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိရာ ယခုအခါ အများပြည်သူများသွားလာရေးလွယ်ကူအဆင်ပြေနေပြီဖြစ်ပြီး ကုန်စည်များလည်း အဆက်မပြတ်ပို့ဆောင်နိုင်ပြီဖြစ်ကြောင်းနှင့်ပြန်လည်ပြင်ဆင်ပြီးစီးခဲ့သည့်လမ်း၊ တံတားများ၏ ကြံ့ခိုင်မှုအား ရေရှည်တည်တံ့ခိုင်မြဲရေးအတွက် နေ့ညမပြတ် အရှိန်အဟုန်ဖြင့် ဆောင်ရွက်လျက်ရှိကြောင်း၊ ယာယီပြုပြင်ပြီး တံတားများကို မူလအခြေအနေအတိုင်းဖြစ်စေရေး အခိုင်အမာတံတားများအဖြစ် ကြိုးစားပြင်ဆင်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **(၅၀၀)**

# အစာအဆိပ်သင့်လူနာများအား ပြည်ထောင်စုဝန်ကြီးများ သွားရောက်ကြည့်ရှု အားပေးစကားပြောကြားပြီး ထောက်ပံ့ငွေများပေးအပ်

**နေပြည်တော် စက်တင်ဘာ ၁၈**

အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီ ဒုတိယဥက္ကဋ္ဌ (၂) ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်း၊ ကျန်းမာရေးစောင့်ရှောက်မှုဆိုင်ရာစီမံခန့်ခွဲမှုလုပ်ငန်းကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်ခိုင်ဝင်း၊ ပြည်ထောင်စုနယ်မြေ နေပြည်တော် သဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုအဖွဲ့ဥက္ကဋ္ဌ ဦးသန်းထွန်းဦးတို့သည် ယနေ့မွန်းလွဲပိုင်းတွင် ကလေးရောဂါအထူးကုဆေးရုံကြီး(နေပြည်တော်)၊ နေပြည်တော်ပြည်သူ့ဆေးရုံကြီး (ခုတင်-၃၀၀) နှင့်ပြည်သူ့ဆေးရုံ(တပ်ကုန်းမြို့)တို့သို့ သွားရောက်ကာ တပ်ကုန်းမြို့နယ် ကြက်သွန်ခင်းကျေးရွာအုပ်စု ချောင်းခြားကျေးရွာမှ အစာအဆိပ်သင့်ရောဂါလက္ခဏာများဖြစ်ပွား၍



အတွင်းလူနာအဖြစ် ဆေးရုံတက်ရောက်ကုသနေသောလူနာများအား သွားရောက်ကြည့်ရှုအားပေးစကား ပြောကြားကာ လက်ဆောင်ပစ္စည်းများပေးအပ်သည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးများနှင့်အဖွဲ့သည် ကလေးရောဂါအထူးကုဆေးရုံကြီး (နေပြည်တော်)ရှိ ကလေးလူနာငါးဦး၏ ကျန်းမာရေးအခြေအနေကိုလည်းကောင်း၊ နေပြည်တော်ပြည်သူ့ဆေးရုံကြီး(ခုတင်-၃၀၀) ဆေးကုသဆောင်ရှိအစာအဆိပ်သင့်လူနာလေးဦး၏ကျန်းမာရေးအခြေအနေကိုလည်းကောင်း သွားရောက်ကြည့်ရှု၍ အားပေးစကားပြောကြားကာ လက်ဆောင်ပစ္စည်းများနှင့် ထောက်ပံ့ငွေများပေးအပ်သည်။

ပြည်သူ့ဆေးရုံ (တပ်ကုန်းမြို့)သို့ တက်ရောက်ကုသခဲ့သော အတွင်းလူနာ ၅၆ ဦးအနက် ၃၅ ဦးမှာ ကျန်းမာရေးကောင်းမွန်၍ သက်သာလာသဖြင့် ဆေးရုံမှ ဆင်းခွင့်ရရှိခဲ့ပြီး ကျန်ရှိနေသောလူနာ ၂၁ ဦးကို ပြည်ထောင်စုဝန်ကြီးများနှင့် တာဝန်ရှိသူများ သွားရောက်ကြည့်ရှု၍ အားပေးစကားပြောကြားကာ လက်ဆောင်ပစ္စည်းများနှင့် ထောက်ပံ့ငွေများပေးအပ်ပြီး လူနာများအား သေချာစွာစောင့်ကြပ်ကြည့်ရှုကုသရန် မှာကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် ဆေးရုံတက်ရောက်ကုသနေသော လူနာများအား ရင်းရင်းနှီးနှီးလှည့်လည်ကြည့်ရှုပြီး လတ်ဆတ်သောအစားအစာနှင့် ပူပူနွေးနွေးချက်ပြုတ်ထားသော အစားအစာကိုသာ စားသုံးရန်၊ ရက်ကျော်နှင့် အချိန်ကျော်သိမ်းထားသော အစားအစာများကို စားသုံးခြင်းမပြုရန်၊ တစ်ကိုယ်ရေသန့်ရှင်းရေးဂရုပြုဆောင်ရွက်ရန်၊ မိမိတို့နေအိမ်ရှိသောက်ရေသုံးရေများကို ရေသန့်ဆေးပြားထည့်ပြီးမှသာ အသုံးပြုရန်နှင့် နေအိမ်များသို့ ပြန်ရောက်သည့်အခါ ကျန်းမာရေးဝန်ကြီးဌာနက ထုတ်ပြန်ထားသော သတိပြုလိုက်နာဆောင်ရွက်ရန် အချက်များကို လိုက်နာဆောင်ရွက်ကြရန် မှာကြားခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

## သဇင် (FM)အသံလွှင့် အစီအစဉ်

၁၉-၉-၂၀၂၄(ကြာသပတေးနေ့)

| | | |
|---|---|---|
| ၁။ | ၀၆:၃၀ | ခံစားနားဆင်မြန်မာသံစဉ် |
| ၂။ | ၁၀:၀၀ | Internet Pages |
| ၃။ | ၁၄:၃၀ | Live For You |
| ၄။ | ၁၇:၀၀ | အနုပညာခရီးလမ်း |
| ၅။ | ၁၈:၂၀ | Thazin Request Song |
| ၆။ | ၂၁:၂၀ | လွမ်းသဝဏ်လွှာ |

## မြဝတီရုပ်မြင်သံကြားအစီအစဉ်

၁၉-၉-၂၀၂၄(ကြာသပတေးနေ့)

| | | |
|---|---|---|
| ၁။ | ၆:၀၂ | နိုင်ငံတော်သီချင်း |
| ၂။ | ၇:၂၀ | မေတ္တာပို့ |
| ၃။ | ၇:၂၅ | ဓမ္မပူဇာတေး |
| ၄။ | ၇:၃၀ | ကိုယ်လက်လှုပ်ရှားအားကစား |
| ၅။ | ၇:၄၅ | မျိုးချစ်တပ်မတော် |
| ၆။ | ၈:၃၅ | သုတရသစုံလင်ဗဟုသုတပုံပြင် |
| ၇။ | ၉:၁၅ | ကျန်းမာသုတ |
| ၈။ | ၉:၂၅ | ရင်မှာစွဲလမ်းတော်ဝင်ပန်း |
| ၉။ | ၁၁:၁၅ | ပြည်သူ့ကြားက ပြည်သူ့စကား |
| ၁၀။ | ၁၁:၃၅ | ပန်းရောင်စုံသင်းပျံ့မွှေး မြန်မာတိုင်းရင်းဆေး |
| ၁၁။ | ၁၁:၄၅ | မြန်မာ့ရှုခင်း |
| ၁၂။ | ၁၁:၅၅ | သီချင်းလက်ဆောင် |
| ၁၃။ | ၁၃:၁၀ | အမှတ်တရနေ့ရက်များ |
| ၁၄။ | ၁၇:၅၀ | စာဆိုစစ်သည်ကလောင်ရှင်များ |

| မြို့ | အနိမ့်ဆုံး / | အမြင့်ဆုံးအပူချိန် |
|---|---|---|
| နေပြည်တော် | ၂၅°c / | ၃၃.၇°c |
| ရန်ကုန် | ၂၄°c / | ၃၃.၀°c |
| မန္တလေး | ၂၇°c / | ၃၆.၉°c |

လျှပ်စစ်မီးကို ချွေတာသုံးစွဲပါ

အဖိုးတန်ရေချိုကို ချွေတာကြပါစို့



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ပျဉ်းမနားမြို့နယ်၊ မင်္ဂလာဗျူဟာသာသနဒ့ဗိမာန် ရေဘေးရှောင် ကယ်ဆယ်ရေးစခန်းအတွင်းရှိ ပြည်သူများအား ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်အားပေးစဉ်။

**လာနိုင်တယ်၊ ခင်ဗျားတို့၊ ကျွန်တော်တို့ လူကြီးတွေကတော့ ပညာသင်ကြားလို့ မရတော့ဘူး၊ ခင်ဗျားတို့ ကျွန်တော်တို့ ဖြတ်သန်းခဲ့တဲ့ လမ်းကြောင်းအတိုင်းပဲ လက်ရှိအခြေအနေမှာ ကျွန်တော်တို့ရှိ တယ်၊ နောင်ကျလို့ရှိရင် ကျွန်တော်တို့ ကလေးတွေက ကျွန်တော်တို့ထက်သာ အောင်လုပ်ပေးရမယ်၊ ကျွန်တော်တို့ခေတ် ထက်သာအောင်လုပ်ပေးရမယ်၊ ဒါတကယ် မိဘပီသပါတယ်။”** ဟုပြောကြားသည်။

ထို့နောက်ရေဘေးသင့်ပြည်သူများအား သဘာဝဘေးအန္တရာယ်ကို ကြံ့ကြံ့ခံကျော် လွှား၍ပြန်လည်ထူထောင်ရေးလုပ်ငန်းများ လုပ်ဆောင်သွားမည်ဖြစ်ကြောင်း အားပေး စကားပြောကြားရာတွင် **“လက်ရှိအချိန် အခြေအနေမှာတော့ ဒုက္ခသုက္ခရောက် နေတာကိုတော့ ကိုယ်ချင်းစာပါတယ်၊ စိတ်လည်းမကောင်းပါဘူး၊ ကျွန်တော်တို့ တတ်နိုင်သလောက် နိုင်ငံတော်ပိုင်းက လည်းလုပ်ပေးပါမယ်၊ ကျွန်တော်တို့နိုင်ငံတင်**

☆ စာမျက်နှာ ၁၇ မှ အဆက်

**ကလေးတွေပါသွားတာရှိပါတယ်၊ စိတ် လည်း မကောင်းပါဘူး၊ အတတ်နိုင်ဆုံး ခင်ဗျားတို့ မူလအခြေအနေအတိုင်းဖြစ် အောင်တော့ ကျွန်တော်တို့ကူညီပေးပါမယ်၊ သေဆုံးမှုအတွက်လည်း လူမှုဝန်ထမ်း ဝန်ကြီးဌာနကနေပြီးတော့ လျော်ကြေးတွေ ပေးတယ်၊ နောက်ဒဏ်ရာရတဲ့သူတွေကို လည်း၊ နောက်တစ်ခါ ဆေးကုသမှုအတွက် ထောက်ပံ့ကြေးတွေပေးသလို၊ ပျက်စီး သွားတဲ့ အဆောက်အဦတွေအတွက်လည်း အခုကျွန်တော်တို့ တွက်နေပါတယ်၊ လုံးဝ ပျက်သွားတဲ့အိမ်တွေဆိုရင် ဘယ်လိုပေး မလဲ၊ တစ်စိတ်တစ်ပိုင်းပျက်သွားတဲ့ အိမ် တွေဆိုရင်ဘယ်လိုပေးမလဲ၊ လုံးဝပျက်သွား တဲ့အိမ်မှာမှ တဲဆိုရင်ဘယ်လောက်ပေး မလဲ၊ ရိုးရိုးအိမ်ဆိုရင်ဘယ်လောက်ပေးမလဲ၊ တစ်ထပ်အိမ်ဆိုရင်ဘယ်လောက်ပေးမလဲ၊ နှစ်ထပ်အိမ်ဆိုရင် ဘယ်လောက်ပေးမလဲ၊ တတ်နိုင်သလောက် ကျွန်တော်တို့ပေးပါ မယ်၊ ဖြစ်နိုင်သလောက် ဒေသနဲ့ကိုက်ညီတဲ့ ဟာမျိုးတော့ ကျွန်တော်တို့စဉ်းစားပါတယ်၊ နောက် ကျောင်းနဲ့ပတ်သက်တာပေါ့၊ ဒီလ ကုန်အထိ ကျောင်းတွေဖွင့်ဖို့ကြိုးစားနေပါ တယ်၊ အကြောင်းကြောင်းကြောင့် ကျောင်း တွေပိတ်ရတယ်ဆိုရင်လည်း စနေ၊ တနင်္ဂနွေ မှာ အစားထိုးပြန်တက်ဖို့၊ သီတင်းကျွတ်ပြီး သွားရင်တော့ စနေ၊ တနင်္ဂနွေဖြစ်မှာပေါ့၊ ဝါမကျွတ်ခင်ကတော့ တနင်္ဂနွေပိတ်ရက် ရှိတယ်၊ ဒီတနင်္ဂနွေပိတ်ရက်ကိုတော့ ကလေးတွေ ကျောင်းတက်ကောင်း တက် ရလိမ့်မယ်၊ သို့သော် စာမေးပွဲဖြေရမယ့် အချိန်မှာ သူသင်ပြီးတဲ့ဘာသာရပ်အတိုင်းပဲ ကျွန်တော်တို့ စာမေးပွဲစစ်ပေးပါမယ်၊ ကျန်တဲ့အချိန်တွေမှာတော့ ကျောင်းတော့ ပြန်တက်ရမယ်လို့ သဘာဝဘေးအန္တရာယ် ကြောင့် ပိတ်ထားရတဲ့ကျောင်းတွေကို ဒီလို စီစဉ်ထားပါတယ်၊ ဒါကြောင့် ခင်ဗျားတို့ ကျောင်းတွေလည်း ကလေးတွေ ပြန်လွှတ် ပေးဖို့ ပြောလိုပါတယ်၊ ပြန်လွှတ်ပေးပါ၊ စာတတ်လို့ရှိရင်၊ ပညာတတ်လို့ရှိရင် နောင်တစ်ချိန်အတွက်၊ သူတို့ဘဝအတွက် အများကြီး အထောက်အကူရတယ်၊ မဟုတ် ဘူးဆိုရင်တော့ တစ်ချိန်မှာ အခက်အခဲဖြစ်**



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ပျဉ်းမနားမြို့နယ်၊ မင်္ဂလာဗျူဟာသာသနဒ့ဗိမာန် ရေဘေးရှောင် ကယ်ဆယ်ရေးစခန်းအတွင်းရှိ ပြည်သူများအား ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်အားပေးစဉ်။

❖ **“လက်ရှိအချိန်အခြေအနေမှာတော့ ဒုက္ခသုက္ခရောက်နေတာကိုတော့ ကိုယ်ချင်းစာပါတယ်၊ စိတ်လည်းမကောင်းပါဘူး၊ ကျွန်တော်တို့ တတ်နိုင် သလောက် နိုင်ငံတော်ပိုင်းကလည်းလုပ်ပေးပါမယ်၊ ကျွန်တော်တို့နိုင်ငံတင် မဟုတ်ပါဘူး၊ ကျွန်တော်တို့ အာရှတင်ပဲလားဆိုတော့မဟုတ်ဘူး၊ ဟိုဥရောပနိုင်ငံ တွေလည်းရေကြီးနေကြတာပဲ၊ သဘာဝကြီးကဖြစ်လာတာဖြစ်ပါတယ်၊ သဘာဝ ဘေးအန္တရာယ် တစ်ကမ္ဘာလုံးမှာဖြစ်နေကြတာဖြစ်တော့ ဒီအပေါ်မှာ ကျွန်တော်တို့က ကြံ့ကြံ့ခံပြီးတော့မှ လူထုရဲ့ကြံ့စည်မှုနဲ့၊ လုံ့လ၊ ဝီရိယနဲ့ အားထုတ်သွားမယ် ဆိုလို့ရှိရင်တော့ ကျွန်တော်တို့ကျော်လွှားလို့ရမယ်ဆိုတာလေး ပြောချင်ပါတယ်၊ ဒီအတွက် မလျှော့တဲ့ဇွဲလုံ့လနဲ့ ဆက်ပြီးလုပ်သွားကြဖို့လည်း အားမွေး သွားကြဖို့လည်း ပြောလိုပါတယ်၊ ဒီမှာ အားမွေးသွားကြပါ၊ ပြန်ရောက်လို့ရှိရင် လည်း ထိုက်သင့်တဲ့နေဖို့ထိုင်ဖို့ စားဖို့သောက်ဖို့ ကျွန်တော်တို့ ထောက်ပံ့ပေးပါမယ်၊ ကျွန်တော် ပြီးပြီးရော မလွှတ်ပါဘူး၊ အကုန်လုံးစီစဉ်ပေးပါမယ် . . .”**

**မဟုတ်ပါဘူး၊ ကျွန်တော်တို့ အာရှတင်ပဲ လားဆိုတော့မဟုတ်ဘူး၊ ဟိုဥရောပနိုင်ငံ တွေလည်းရေကြီးနေကြတာပဲ၊ သဘာဝ ကြီးကဖြစ်လာတာဖြစ်ပါတယ်၊ သဘာဝ ဘေးအန္တရာယ် တစ်ကမ္ဘာလုံးမှာဖြစ်နေကြ တာဖြစ်တော့ ဒီအပေါ်မှာ ကျွန်တော်တို့က ကြံ့ကြံ့ခံပြီးတော့မှ လူထုရဲ့ကြံ့စည်မှုနဲ့၊ လုံ့လ၊ ဝီရိယနဲ့ အားထုတ်သွားမယ်ဆိုလို့ ရှိရင်တော့ ကျွန်တော်တို့ကျော်လွှားလို့ ရမယ်ဆိုတာလေး ပြောချင်ပါတယ်၊ ဒီအတွက် မလျှော့တဲ့ဇွဲလုံ့လနဲ့ ဆက်ပြီး လုပ်သွားကြဖို့လည်း အားမွေးသွားကြဖို့ လည်း ပြောလိုပါတယ်၊ ဒီမှာ အားမွေးသွား ကြပါ၊ ပြန်ရောက်လို့ရှိရင်လည်း ထိုက်သင့် တဲ့နေဖို့ထိုင်ဖို့ စားဖို့သောက်ဖို့ ကျွန်တော် တို့ ထောက်ပံ့ပေးပါမယ်၊ ကျွန်တော် ပြီးပြီး ရော မလွှတ်ပါဘူး၊ အကုန်လုံးစီစဉ်ပေးပါ မယ်။”** ဟု ပြောကြားသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်က **စာမျက်နှာ ၁၂ သို့** ☆

★ စာမျက်နှာ ၁၁ မှအဆက်

ရေဘေးသင့် ပြည်သူများအတွက် ထောက်ပံ့ငွေနှင့် စားသောက်ဖွယ်ရာပစ္စည်းများကိုပေးအပ်ရာ ရေဘေးသင့်ပြည်သူများကိုယ်စား ကိုယ်စားလှယ်များက လက်ခံရယူသည်။

ဆက်လက်ပြီး ကောင်စီတွဲဖက်အတွင်းရေးမှူး၊ ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးတို့က ရေဘေးသင့်ပြည်သူများအတွက်ထောက်ပံ့ရေးပစ္စည်းများနှင့် စားသောက်ဖွယ်ရာပစ္စည်းများကို အသီးသီးထောက်ပံ့ပေးအပ်ကြသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ရေဘေးသင့်ပြည်သူများ၏ အခက်အခဲများကိုမေးမြန်းရာ ရေဘေးသင့်ပြည်သူများကိုယ်စား ကိုယ်စားလှယ်တစ်ဦးက ယခုကဲ့သို့ မိမိတို့ ရေဘေးသင့်ပြည်သူများကို နိုင်ငံတော်အကြီးအကဲကိုယ်တိုင်လာရောက်ထောက်ပံ့ပေးအပ်ပြီး အားပေးစကားပြောကြားသည့်အတွက် အထူးပင်ကျေးဇူးတင် ဝမ်းမြောက်ရပါကြောင်း၊ ဆက်လက်ဆောင်ရွက်ပေးသွားမည့် အစီအမံများကို ကြားသိရသည့်အတွက်လည်း ကျေးဇူးတင်ရှိပါကြောင်း၊ ယခုရေဘေးရှောင်ကယ်ဆယ်ရေးစခန်း၌လည်း နေထိုင်ရေး၊ စားသောက်ရေး၊ ကျန်းမာရေးကိစ္စများကို တာဝန်ရှိသူများ၏ စီစဉ်ပေးမှုကြောင့် အားလုံးအဆင်ပြေချောမွေ့မှုရှိပါကြောင်းဖြင့် ပြောကြားသည်။

၎င်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အဖွဲ့ဝင်များသည် ရေဘေးသင့်ပြည်သူများအတွက် ကျန်းမာရေးဝန်ကြီးဌာနမှ ကျန်းမာရေးစောင့်ရှောက်မှုဆေးခန်းဖွင့်လှစ်၍ ဆောင်ရွက်ပေးထားမှုများကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ခံများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ မှာကြားသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်သည် မင်္ဂလာဗျူဟာသာသနာ့ ဗိမာန်ညွှန့်ခန်းမဆောင်၌ တာဝန်ရှိသူများအားတွေ့ဆုံ၍ ယခုဖြစ်ပေါ်ခဲ့သည့် သဘာဝဘေးကြောင့် ထိခိုက်ပျက်စီးခဲ့မှုများကို အမြန်ဆုံးစာရင်းကောက်ယူ၍ အချက်အလက်များ ပြုစုဆောင်ရွက်သွားရန်လိုကြောင်း၊ အိုးအိမ်များပျက်စီးမှုတွင် လုံးဝပြိုကျပျက်စီးဆုံးရှုံးခြင်း၊ တစ်စိတ်တစ်ပိုင်းပျက်စီးဆုံးရှုံးခြင်း၊ တိုက်အိမ်၊ ပျဉ်ထောင်အိမ်၊ တဲအိမ် စသည်ဖြင့် ထိခိုက်ပျက်စီးမှုများအလိုက် ဆုံးရှုံးမှုတန်ဖိုးများကို အပိုင်းလိုက်သတ်မှတ်ကာ ပျက်စီးမှုရာခိုင်နှုန်းအလိုက် ထောက်ပံ့မှုများ ပမာဏသတ်မှတ်ဆောင်ရွက်ပေးသွားရန်လိုကြောင်း၊ ထိုနည်းတူ သေဆုံးခဲ့ရသူများအတွက်လည်း နိုင်ငံတော်အနေဖြင့် ငွေကြေးထောက်ပံ့ပေးခြင်းများ၊ တိုင်းဒေသကြီးနှင့်ပြည်နယ်အလိုက်၊ ဝန်ကြီးဌာနအလိုက် ငွေကြေးထောက်ပံ့ပေးခြင်းများ ဆောင်ရွက်ပေးသွားရမည်ဖြစ်ကြောင်း၊ ထိခိုက်ဒဏ်ရာရရှိသူများကိုလည်း ထိခိုက်မှုအနည်းအများအလိုက် ထောက်ပံ့မှုများဆောင်ရွက်ပေးသွားရမည်ဖြစ်ကြောင်း၊ ထောက်ပံ့မှုများ ဆောင်ရွက်ပေးနိုင်ရေးအတွက် စာရင်းကောက်ယူခြင်းများ၊ ငွေကြေးတွက်ချက်ခြင်းလုပ်ငန်းများကို မြန်မြန်ဆန်ဆန်ဖြင့် ဆောင်ရွက်သွားရန်လိုပြီး ထိခိုက်ခဲ့ရသူများကို အမြန်ဆုံးထောက်ပံ့ပေးအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားကြရန် လိုကြောင်း။

ရေဘေးသင့် ပြည်သူများအတွက် စေတနာရှင်ပြည်သူများ၊ အဖွဲ့အစည်းများမှလည်း မိမိတို့တတ်နိုင်သည့်ဘက်မှ ကူညီပေးခြင်းများ၊ အစားအသောက်ထောက်ပံ့ပေးအပ်ခြင်းများ ဆောင်ရွက်ပေးလျက်ရှိပြီး နိုင်ငံတော်အနေဖြင့်လည်းကျေးဇူးတင်

**❖ သဘာဝဘေးကြောင့် ထိခိုက်ပျက်စီးခဲ့မှုများကို အမြန်ဆုံးစာရင်းကောက်ယူ၍ အချက်အလက်များ ပြုစုဆောင်ရွက်သွားရန်လို၊ အိုးအိမ်များပျက်စီးမှုတွင် လုံးဝပြိုကျပျက်စီးဆုံးရှုံးခြင်း၊ တစ်စိတ်တစ်ပိုင်းပျက်စီးဆုံးရှုံးခြင်း၊ တိုက်အိမ်၊ ပျဉ်ထောင်အိမ်၊ တဲအိမ် စသည်ဖြင့် ထိခိုက်ပျက်စီးမှုများအလိုက် ဆုံးရှုံးမှုတန်ဖိုးများကို အပိုင်းလိုက်သတ်မှတ်ကာ ပျက်စီးမှုရာခိုင်နှုန်းအလိုက် ထောက်ပံ့မှုများ ပမာဏသတ်မှတ်ဆောင်ရွက်ပေးသွားရန်လို၊ သေဆုံးခဲ့ရသူများအတွက်လည်း နိုင်ငံတော်အနေဖြင့် ငွေကြေးထောက်ပံ့ပေးခြင်းများ၊ တိုင်းဒေသကြီးနှင့်ပြည်နယ်အလိုက်၊ ဝန်ကြီးဌာနအလိုက် ငွေကြေးထောက်ပံ့ပေးခြင်းများ ဆောင်ရွက်ပေးသွားရမည်ဖြစ်၊ ထိခိုက်ဒဏ်ရာရရှိသူများကိုလည်း ထိခိုက်မှုအနည်းအများအလိုက် ထောက်ပံ့မှုများဆောင်ရွက်ပေးသွားရမည်ဖြစ်၊ ထောက်ပံ့မှုများ ဆောင်ရွက်ပေးနိုင်ရေးအတွက် စာရင်းကောက်ယူခြင်းများ၊ ငွေကြေးတွက်ချက်ခြင်းလုပ်ငန်းများကို မြန်မြန်ဆန်ဆန်ဖြင့် ဆောင်ရွက်သွားရန်လိုပြီး ထိခိုက်ခဲ့ရသူများကို အမြန်ဆုံးထောက်ပံ့ပေးအပ်နိုင်ရေး ဆက်လက်ဆောင်ရွက် . . .**

**❖ ရေဘေးသင့်ပြည်သူများအတွက် စေတနာရှင်ပြည်သူများ၊ အဖွဲ့အစည်းများမှလည်း မိမိတို့တတ်နိုင်သည့်ဘက်မှ ကူညီပေးခြင်းများ၊ အစားအသောက်ထောက်ပံ့ပေးအပ်ခြင်းများ ဆောင်ရွက်ပေးလျက်ရှိပြီး နိုင်ငံတော်အနေဖြင့်လည်း ကျေးဇူးတင်ဝမ်းမြောက်မိ . . .**

ဝမ်းမြောက်မိပါကြောင်း၊ သို့သော်လည်း ရေဘေးသင့်ပြည်သူများအနေဖြင့် သွားလာမှုအနီးအဝေးအပေါ်မူတည်၍ထောက်ပံ့ရေးပစ္စည်းများ ညီတူညီမျှရရှိမှုမရှိခြင်း၊ အစားအသောက်များ ထောက်ပံ့ရာတွင် အလှူရှင်များ များပြားကွဲပြားသည့်အတွက် တွဲဖက်၍ စားသုံးရန်မသင့်သည်များကို တွဲဖက်စားသုံးမိခြင်း၊ သယ်ယူပို့ဆောင်ရာတွင် သန့်ရှင်းမှုအားနည်းခြင်းတို့ကြောင့် အစာအဆိပ်သင့်မှုတို့သည်လည်း ဖြစ်ပေါ်လျက်ရှိကြောင်း၊ ထို့ကြောင့် ရေဘေးရှောင်ကယ်ဆယ်ရေးစခန်းများအလိုက်လာရောက်လှူဒါန်းမှုများကို စိစစ်ဆောင်ရွက်သွားရန်လိုပြီး ကြီးကြပ်ရေးအဖွဲ့များ ဖွဲ့၍ ဆောင်ရွက်သွားရန်လိုကြောင်း၊ ထိုသို့ဆောင်ရွက်ပေးသွားမည်ဆိုပါက မလိုလားအပ်ဘဲ ထိခိုက်မှုများကို ကာကွယ်နိုင်မည်ဖြစ်ကြောင်းနှင့် စေတနာရှင်အလှူရှင်များကို နားလည်သဘောပေါက်အောင် ရှင်းလင်းပြောကြားသွားရန်လိုကြောင်းဖြင့် မှာကြားသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်သည်ရေဘေးရှောင်ကယ်ဆယ်ရေးစခန်းအတွင်းရှိ ပြည်သူများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်အားပေးခဲ့ကြောင်း သတင်းရရှိသည်။ (၁၀၀)

# BRICS Media Summit တက်ရောက်ခဲ့သော ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းနှင့်အဖွဲ့ ပြန်လည်ရောက်ရှိ

**ရန်ကုန် စက်တင်ဘာ ၁၈**

ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း၊ ရုရှားနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ဦးသစ်လင်းအုန်းနှင့်အဖွဲ့သည် BRICS Media Summit သို့ တက်ရောက်ရန် မော်စကိုမြို့၌ ရောက်ရှိနေကြသည့် မီဒီယာဆိုင်ရာကိုယ်စားလှယ်များနှင့်အတူ စက်တင်ဘာလ ၁၆ ရက် နံနက်ပိုင်းတွင် မော်စကိုမြို့ရှိ အထင်ကရနေရာများဖြစ်သော ကရင်မလင်နန်းတော်နှင့် ရှေးဟောင်းပြတိုက်များ၊ အညတရသူရဲကောင်းတစ်ဦး၏ ဂူဗိမာန်၊ ရင်ပြင်နီ၊ ဗာစီလီး ဘလာရမ်းနီရီ ဘုရားကျောင်း၊ ဘာသာရေးဆိုင်ရာအဓိကဘုရားကျောင်းနေရာများသို့ သွားရောက်ပြီး ကြည့်ရှုလေ့လာကြသည်။




ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် Centre for Public and Business Cooperation with the Republic of the Myanmar ၏ သတင်းမီဒီယာအဖွဲ့နှင့်တွေ့ဆုံပြီး ရုရှား - မြန်မာ နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်ရေး ဆောင်ရွက်နေမှုများ၊ မြန်မာနိုင်ငံ၏ ပကတိဖြစ်ရပ်မှန် အခြေအနေ၊ အာရှနိုင်ငံအချို့တွင် ကြုံတွေ့နေရသလို မြန်မာနိုင်ငံတွင်လည်း ရေဘေးအန္တရာယ်ကြုံတွေ့နေရမှု၊ နိုင်ငံတော်အကြီးအကဲနှင့် တာဝန်ရှိသူများက ရေဘေးကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများတွင် အင်တိုက်အားတိုက် ပါဝင်ဆောင်ရွက်နေမှု၊ ပြည်လုံးကျွတ်သန်းခေါင်စာရင်းကောက်ယူရေးအတွက် ဆောင်ရွက်နေမှုအခြေအနေများကို ရှင်းလင်းဖြေကြားသည်။

ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းသည် စက်တင်ဘာလ ၁၇ ရက် နံနက်ပိုင်းတွင် မော်စကိုမြို့ရှိ ရုရှားဖက်ဒရေးရှင်းနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံရုံးသို့ ရောက်ရှိပြီး သံအမတ်ကြီး ဦးသစ်လင်းအုန်း၊ စစ်သံမှူး ဗိုလ်မှူးချုပ်မိုးကျော်နှင့် သံရုံး၊ စစ်သံရုံး ဝန်ထမ်းများအား တွေ့ဆုံကာ နိုင်ငံတော်၏ လက်ရှိအခြေအနေမှန်များ၊ သတင်းတု သတင်းမှားများအပေါ် ဆန်းစစ်ဝေဖန်ပိုင်းခြားနိုင်ရေး၊ နိုင်ငံတော်ဝန်ကြီးချုပ် ဦးဆောင်၍ ယနေ့ပညာရေး၊ ကျန်းမာရေး၊ ရေဘေးကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေး၊ နိုင်ငံတော်လုံခြုံရေးအတွက် ဆောင်ရွက်နေမှုများကို ရှင်းလင်းဆွေးနွေးသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးက သံအမတ်ကြီး၊ စစ်သံမှူးနှင့် ဝန်ထမ်းများအား အမှတ်တရလက်ဆောင်ပစ္စည်းများ ပေးအပ်သည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် တည်းခိုသည့် Plaza Garden ဟိုတယ်၌ ရုရှား Roscongress မှ အရှေ့တောင်အာရှဆိုင်ရာ အကြီးအကဲ Mr. Sergey Vladimirovich နှင့် အလွတ်သဘောတွေ့ဆုံ၍ ရုရှား - မြန်မာ မီဒီယာပူးပေါင်းဆောင်ရွက်မှုများ အမြန်ဆုံးအကောင်အထည်ဖော်ရေးနှင့်စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ ညှိနှိုင်းဆွေးနွေးခဲ့ကြသည်။

ညနေပိုင်းတွင် မော်စကိုမြို့မှ လေကြောင်းခရီးဖြင့် ထွက်ခွာလာရာ ယနေ့ညနေပိုင်းတွင် ရန်ကုန်မြို့သို့ပြန်လည်ရောက်ရှိကြသည်။ ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းနှင့်အဖွဲ့အား မြန်မာနိုင်ငံဆိုင်ရာ ရုရှားဖက်ဒရေးရှင်းနိုင်ငံသံရုံးမှ တာဝန်ရှိသူများ၊ ပြန်ကြားရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ကြိုဆိုနှုတ်ဆက်ခဲ့ကြကြောင်း သိရသည်။

(၅၀၀)

# လျှပ်စစ်ကိုလိုသလောက်သာသုံး တရားမဝင်မသုံးနဲ့

မောင်မောင်စွယ်စုံထွန်း

လျှပ်စစ်စွမ်းအားဝန်ကြီးဌာနသည် လျှပ်စစ်ဥပဒေပုဒ်မ(၄၁)နှင့်အညီ လျှပ်စစ်စွမ်းအားကဏ္ဍဖွံ့ဖြိုးတိုးတက်စေရေးအတွက် နိုင်ငံတော်ဘတ်ဂျက်မှ နှစ်စဉ်စိုက်ထုတ်ကျခံသုံးစွဲရမှုကို လျှော့ချနိုင်ရန် ထုတ်လုပ်မှုကုန်ကျစရိတ်များအား ကာမိစေသော လျှပ်စစ်ဓာတ်အားခ နှုန်းထားများကို ပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေးအမှတ်စဉ် (၅/၂၀၂၄) သဘောတူညီချက်ဖြင့် ၂၀၂၄ ခုနှစ် စက်တင်ဘာလ ၁ ရက်နေ့မှစ၍ ပြင်ဆင်သတ်မှတ်ခဲ့ပြီးဖြစ်ပါသည်။ ထိုသို့လျှပ်စစ်ဓာတ်အားခတိုးမြှင့်သတ်မှတ်လိုက်ခြင်းနှင့်စပ်လျဉ်း၍ ပြည်သူများအကြားနှင့်လူမှုစီးပွားနယ်ပယ်များတွင် များစွာဂယက်ရိုက်ခတ်မှုများရှိလာခဲ့သည်။ နိုင်ငံတော်ဘက်မှလည်း နှစ်စဉ်စိုက်ထုတ်ကျခံနေရမှုများ လွန်စွာများပြားလာသဖြင့်အထိုက်အလျောက်သက်သာစေရန် မလွှဲမရှောင်သာတိုးမြှင့်ခဲ့ရခြင်းသာဖြစ်ပြီး ထိုသို့တိုးမြှင့်လိုက်သော်လည်း နိုင်ငံတော်ဘက်မှ ဆက်လက်စိုက်ထုတ်သုံးစွဲရဦးမည်ဖြစ်သဖြင့် အစိုးရနှင့်ပြည်သူ နှစ်ဦးနှစ်ဖက်အကျိုးရှိစေရန်ရည်ရွယ်၍ ဖြစ်သင့်ဖြစ်ထိုက်သော အခြေအနေမှန်အရ နိုင်ငံတော်ဘက်မှများစွာစဉ်းစားဆောင်ရွက်ခဲ့ခြင်းကို သိရှိကြရန်လိုအပ်နေပါသည်။

ပြည်သူများ၏လူမှုစီးပွားဘဝနှင့်စီးပွားရေးဖွံ့ဖြိုးတိုးတက်စေရေးတို့အတွက် လျှပ်စစ်ဓာတ်အားရရှိရေးသည် အဓိကကျသောကြောင့် လျှပ်စစ်စွမ်းအားဝန်ကြီးဌာနက လျှပ်စစ်ဓာတ်အားပေး စက်ရုံကြီးများနှင့် ဓာတ်အားလိုင်းကြီးများ၊ ဓာတ်အားခွဲရုံများအား အဆင့်မြှင့်တင်ခြင်း၊ တိုးချဲ့တည်ဆောက်ခြင်း၊ ပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်းများကို ပြည်တွင်းပြည်ပရင်းနှီးမြှုပ်နှံမှုများဖြင့် ဆောင်ရွက်လျက်ရှိပြီး လျှပ်စစ်ဓာတ်အားသုံးစွဲသူပြည်သူများအား တည်ငြိမ်သော လျှပ်စစ်ဓာတ်အား ပိုမိုထုတ်လုပ်ဖြန့်ဖြူးပေးနိုင်ရေး ဆောင်ရွက်လျက်ရှိရာ ဘဏ္ဍာရေးနှစ်အလိုက် ထုတ်လုပ်မှုစရိတ်များစွာ မြင့်မားလာသဖြင့် လျှပ်စစ်ဓာတ်အားခနှုန်းထားများကို မဖြစ်မနေ ပြင်ဆင်သတ်မှတ်ရန် လိုအပ်လာသဖြင့် ပြင်ဆင်သတ်မှတ်ခဲ့ရခြင်းသာဖြစ်ပြီး လူတန်းစားအလွှာအလိုက် အဆင်ပြေစေရန်အလို့ငှာ အနည်းငယ်မျှသာတက်သည့် နှုန်းထားဖြစ်သော်လည်း အဆိုးမြင်သမားအချို့မှာပြည်သူကို ထင်ယောင်ထင်မှားဖြစ်စေရန် အမျိုးမျိုးပြောဆိုရေးသားနေကြသဖြင့် ဤဆောင်းပါးအား ရေးသားတင်ပြလိုက်ရခြင်းလည်းဖြစ်ပါသည်။

မီတာခတိုးမြှင့်ကောက်ခံရသည့် ရည်ရွယ်ချက်မှာ နှစ်မျိုးတည်းသာရှိသည်။ ပထမအချက်မှာ ဌာနမှ ဝင်ငွေတိုးတက်ရရှိ၍ လျှပ်စစ်စွမ်းအားကဏ္ဍဖွံ့ဖြိုးတိုးတက်လာစေရန်နှင့် ဒုတိယအချက်အနေဖြင့် မလုံမလောက်ဖြစ်နေသည့် လျှပ်စစ်ဓာတ်အားကို မလိုအပ်လျှင်မသုံးဘဲ လိုအပ်သလောက်သာသုံးစေလိုသော ရည်ရွယ်ချက်များပင်ဖြစ်ပါသည်။

လက်ရှိမြန်မာနိုင်ငံအနေဖြင့် အကြောင်းအမျိုးမျိုးကြောင့် လျှပ်စစ်ဓာတ်အားကို လုံလောက်စွာဖြန့်ဖြူးနိုင်ခြင်းမရှိသေးပါ။ အမှန်လိုအပ်နေသည်မှာ မဂ္ဂါဝပ် ၆၀၀၀ ခန့်ဖြစ်သော်လည်း ပျမ်းမျှအားဖြင့် ၂၅၀၀ မဂ္ဂါဝပ်ဝန်းကျင်ကိုသာ ကြိုးစားဖြန့်ဖြူးပေးနိုင်လျက်ရှိရာ ပြည်သူတို့အနေဖြင့်မလိုအပ်ဘဲ လျှပ်စစ်ဓာတ်အားကိုမသုံးစွဲခြင်းဖြင့် ယခုကဲ့သို့ ဓာတ်အားမလုံလောက်ချိန်တွင် အခြားအရေးကြီးလိုအပ်သော ဆေးရုံ၊ စာသင်ကျောင်းစသည်တို့ကို ဓာတ်အားပိုမိုဖြန့်ဖြူးပေးနိုင်မည်ဖြစ်၍ နံနက်အလင်းရောင်ရှိသည့်အချိန်မျိုးတွင် လမ်းမီးများ၊ လုံခြုံရေးမီးများနှင့် အခြားမလိုအပ်သော မီးများပိတ်ထားခြင်းဖြင့် လျှပ်စစ်မီးကိုပိုမို၍ အချိန်ပြည့်ဖြန့်ဖြူးပေးနိုင်မည်ဖြစ်ရုံမက ပိုလျှံလာပါက နိုင်ငံတော် ဓာတ်အားစနစ်မှ မီးမရရှိသေးသော အိမ်ထောင်စုများအားဓာတ်အား ပိုမိုဖြန့်ဖြူးပေးနိုင်လာမည်ဖြစ်သည်။




နေအိမ်တစ်အိမ်လျှင် သို့မဟုတ် မိသားစုတစ်စုလျှင်အသုံးပြုရန်မလိုသေးသော ၄၀ ဝပ်အားရှိလေးပေမီးချောင်းတစ်ချောင်းနှင့် ၆၀ ဝပ်အားရှိ မီးသီးတစ်လုံး စုစုပေါင်း ၁၀၀ ဝပ်ခန့်ကို ပိတ်ပေးထားခြင်းဖြင့်လက်ရှိနိုင်ငံတော်ဓာတ်အားစနစ်မှ လျှပ်စစ်ဓာတ်အားရယူသုံးစွဲနေသော အိမ်ထောင်စုနှစ်သန်းကျော်ခန့်နှင့် တွက်ချက်ကြည့်ပါလျှင် ၂၀၀ မဂ္ဂါဝပ် ဓာတ်အားထုတ်လုပ်ပေးနိုင်သော ဓာတ်အားပေးစက်ရုံတစ်ရုံ အသစ်တည်ဆောက်ခြင်းနှင့် အလားတူအကျိုးသက်ရောက်မှုများ ရရှိလာစေမည်ဖြစ်ပါသည်။

ဤနေရာတွင် လျှပ်စစ်မီးအားလုံးပိတ်ထားရန် ချွေတာစေခြင်းမျိုးမဟုတ်ဘဲ မလိုအပ်ပါက (အသုံးပြုရန်မလိုပါက) မီးပိတ်ထားစေခြင်းမျိုးသာဖြစ်သည်ကိုလည်း သတိပြုကြစေလိုပါသည်။ မီးသုံးသူပြည်သူများအနေဖြင့် ထိုသို့လျှပ်စစ်မီးကိုမလိုအပ်သော နေရာများတွင် အသုံးမပြုခြင်းဖြင့် လျှပ်စစ်မီတာခကိုလည်းများစွာသက်သာလာမည်ဖြစ်ပါသည်။ ပထမယူနစ် ၂၀၀ အထိအလင်းရောင်နှင့်ရေတင်ခြင်းစသည့် အိမ်သုံးသုံးစွဲသူ ၃၀ ရာခိုင်နှုန်းသောပြည်သူများအတွက် ဓာတ်အားခနည်းနည်းသာတိုးပြီး လျှပ်စီးကြောင်းပမာဏများများသုံးသည့် Hot Plate၊ Air-con နှင့်ဒယ်နီစသည်တို့ကို သုံးစွဲသူများအတွက်လည်း နိုင်ငံတော်မှထုတ်လုပ်စရိတ်ကာမိစေရန် စီစဉ်ဆောင်ရွက်ထားခြင်းဖြစ်သဖြင့် ချွေတာသုံးစွဲကြခြင်းဖြင့် ပြည်သူများလျှပ်စစ်ဓာတ်အားပိုမိုရရှိလာစေပြီး လျှပ်စစ်ဓာတ်အားပြတ်တောက်ချိန်များ ပိုမိုလျော့နည်းလာစေမည့် အကျိုးကျေးဇူးများကို ရရှိခံစားကြရမည်ဖြစ်ပါသည်။

လျှပ်စစ်ဓာတ်အားခများကို တိုးမြှင့်ကောက်ခံလိုက်ခြင်းဖြင့် ဓာတ်အားသုံးစွဲသူများမှ လျှပ်စစ်ဓာတ်အားချွေတာသုံးစွဲလာပြီးမလိုအပ်ဘဲ ဓာတ်အားအလေအလွင့်ဆုံးရှုံးနေမှုများ လျော့နည်းကျဆင်းလာစေရန်ရည်ရွယ်သော်လည်း အခြားတစ်ဖက်တွင် လျှပ်စစ်ဓာတ်အားကို လျှော့မသုံးဘဲ ဓာတ်အားခိုးယူသုံးစွဲခြင်း သို့မဟုတ် တရားမဝင်လျှပ်စစ်ဓာတ်အားရယူသုံးစွဲမှုများ ဖြစ်လာနိုင်ခြေကလည်းရှိနေပြန်ပါသည်။ လျှပ်စစ်ဓာတ်အားခတိုးမြှင့်သည့်ကြေညာချက်ပေါ်ထွက်ပြီးကတည်းကလူမှုကွန်ရက်စာမျက်နှာများတွင် မီတာခတိုးမပေးရအောင် လျှပ်စစ်မီတာတွင် တရားမဝင်ပြုလုပ်ရန်နည်းများအား ဓာတ်ပုံများ၊ ဗီဒီယိုဖိုင်များဖြင့် ပြုလုပ်ပြသထားသည်များ ပျံ့နှံ့လာသည်ကိုတွေ့ရှိနေရသဖြင့် ပြည်သူများ လိုက်မလုပ်မိကြစေရန်အထူးလိုအပ်ပါသည်။

မီတာခနှုန်းထားများမတက်မီကပင် ပြည်သူအချို့နှင့် လုပ်ငန်းရှင်အချို့တို့သည် မိမိတို့ဓာတ်အားခသက်သာစေရေးအတွက် လျှပ်စစ်ဝန်ထမ်းဟောင်းအချို့နှင့် လက်ရှိအကျင့်ပျက်ဝန်ထမ်းအချို့တို့နှင့် ပူးပေါင်းကာ တရားမဝင်ဓာတ်အားသုံးစွဲမှုများကို ဆောင်ရွက်လျက်ရှိရာ မီတာခတက်ပြီးနောက်မီးခိုးမှု ပိုမိုလုပ်ဆောင်လာနိုင်မည့်အခြေအနေကလည်းရှိနေပြန်ပါသည်။ ထိုသို့ဖြစ်ပေါ်လာပါက နိုင်ငံတော်မှ မျှော်မှန်းသလိုဖြစ်လာနိုင်တော့မည်မဟုတ်ဘဲ ဓာတ်အားပျောက်ဆုံးမှုများ ပိုမိုများပြားလာသလို လျှပ်စစ်ဓာတ်အားပြတ်တောက်မှုများလည်း ပိုမိုဖြစ်ပေါ်လာနိုင်သည်။ သို့ဖြစ်၍ လျှပ်စစ်မီးပိုမိုရရှိလာရေးအတွက် ပြည်သူတစ်ဦးချင်း၊ တစ်ယောက်ချင်းမှ အသိစိတ်ဓာတ်ရှိရှိဖြင့် မလိုအပ်သေးပါကလျှပ်စစ်ဓာတ်အားကိုမသုံးစွဲခြင်း၊ လျှပ်စစ်ဓာတ်အားကိုတရားမဝင်ခိုးယူသုံးစွဲခြင်းမျိုးမှ ရှောင်ကြဉ်ကြရေးမှာ အထူးအရေးကြီးလှပါသည်။ မည်သူသေသေ ငတေမာလျှင်ပြီးရော စိတ်ဓာတ်ရှိသူများကိုလည်း ပြည်သူများက ပူးပေါင်း၍ ဝိုင်းဝန်းဖော်ထုတ်ပေးနိုင်မှသာ နိုင်ငံတော်၏ ဓာတ်အားခအနည်းငယ်သာ တိုးမြှင့်ကောက်ခံပြီး လျှပ်စစ်ဓာတ်အား ပိုမိုရရှိစေနိုင်ရေးမျှော်မှန်းချက်မှာ အောင်မြင်မှုများရရှိလာနိုင်မည်ဖြစ်ပါသည်။

ယခုအခါ ပညာပေးကာလအနေဖြင့် တရားမဝင်သုံးစွဲမှုများကိုဖြေလျှော့၍ အရေးယူဆောင်ရွက်လျက်ရှိသော်လည်း အနာဂတ်ကာလတွင်တရားမဝင်ဓာတ်အားသုံးစွဲမှုများကို ထိထိရောက်ရောက်အရေးယူဆောင်ရွက်သွားတော့မည်ဖြစ်ရာ တရားမဝင်ဓာတ်အားသုံးစွဲသူများနှင့် အကျင့်ပျက်ဝန်ထမ်းအချို့အနေဖြင့် အထူးဆင်ခြင်ကြရန် အချိန်ကာလလည်းဖြစ်ပါသည်။ မကြာမြင့်သေးမီကာလက အရေးယူခဲ့ရသော ဖြစ်ရပ်အချို့အားလည်း ပြည်သူတို့သိရှိနိုင်စေရန် အနည်းငယ်ဖော်ပြလိုပါသည်။

ပထမဆုံးတင်ပြလိုသော အမှုဖြစ်စဉ်တစ်ခုမှာ ရန်ကုန်တိုင်းဒေသကြီး ရွှေပြည်သာမြို့နယ် ရွှေလင်ပန်းစက်မှုဇုန်ရှိ ရေခဲစက်တစ်ခုတွင် ဖြစ်ပွားခဲ့သောဖြစ်စဉ်ဖြစ်သည်။ အဆိုပါဖြစ်စဉ်တွင် ဓာတ်အားခသက်သာစေရန် မီတာအား ပြုပြင်ဆောင်ရွက်ခဲ့ခြင်းဖြစ်၍ မီတာအားပြုပြင်ဆောင်ရွက်ပေးသူအခြားမြို့နယ်မှ ဝန်ထမ်းနှစ်ဦးနှင့်အတူ ပြုပြင်ဆောင်ရွက်ရန် စေခိုင်းသူရေခဲစက်မန်နေဂျာ ဖြစ်သူတို့အား လျှပ်စစ်ဥပဒေ ပုဒ်မ(၅၃) ကို ဖောက်ဖျက်ကျူးလွန်ခဲ့သဖြင့် ဥပဒေပုဒ်မ (၆၃) အရ တရားစွဲဆိုထားသည့်အပြင် ရေခဲစက်ရုံကိုလည်းနစ်နာကြေးငွေသိန်းတစ်ထောင်ကျော်ပြန်လည်ပေးသွင်းစေခဲ့သော အမှုဖြစ်စဉ်ဖြစ်သည်။ ဒုတိယအနေဖြင့် စိတ်ဝင်စားဖွယ်ရာအမှုဖြစ်စဉ်တစ်ခုကိုလည်း ဖော်ပြပေးလိုပါသည်။ အိမ်ရှင်မှာ ရန်ကုန်တိုင်းဒေသကြီး လှိုင်မြို့နယ်မှဖြစ်ကာ ပြည်ပသို့ခရီးသွားရောက်နေပြီး နေအိမ်အားငှားရမ်းထားခဲ့ရာ အိမ်ငှားဖြစ်သူမှ အိမ်သုံးမီတာအားခွထောက် (By pass) ပြုလုပ်ကာသုံးစွဲခဲ့သော အမှုဖြစ်စဉ်ဖြစ်သည်။ ဥပဒေအရ အိမ်ရှင်တွင်သာ တာဝန်ရှိသဖြင့် အိမ်ရှင်ဖြစ်သူအား နစ်နာကြေးငွေဆယ်သိန်းကျော်ပေးသွင်းစေပြီး လျှပ်စစ်ဥပဒေအရအမှုဖွင့်တရားစွဲဆိုထားသော ဖြစ်စဉ်ဖြစ်သည်။ အဆိုပါဖြစ်စဉ်နှစ်ခုမှာ လက်ရှိတွင်တရားစွဲဆိုထားခြင်းမှ ကင်းလွတ်ခွင့်ပြုပါရန် ကာယကံရှင်တို့မှ အသနားခံတင်ပြထားဆဲသာဖြစ်ပြီး အပြီးသတ်ဆုံးဖြတ်ချက်ချမှတ်ထားခြင်းမရှိသေးဟုသိရှိရသည်။ ထို့ပြင်အခြားစိတ်ဝင်စားဖွယ်ရာအမှုဖြစ်စဉ်တစ်ခုမှာ ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာ (အရှေ့) မြို့နယ်မှဖြစ်ကာ အဆောင်လုပ်ငန်းလုပ်ကိုင်သူတစ်ဦး၏ ပါဝါမီတာမှာ Over Load သုံးစွဲ၍ လောင်ကျွမ်းပျက်စီးခဲ့ခြင်းအားမြို့နယ်လျှပ်စစ်ရုံးသို့တရားဝင်တင်ပြခြင်းမရှိဘဲ လျှပ်စစ်ရုံးမှနေ့စားဝန်ထမ်းများအား ငွေပေး၍ပြုပြင်စေခိုင်းခဲ့သော ဖြစ်စဉ်ဖြစ်သည်။ အဆိုပါနေ့စားဝန်ထမ်းများအား ယခုအခါတာဝန်မှ ရပ်စဲထားပြီးဖြစ်သည့်အပြင် ကာယကံရှင်ကိုလည်း နစ်နာကြေးတောင်းခံရန်နှင့်အမှုဖွင့်ရန် ဆောင်ရွက်လျက်ရှိကြောင်း သိရှိရပါသည်။ အဆိုပါဖြစ်စဉ်များကို လေ့လာကြည့်ရှုခြင်းအားဖြင့် တရားမဝင်ဓာတ်အားသုံးစွဲမှုများအားစစ်ဆေးတွေ့ရှိလျှင် နစ်နာကြေးတောင်းခံပေးသွင်းရုံမျှဖြင့် ရရှိတော့မည်မဟုတ်ဘဲ လျှပ်စစ်ဥပဒေများဖြင့်ပါ အမှုဖွင့်တရားစွဲဆိုခံရပြီး ချက်ချင်းအာမခံမရဘဲ အချုပ်အနှောင်ခံရနိုင်သည်ဆိုခြင်းကို ပြည်သူများအထူးသတိပြုမိကြစေလိုပါသည်။ ဤနေရာတွင် လျှပ်စစ်ဥပဒေပုဒ်မ (၅၃)နှင့် (၆၃)တို့အားဖော်ပြပေးလိုပါသည်။

ပုဒ်မ(၅၃) ။ ။ မည်သူမျှလျှပ်စီးကြောင်းလွှဲပေးခြင်း၊ လျှပ်စစ်ဓာတ်အားပေးသည့်လိုင်းကိုဖြတ်တောက်ခြင်း၊ လျှပ်စစ်ဆိုင်ရာလုပ်ငန်းတစ်ခုခုတွင် အသုံးပြုသည့် လျှပ်စစ်ပစ္စည်းကိရိယာများကို ဖျက်ဆီးခြင်းမပြုရ။

တရားမဝင်ချိတ်ဆွဲအသုံးပြုခြင်းနှင့်လျှပ်စစ်မီတာအားမသမာပြုလုပ်၍ဓာတ်အားခိုးယူခြင်းတို့အတွက်မပြုလုပ်ရန် တားမြစ်ထားသောပုဒ်မဖြစ်ပါသည်။

အဆိုပါ ပုဒ်မ(၅၃)အားချိုးဖောက်ကြောင်းသက်သေထင်ရှားလျှင် **စာမျက်နှာ ၁၄ သို့** ◆

◆ စာမျက်နှာ ၁၃ မှအဆက်

လျှပ်စစ်ဥပဒေပုဒ်မ(၆၃) အရ မည်သူမဆို ပုဒ်မ ၅၃ ပါ တားမြစ်ချက်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကိုအနည်းဆုံး ငါးနှစ်မှအများဆုံး ၁၀ နှစ်အထိထောင်ဒဏ်ချမှတ်ရမည့် ပြင်ငွေဒဏ်လည်းချမှတ်နိုင်ကြောင်း ဖော်ပြထားရာ အဆိုပါဥပဒေပုဒ်မများသည် မည်မျှကြီးလေးပြင်းထန်ကြောင်းထင်ရှားလှပြီး မီးသုံးသူပြည်သူများအနေဖြင့် အသနားခံနေရုံဖြင့်ကင်းလွတ်ခွင့်ရရှိနိုင်ရန် မလွယ်ကူကြောင်း သိသာထင်ရှားလှသည်။ မီးဆိုသည်မှာ ပူမှန်းသိပါလျက် ပူမည်မထင်၍ကိုင်မိလျှင် ကိုင်မိသူသာအပူဒဏ် ခံစားရပါလိမ့်မည်။ ဥပဒေဆိုသည်မှာလည်း အလားတူပင်ဖြစ်မှုသာ "မသိလို့နားမလည်လို့ပါ"ဟု ထုချေနေရုံဖြင့်အပြစ်မှလွတ်မည်မဟုတ်ပါသဖြင့် တရားမဝင်ဓာတ်အားသုံးစွဲမှုများဆောင်ရွက်ပါက ထောင်ဒဏ်ကျခံနိုင်မည်ဆိုသည်ကိုလည်း နားလည်သဘောပေါက်ကြရန် အထူးပင်လိုအပ်နေပြီဖြစ်သည်။

မီတာခနှုန်းမတိုးမီကပင် ကုန်ဈေးနှုန်းများတိုးနေသည်ကို ပြည်သူများ တွေ့ကြုံခဲ့ပြီးဖြစ်သဖြင့် ကုန်ဈေးနှုန်းများတက်နေခြင်းသည် မီတာခတက်ခြင်းနှင့်လုံးဝမသက်ဆိုင်သည်မှာ ထင်ရှားပါသည်။ မီဒီယာအချို့တွင် စွပ်စွဲဖော်ပြနေကြသလို အဆမတန်တိုးမြှင့်ခဲ့ခြင်းလည်းမဟုတ်ဘဲ လျှပ်စစ်ဓာတ်အားအနည်းငယ်သာ အသုံးပြုနိုင်သော အခြေခံလူတန်းစားများအတွက် အနည်းငယ်သာတိုးမြှင့်ထားခြင်းဖြစ်ပြီး များများသုံးစွဲလိုသောသူများအနေဖြင့်လည်း နိုင်ငံတော်မှထုတ်လုပ်စရိတ်ကာမိစေရန် ရည်ရွယ်ဆောင်ရွက်ခဲ့ကြောင်းထင်ရှားစွာတွေ့မြင်နိုင်ပါသည်။ ဓာတ်အားနည်းနည်းသုံးပါက ဓာတ်အားခသက်သာပြီး များများသုံးပါကနိုင်ငံတော်မှထုတ်လုပ်စရိတ်ပိုမိုကာမိစေသော စနစ်ဖြစ်ကြောင်းကို ဓာတ်အားခနှုန်းထားသစ်များအား သေချာစွာလေ့လာကြည့်ရှုပါက သိမြင်နိုင်ကြပါလိမ့်မည်။

## ▲ လျှပ်စစ်ဓာတ်အား ထုတ်လုပ်မှုစရိတ်မှာ ကမ္ဘာအနှံ့အပြားတွင် တစ်ယူနစ်လျှင်အနည်းဆုံးငွေကျပ် ၃၀၀ မှ ၄၀၀ ခန့်ရှိနေချိန်တွင် မြန်မာနိုင်ငံအနေဖြင့် တစ်ယူနစ်လျှင် ၅၀ ကျပ်သာ ရယူထားခြင်းဖြစ်. . .

## ▲ မဟာဓာတ်အားလိုင်းတိုင်ကြီးတစ်ခုအားဖြိုဖျက်ရန် မိနစ်ပိုင်းသာလိုသော်လည်း ပြန်လည်တည်ဆောက်ရန် အချိန်များစွာလို. . .

လျှပ်စစ်ဓာတ်အား ထုတ်လုပ်မှုစရိတ်မှာ ကမ္ဘာအနှံ့အပြားတွင် တစ်ယူနစ်လျှင်အနည်းဆုံးငွေကျပ် ၃၀၀ မှ ၄၀၀ ခန့်ရှိနေချိန်တွင် မြန်မာနိုင်ငံအနေဖြင့် တစ်ယူနစ်လျှင် ၅၀ ကျပ်သာ ရယူထားခြင်းဖြစ်ပါသည်။ လျှပ်စစ်သုံးစွဲမှုပမာဏများလာခြင်း၊ ငွေကြေးဖောင်းပွမှုမြင့်တက်လာခြင်း၊ ပြည့်ဖြိုးမြဲစွမ်းအင် (RenewableEnergy)ပြောင်းလဲသုံးစွဲရန်ကြိုးစားခြင်း၊ အစိုးရ၏ငွေကြေးစိုက်ထုတ်နေရမှုများကို လျှော့ချလိုခြင်း၊လောင်စာဆီနှင့် သဘာဝဓာတ်ငွေ့ဈေးတက်ခြင်းစသည့်အကြောင်းအမျိုးမျိုးကြောင့် နိုင်ငံတကာတွင်လည်း လျှပ်စစ်မီတာခများတိုးမြှင့်လေ့ရှိပါသည်။ အိမ်နီးချင်းထိုင်းနိုင်ငံတွင် ၂၀၂၃ ခုနှစ်က တစ်ယူနစ်လျှင် ၃ ဒသမ ၃၈ ဘတ်မှ ၂၀၂၄ ခုနှစ်တွင် တစ်ယူနစ်လျှင် ၄ ဒသမ ၁၈ ဘတ်အထိ တိုးမြှင့်ခဲ့ပါသည်။ အလားတူ ဗီယက်နမ်နိုင်ငံတွင်လည်း တစ်နှစ်အတွင်း မီတာခကို ၇ ဒသမ ၅ ရာခိုင်နှုန်းတိုးမြှင့်ခဲ့ပါသည်။

မြန်မာအပါအဝင် အိမ်နီးချင်းနိုင်ငံများတွင် ဓာတ်အားခဈေးနှုန်းများမြင့်တက်လာရခြင်း၏အဓိကအကြောင်းရင်းတစ်ခုမှာ ရုပ်ကြွင်းလောင်စာသုံး လျှပ်စစ်ဓာတ်အားထုတ်လုပ်ခြင်းများကိုလျှော့ချပြီး ဈေးနှုန်းကြီးမြင့်သည့် ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်များကို ပိုမိုထုတ်လုပ်လာရခြင်းသည်လည်း တစ်ခုအပါအဝင်ဖြစ်၍ အိမ်နီးချင်းနိုင်ငံများတွင် အဆိုပါအခြေအနေများကိုသိမြင်ကြ၍ ဓာတ်အားခတက်ခြင်းအပေါ် ပြည်သူများအနေဖြင့် ဝေဖန်ခြင်းမျိုးမရှိသည်ကိုလည်း တွေ့ရှိရပါသည်။

တစ်ဖက်တွင်လည်း မီတာခတိုးမြှင့်ကြောင်းကြေညာလိုက်စဉ်တွင်ပင် ပြည်သူများဘက်မှ မီတာခတော့တိုးပြီး လျှပ်စစ်ကိုတော့ အပြည့်မပေးကြောင်း ဝေဖန်မှုများမြင့်တက်လာပါသည်။ နိုင်ငံတော်အနေဖြင့် လျှပ်စစ်ဓာတ်အားကို အလုံအလောက်မထုတ်လုပ်နိုင်သေးသဖြင့် အလှည့်ကျပေးနေရခြင်းဖြစ်ပြီး လျှပ်စစ်မီတာခတိုးမြှင့်လိုသဖြင့်လျှပ်စစ်လုံလောက်လျက်သားနှင့်အလှည့်ကျပေးနေခြင်းမျိုးမဟုတ်သဖြင့် မီတာခတိုးတိုးချင်း မီးအပြည့်အဝပေးရန်မှာမဖြစ်နိုင်သေးပါ။ လျှပ်စစ်ဓာတ်အားထုတ်လုပ်ဖြန့်ဖြူးသည့် စက်ရုံများ၊ ဓာတ်အားလိုင်းများ၊ ဓာတ်အားခွဲရုံများသည် ယခုချက်ချင်းဆောက်ယခုချက်ချင်းမပြီးစီးနိုင်ပါ။ မဟာဓာတ်အားလိုင်းတိုင်ကြီးတစ်ခုအားဖြိုဖျက်ရန် မိနစ်ပိုင်းသာလိုသော်လည်း ပြန်လည်တည်ဆောက်ရန် အချိန်များစွာလိုအပ်ပါသည်။ အချို့သောစက်ပစ္စည်းကိရိယာများသည် ပြည်ပမှဝယ်ယူရသဖြင့် ထိုက်သင့်သည့်အချိန်လိုအပ်ပါသည်။ မန်းမှုတ်လိုက်ရုံဖြင့်ဘွားကနဲပေါ်လာခြင်းမျိုးမဟုတ်သဖြင့် မီတာခတိုးလိုက်ရုံဖြင့် ချက်ချင်းလျှပ်စစ် အပြည့်ရနိုင်မည်တော့မဟုတ်ပါ။ လျှပ်စစ်စွမ်းအားဝန်ကြီးဌာနအနေဖြင့် လျှပ်စစ်တိုးတက်ထုတ်လုပ်နိုင်ရေးနှင့် အပြည့်အဝပေးနိုင်ရေးအတွက် တစိုက်မတ်မတ်ဆောင်ရွက်လျက်ရှိသဖြင့် မဝေးတော့သည့်ကာလတွင် ပို၍ပို၍ လျှပ်စစ်ဓာတ်အားကို ထုတ်လုပ်ဖြန့်ဖြူးပေးနိုင်လာမည်ဖြစ်ပါသည်။

နိဂုံးချုပ်အနေဖြင့် တင်ပြလိုသည်မှာ နိုင်ငံတော်မှ ဓာတ်အားတိုးမြှင့်ရခြင်းအကြောင်းရင်းသည်ငွေကြေးမတတ်နိုင်သည့် မိသားစုတွင်လျှပ်စစ်ယူနစ်ကိုနည်းနည်းပဲသုံးကြသဖြင့် နိုင်ငံတော်ဘက်ကစိုက်ထုတ်ရတာနည်းသော်လည်း လျှပ်စစ်အသုံးအဆောင်များစွာဖြင့် လျှပ်စစ်ယူနစ်အများကြီး သုံးစွဲမှုအပေါ် နိုင်ငံတော်ဘက်မှ အများကြီးစိုက်ထုတ်ရသဖြင့် စိုက်ထုတ်ရသက်သာစေရန်ရည်ရွယ်ဆောင်ရွက်လိုက်ခြင်းသာဖြစ်ပါသည်။ သို့ဖြစ်ပါ၍ ဓာတ်အားခတိုးမြှင့်ခြင်းအပေါ် အဆိုးမြင်ဝါဒီသမားများ၏ အဆိုးမြင်ဝေဖန်ချက်များကိုဂရုမပြုကြဘဲ လျှပ်စစ်ကိုပိုမိုရရှိစေရန်အတွက် လျှပ်စစ်ဓာတ်အားကို မလိုအပ်ချိန်တွင် အသုံးမပြုခြင်း၊ တရားမဝင်ဓာတ်အား ခိုးယူသုံးစွဲခြင်းများကို ရှောင်ကြဉ်ခြင်းဖြင့်ပြည်သူများဘက်မှ ပူးပေါင်းပါဝင်ဆောင်ရွက်ပေးကြပါရန် အနူးအညွတ်မေတ္တာရပ်ခံရေးသားတင်ပြလိုက်ရပါသည်။ ။

# ရွှေဘိုမြို့နယ်၌ ယခုနှစ်မိုးသီးနှံစိုက်ပျိုးချိန်တွင် ပဲစင်းငုံသီးနှံလျာထားကေထက် ပိုမိုစိုက်ပျိုး

ရွှေဘို စက်တင်ဘာ ၁၈

ယခုနှစ် မိုးသီးနှံစိုက်ပျိုးချိန်တွင် စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုမြို့နယ်၌ ပဲစင်းငုံသီးနှံကိုလျာထားကေထက် ပိုမိုစိုက်ပျိုးနိုင်ခဲ့ကြောင်း ရွှေဘိုမြို့နယ်စိုက်ပျိုးရေးဦးစီးဌာန စာရင်းများအရ သိရသည်။

ရွှေဘိုမြို့နယ်၌ ပဲစင်းငုံ ၆၉၆၈ ဧက စိုက်ပျိုးရန်လျာထားပြီး ယခုနှစ် မေလမှစတင်၍ စိုက်ပျိုးခဲ့ကြရာ ယနေ့အထိ ၇၄၂၆ ဧကစိုက်ပျိုးပြီးစီးနေပြီဖြစ်သဖြင့် လျာထားဧကထက် ၄၅၈ ဧက ပိုမိုစိုက်ပျိုးနိုင်သည်။

"ရွှေဘိုမြို့နယ်မှာ ပဲစင်းငုံသီးနှံဧက ၆၀၀၀ ကျော် စိုက်ပျိုးဖို့အတွက် လျာထားပါတယ်။ ဒီနေ့အထိ ဧက ၇၀၀၀ ကျော် စိုက်ပျိုးပြီးစီးနေပြီဖြစ်ပါတယ်။ ပဲစင်းငုံစိုက်ပျိုးရာမှာ အထွက်နှုန်းကောင်းမွန်ဖို့လည်းဆောင်ရွက်ပေးနေပါတယ်။ ပဲစင်းငုံသီးနှံကို သီးသန့်စိုက်ပျိုးကြသလို သီးထပ်သီးညှပ်အနေနဲ့လည်း စိုက်ပျိုးကြပါတယ်"ဟု ရွှေဘိုမြို့နယ်စိုက်ပျိုးရေးဦးစီးဌာနဦးစီးမှူးဦးဆန်းဦးကပြောသည်။

ပဲစင်းငုံ စိုက်ပျိုးမည့်တောင်သူများကို မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနအနေဖြင့် မျိုးကောင်းမျိုးသန့် ရွေးချယ်စိုက်ပျိုးရေး၊ စိုက်နည်းစနစ်မှန်ကန်ရေး၊ ပိုးမွှားအန္တရာယ်ကင်းရှင်းရေး၊ အထွက်နှုန်းကောင်းမွန်ရေးအတွက်ကွင်းဆင်းအသိပညာပေးလျက်ရှိသည်။

မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနအနေဖြင့် ရွှေဘိုမြို့နယ်အတွင်းရှိ ပဲစင်းငုံစိုက်ပျိုးသည့်တောင်သူများကို ရွက်ဖျန်းမြေဩဇာဝယ်ယူမှုလျှော့ချနိုင်စေရန်အတွက် ယူရီးယားနှင့်လက်ချား ပေါင်းစပ်သုံးစွဲသည့် နည်းပညာများ ဖြန့်ဝေပေးလျက်ရှိကြောင်းနှင့်ယူရီးယားနှင့် လက်ချား သုံးစွဲနည်းကြောင့် စိုက်ပျိုးစရိတ် သက်သာပြီး အပင်များပိုးမွှားကင်းစင် အပင်ဖြစ်ထွန်းမှုကောင်းကြောင်း သိရသည်။

(၄၀၉)

# ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များအပေါ် စုံစမ်းမေးမြန်းခြင်းနှင့် သတင်းပို့ခြင်းပြုလုပ်နိုင်

၁။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာ ကိစ္စရပ်များနှင့်စပ်လျဉ်း၍ သိရှိလိုသည်များကို စုံစမ်းမေးမြန်းရန်နှင့်သတင်းပို့ရန်တို့အတွက် တိုင်းဒေသကြီးနှင့်ပြည်နယ်အသီးသီးရှိ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့များ၏ အောက်ပါဖုန်းနံပါတ်များသို့ ရုံးချိန်အတွင်းဆက်သွယ်နိုင်ပါကြောင်း ထုတ်ပြန်အပ်ပါသည်-

(က) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့ ဌက္ကဌရုံး (နေပြည်တော်)
- (၁) ၀၆၇- ၃၄၀၄၉၁၁၊ ၀၆၇- ၃၄၀၄၉၂၂၊ ၀၆၇- ၃၄၀၄၉၃၃၊ ၀၆၇-၃၄၀၄၉၄၄၊ ၀၆၇-၃၄၀၄၉၅၅
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၀၁

(ခ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (နေပြည်တော်ကောင်စီ)
- (၁) ၀၆၇-၄၅၅၀၄၈၈၊ ၀၆၇-၄၅၅၀၄၉၉
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၀၂

(ဂ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (စစ်ကိုင်းတိုင်းဒေသကြီး)
- (၁) ၀၇၁- ၂၀၃၂၀၉၁၊ ၀၇၁- ၂၀၃၂၀၉၂
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS)၀၉- ၂၅၅၀၀၂၅၀၇

(ဃ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (တနင်္သာရီတိုင်းဒေသကြီး)
- (၁) ၀၅၉- ၂၀၂၄၀၃၇၊ ၀၅၉- ၂၀၂၄၀၃၈
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၀၈

(င) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ပဲခူးတိုင်းဒေသကြီး)
- (၁) ၀၅၂- ၂၂၀၁၉၃၉၊ ၀၅၂- ၂၂၀၁၉၄၉
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၀၉

(စ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မကွေးတိုင်းဒေသကြီး)
- (၁) ၀၆၃-၂၀၂၈၈၇၈၊ ၀၆၃- ၂၀၂၈၈၇၉
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၁၀

(ဆ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မန္တလေးတိုင်းဒေသကြီး)
- (၁) ၀၂- ၄၀၂၁၂၄၅၊ ၀၂- ၄၀၂၁၂၄၆
- (၂) မိုဘိုင်းဖုန်းမှစာတိုပို့ဝန်ဆောင်မှု(SMS) ၀၉- ၂၅၅၀၀၂၅၁၁

(ဇ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မွန်ပြည်နယ်)
- (၁) ၀၅၇ - ၂၀၂၇၉၃၅၊ ၀၅၇- ၂၀၂၇၉၃၆
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၁၂

(ဈ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရခိုင်ပြည်နယ်)
- (၁) ၀၉- ၂၅၅၀၀၂၅၁၇၊ ၀၉- ၂၅၅၀၀၂၅၁၈
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၁၃

(ည) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရန်ကုန်တိုင်းဒေသကြီး)
- (၁) ၀၁- ၈၃၀၀၀၁၆၊ ၀၁- ၈၃၀၀၀၁၇
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၁၄

(ဋ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရှမ်းပြည်နယ်)
- (၁) ၀၈၁- ၂၁၂၄၅၄၀၊ ၀၈၁- ၂၁၂၄၉၉၅
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန်(SMS)၀၉- ၂၅၅၀၀၂၅၁၅

(ဌ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ဧရာဝတီတိုင်းဒေသကြီး)
- (၁) ၀၄၂- ၂၀၂၅၉၉၃၊ ၀၄၂- ၂၀၂၅၉၉၄
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၁၆

၂။ စုံစမ်းမေးမြန်းခြင်း၊ သတင်းပို့ခြင်းမဟုတ်ဘဲ အနှောင့်အယှက်ပေးဆက်သွယ်လာသည့်တယ်လီဖုန်းနံပါတ်များကို မှတ်တမ်းတင်ကာယင်းဖုန်းဆင်းကတ်များကို ပိတ်သိမ်းသွားမည်ဖြစ်ကြောင်း အသိပေးအပ်ပါသည်။

**ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့**

## လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန်လိုအပ်

**“လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် ၎င်းတို့အစမ္မဝင်ရောက်နေထိုင်နေသည့်မြို့၊ ရွာများ၌ တပ်မတော်၏တန်ပြန်ထိုးစစ်ဆင်မှုများကိုကာကွယ်ရန်အတွက် ပြည်သူတို့၏နေအိမ်အဆောက်အဦများ၊ အရပ်ဘက်အုပ်ချုပ်မှုဆိုင်ရာအဆောက်အဦများကိုအသုံးပြုခြင်း၊ အပြစ်မဲ့ပြည်သူလူထုကို လူသားတံတိုင်းအဖြစ်အသုံးပြုနိုင်ရေး ယာယီနေရပ်စွန့်ခွာနေရသူများကို ပြန်လည်နေထိုင်ရန်ဆွဲဆောင်စည်းရုံးခြင်း၊ အတင်းအဓမ္မလူသစ်စုဆောင်းခြင်းများကိုလုပ်ဆောင်လျက်ရှိကြောင်း၊ တပ်မတော်အနေဖြင့် နိုင်ငံတော်၏အချုပ်အခြာအာဏာကို မဖြစ်မနေကာကွယ်စောင့်ရှောက်သွားမည်ဖြစ်ပြီး အဆိုပါလက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ သတင်းရရှိမှုနှင့် အခြေအနေအရပ်ရပ်အပေါ်မူတည်၍ လိုအပ်သလိုတုံ့ပြန်ဆောင်ရွက်သွားမည်ဖြစ်သဖြင့် ၎င်းတို့အစမ္မဝင်ရောက်နေထိုင်လျက်ရှိသည့် မြို့၊ ရွာများရှိပြည်သူများအနေဖြင့် ၎င်းတို့၏အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန်လိုအပ်ကြောင်း။”**

(၃-၉-၂၀၂၄ ရက်နေ့တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်နှင့်ခရိုင်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများအား ပြောကြားသည့် အမှာစကားမှကောက်နုတ်ချက်)

## ရေကြီးရေလျှံမှုများ ဖြစ်ပေါ်ခဲ့သော ဒေသများတွင် သေဆုံးခဲ့သော ဒေသခံပြည်သူများအား နိုင်ငံတော်အစိုးရမှ ထောက်ပံ့ငွေများ ပေးအပ်မည်

**နေပြည်တော် စက်တင်ဘာ ၁၈**

နေပြည်တော်ကောင်စီနယ်မြေအပါအဝင် တိုင်းဒေသကြီးနှင့် ပြည်နယ်အချို့တွင် မိုးအဆက်မပြတ်ရွာသွန်းခဲ့ပြီး ရေကြီးရေလျှံမှုများ ဖြစ်ပေါ်ခဲ့မှုကြောင့် ချောင်းရေနှင့် မြစ်ရေများ အဆက်မပြတ်မြင့်တက်လာမှုနှင့်အတူ နေပြည်တော်ကောင်စီနယ်မြေ၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်နှင့် ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိမြို့နယ် ၅၆ မြို့နယ်မှ ရပ်ကွက်၊ ကျေးရွာများတွင် ရေကြီးရေလျှံမှုများဖြစ်ပေါ်ခဲ့ပြီး လမ်း၊ တံတားအချို့ ရေတိုက်စားပျက်စီးခြင်း၊ လူနေအိမ်၊ ရုံး/ဌာန အဆောက်အအုံ၊ စာသင်ကျောင်း၊ အခြားအဆောက်အအုံများအား ရေဝင်နစ်မြုပ်ခြင်း၊ ထိခိုက်ပျက်စီးခြင်းများ ဖြစ်ပေါ်ခဲ့သည်။

ထိုကဲ့သို့ ရေကြီးရေလျှံမှုဖြစ်ပေါ်ခဲ့သော မြို့နယ် ၅၆ မြို့နယ်မှ ရပ်ကွက်၊ ကျေးရွာတို့တွင် ယနေ့နံနက် ၉ နာရီအထိ ကောက်ယူရရှိသော စာရင်းများအရ ပြည်သူ ၂၆၈ ဦး သေဆုံးခဲ့ပြီး ၈၈ ဦး ပျောက်ဆုံးလျက်ရှိကြောင်း သိရှိရသည်။ ထိုသို့ သဘာဝဘေးဒဏ်ကြောင့် သေဆုံးခဲ့သည့် ပြည်သူများကို တစ်ဦးလျှင် နိုင်ငံတော်အစိုးရအနေဖြင့် အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှု ရန်ပုံငွေမှ ၅ သိန်းကျပ်နှင့် လူမှုဝန်ထမ်းကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနမှ ၃ သိန်းကျပ်၊ စုစုပေါင်း ၈ သိန်းကျပ်ကို ကျန်ရစ်သူမိသားစုထံသို့ ထောက်ပံ့ပေးအပ်သွားမည်ဖြစ်ကြောင်း နှင့် သက်ဆိုင်ရာတိုင်းဒေသကြီးနှင့် ပြည်နယ် အစိုးရအဖွဲ့များကလည်း သီးခြားထပ်ဆောင်း ထောက်ပံ့ပေးသွားမည်ဖြစ်ကြောင်း အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီက ထုတ်ပြန်ထားသည်။

ထို့ပြင် ထိခိုက်ဒဏ်ရာ ခံစားခဲ့ရမှုအခြေအနေနှင့် အိုးအိမ်များပျက်စီးဆုံးရှုံးရမှုအခြေအနေများအပေါ် မူတည်ကာ လိုအပ်သည့် ထောက်ပံ့ကူညီမှုများကို ဆက်လက်ဆောင်ရွက်ပေးသွားရန်စီစဉ်ထားရှိကြောင်း သတင်းရရှိသည်။

(၁၀၀)

## မော်တော်ယာဉ်မတော်တဆမှုဖြစ်စဉ်ကယ်ဆယ်ရေး သင်တန်းဆင်းပွဲကျင်းပ





**နေပြည်တော် စက်တင်ဘာ ၁၈**

ပြည်ထဲရေးဝန်ကြီးဌာန၊ မီးသတ်ဦးစီးဌာန၏ မော်တော်ယာဉ်မတော်တဆမှု ဖြစ်စဉ် ကယ်ဆယ်ရေးသင်တန်း (Road Traffic Accident-Vehicle Extrication) သင်တန်းဆင်းပွဲအခမ်းအနားကို ယနေ့ နံနက်ပိုင်းတွင် ပြည်ထောင်စုနယ်မြေ (နေပြည်တော်)၊ ဒက္ခိဏခရိုင်၊ ဒက္ခိဏသီရိ မြို့နယ်တွင်ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးရာပြည့် တက်ရောက်၍ သင်တန်းဆင်းမိန့်ခွန်းပြောကြားသည်။

သင်တန်းဆင်းပွဲအခမ်းအနားသို့ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦးနှင့် နေပြည်တော်ကောင်စီဝင်များ၊ ပြည်ထဲရေးဝန်ကြီးဌာနမှ ရဲချုပ်၊ အမြဲတမ်းအတွင်းဝန်နှင့် ညွှန်ကြားရေးမှူးချုပ်များ၊ အရာရှိကြီးများ၊ မီးသတ်ဦးစီးဌာနမှ အရာရှိများနှင့် သင်တန်းသားများ တက်ရောက်ကြသည်။

သင်တန်းဆင်းပွဲတွင် မြန်မာနိုင်ငံတစ်ဝန်း၌ ဖြစ်ပွားကြုံတွေ့ရလေ့ရှိသည့် မော်တော်ယာဉ်တိမ်းမှောက်ထိခိုက်မှု ပုံစံတစ်ခုချင်းစီအလိုက် ဖြစ်စဉ်ဖွင့်၍ အသင်းလိုက်ကယ်ဆယ်ခြင်း စွမ်းရည်ပြိုင်ပွဲများကျင်းပရာ သင်တန်းသားများ အဖွဲ့လိုက် ပါဝင်ယှဉ်ပြိုင်ခဲ့ကြပြီး ဆုရအသင်းနှင့် သင်တန်းသားတပ်ဖွဲ့ဝင်များအား နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးရာပြည့်က ဆုများ ချီးမြှင့်ပေးအပ်သည်။

အဆိုပါသင်တန်းကို ပြည်ထောင်စုနယ်မြေ(နေပြည်တော်) ဇမ္ဗူသီရိမြို့နယ် မီးသတ်စခန်း၌ စက်တင်ဘာလ ၂ ရက်မှ ၁၈ ရက်အထိဖွင့်လှစ်ခဲ့ပြီး မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့ဌာနချုပ်မှ အထူးရှာဖွေကယ်ဆယ်ရေးတပ်ဖွဲ့ဝင်များ၊ ဗဟိုမီးသတ်သင်တန်းကျောင်းမှ တပ်ဖွဲ့ဝင်များ၊ နေပြည်တော်ကောင်စီနယ်မြေအတွင်းရှိ မြို့နယ်များနှင့် ရန်ကုန်-မန္တလေးအမြန်လမ်း နယ်မြေမီးသတ်စခန်းများမှရှာဖွေကယ်ဆယ်ရေးတပ်ဖွဲ့ဝင်များ စုစုပေါင်း သင်တန်းသား ၅၂ ဦး တက်ရောက်ခဲ့ကြောင်းနှင့် အဆိုပါသင်တန်းဖွင့်လှစ်ခဲ့ခြင်းကြောင့် မီးသတ်တပ်ဖွဲ့ဝင်များ၏ ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းစွမ်းဆောင်ရည်များ တိုးတက်မြင့်မားလာကာ မော်တော်ယာဉ် မတော်တဆမှုဖြစ်စဉ်များတွင် အချိန်နှင့်တစ်ပြေးညီ ပိုမိုထိရောက်လျင်မြန်စွာတုံ့ပြန်ဆောင်ရွက်ပေးနိုင်မည်ဖြစ်ပြီး မော်တော်ယာဉ်မတော်တဆမှုများကြောင့် ထိခိုက်ဒဏ်ရာရရှိသည့် လူနာများအား ဆေးရုံ/ ဆေးခန်းများသို့ အချိန်မီပို့ဆောင်နိုင်မည်ဖြစ်ကာ ထိခိုက်ဒဏ်ရာရရှိမှုနှင့် သေဆုံးမှုများ လျော့နည်းကျဆင်းစေမည်ဖြစ်ကြောင်း သိရသည်။

**(သတင်းစဉ်)**




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ရေဘေးသင့်ပြည်သူများအတွက် ထောက်ပံ့ငွေနှင့်စားသောက်ဖွယ်ရာပစ္စည်းများ ပေးအပ်စဉ်။

**❖ စိုက်ပျိုးရေးလုပ်ငန်းများနှင့် ပတ်သက်၍လည်း အထူးသဖြင့် စပါးစိုက်ခင်း၊ ပဲစိုက်ခင်း၊ နှမ်းစိုက်ခင်းများနှင့် အခြားသီးနှံစိုက်ခင်းများ ပျက်စီးခဲ့၊ စပါးစိုက်ပျိုးသူတောင်သူများအနေဖြင့် ရေပြန်ကျချိန်တွင် စပါးတစ်သီးပြန်လည်စိုက်ပျိုးရန်အတွက် ခက်ခဲသွား၊ မည်သို့ပင်ဖြစ်စေ စိုက်ပျိုးရေးလုပ်ငန်းများ ပြန်လည်ဆောင်ရွက်နိုင်ရန်အတွက် နိုင်ငံတော်မှ တတ်နိုင်သမျှ ပံ့ပိုးပေးသွားမည်ဖြစ် . . .**

**❖ မွေးမြူထားသည့် တိရစ္ဆာန်များ သေဆုံးခဲ့မှုများရှိ၊ မွေးမြူရေးလုပ်ငန်းများ ပြန်လည်ဆောင်ရွက်နိုင်ရန်အတွက်လည်း အတတ်နိုင်ဆုံး ကူညီဆောင်ရွက်ပေးသွားမည်ဖြစ် . . .**



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီတွဲဖက်အတွင်းရေးမှူး ဗိုလ်ချုပ်ကြီးရဲဝင်းဦး ရေဘေးသင့်ပြည်သူများအတွက် ထောက်ပံ့ရေးပစ္စည်းများနှင့်စားသောက်ဖွယ်ရာပစ္စည်းများ ထောက်ပံ့ပေးအပ်စဉ်။



ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်ခိုင်ဝင်း ရေဘေးသင့်ပြည်သူများအတွက် ထောက်ပံ့ရေးပစ္စည်းများနှင့်စားသောက်ဖွယ်ရာပစ္စည်းများ ထောက်ပံ့ပေးအပ်စဉ်။

✯ ရှေ့ဖုံးမှအဆက်

မြန်မာနိုင်ငံ၏သမိုင်းတစ်လျှောက် မိုးသည်းထန်စွာရွာသွန်းမှုကြောင့်ဖြစ်ပေါ်ခဲ့သည့် သဘာဝဘေးအန္တရာယ်များတွင် ယခုတစ်ကြိမ်တွေ့ကြုံရမှုသည် အကြီးမားဆုံးဖြစ်ကြောင်း၊ မိမိ ပုဂံ-ညောင်ဦး ခရီးစဉ်မှအပြန်တွင် ရဟတ်ယာဉ်ဖြင့် ရေကြီးမှုဖြစ်ပေါ်ခဲ့သည့်နေရာများသို့ကြည့်ရှုခဲ့ရာ တောင်ကျချောင်းရေများကြောင့် သစ်ပင်နှင့် သစ်တုံးကြီးများ ရေနှင့်အတူမျောပါလာခဲ့သည်ကို တွေ့ခဲ့ရကြောင်း၊ ယနေ့နံနက်ပိုင်းတွင်လည်း တပ်ကုန်းမြို့အနီးတစ်ဝိုက်သို့ သွားရောက်ကြည့်ရှုခဲ့ကြောင်း၊ မိုးသည်းထန်စွာရွာသွန်းမှုကြောင့် တောင်ကျချောင်းရေများမှာ အလုံးအရင်းလိုက်ဖြင့် စီးဆင်းခဲ့မှုကြောင့် ထိခိုက်ပျက်စီးဆုံးရှုံးမှု များစွာဖြစ်ပေါ်ခဲ့ကြောင်း။

မိမိအနေဖြင့် သဘာဝဘေးအန္တရာယ်ကျရောက်မှုကြောင့် အသက်အိုးအိမ်စည်းစိမ်များပျက်စီးဆုံးရှုံးခဲ့ရမှုအပေါ် များစွာစိတ်မကောင်းဖြစ်ရပါကြောင်း၊ သဘာဝဘေးအန္တရာယ်ဆိုသည်မှာ ရှောင်ရှား၍မရသော်လည်း ကြိုတင်ကာကွယ်မှုကိစ္စရပ်များကိုလုပ်ဆောင်နိုင်သကဲ့သို့ သဘာဝဘေးအန္တရာယ်ကျရောက်ပြီးပါက ကယ်ဆယ်ရေးလုပ်ငန်းများဖြင့် မူလအခြေအနေများပြန်ရောက်စေရန်နှင့် ပိုမိုကောင်းမွန်စေရန် မိမိတို့အားလုံး၏ လုံ့လ၊ ဝီရိယများဖြင့် ကြိုးပမ်းဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊ စိတ်ဓာတ်ကျနေ၍မရဘဲ မူလအခြေအနေပြန်လည်ရရှိအောင် ကြိုးပမ်းဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ ပျက်စီးဆုံးရှုံးခဲ့သည့်နေရာများကို ပြန်လည်ထူထောင်ရေးလုပ်ငန်းများအတွက်နိုင်ငံတော်မှဦးဆောင်၍ ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း။

ပျက်စီးဆုံးရှုံးခဲ့သည့် ရပ်ကွက်၊ ကျေးရွာများသို့သွားရောက်နိုင်ရေး လမ်းပန်းဆက်သွယ်ရေးများ ကောင်းမွန်စေရန်အတွက် တာဝန်ရှိသူများက ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ အချိန်ကာလအားဖြင့် အများဆုံး ၆ လတာကာလအတွင်း မူလအခြေအနေ ပြန်လည်ရောက်ရှိအောင် ဆောင်ရွက်နိုင်ရန် ပြောကြားထားပြီးဖြစ်ကြောင်း။

အလားတူ စိုက်ပျိုးရေးလုပ်ငန်းများနှင့်ပတ်သက်၍လည်း အထူးသဖြင့် စပါးစိုက်ခင်း၊ ပဲစိုက်ခင်း၊ နှမ်းစိုက်ခင်းများနှင့် အခြားသီးနှံစိုက်ခင်းများ ပျက်စီးခဲ့ကြောင်း၊ စပါးစိုက်ပျိုးသူ တောင်သူများအနေဖြင့် ရေပြန်ကျချိန်တွင် စပါးတစ်သီးပြန်လည်စိုက်ပျိုးရန်အတွက် ခက်ခဲသွားကြောင်း၊ မည်သို့ပင်ဖြစ်စေ စိုက်ပျိုးရေးလုပ်ငန်းများ ပြန်လည်ဆောင်ရွက်နိုင်ရန်အတွက် နိုင်ငံတော်မှ တတ်နိုင်သမျှပံ့ပိုးပေးသွားမည်ဖြစ်ကြောင်း၊ နွေသီးနှံများကို အပြည့်ပြန်လည်စိုက်ပျိုးပြီး မိုးရာသီတွင်ပျက်စီး

**❖ မိမိအနေဖြင့် သဘာဝဘေးအန္တရာယ်ကျရောက်မှုကြောင့် အသက်အိုးအိမ်စည်းစိမ်များပျက်စီးဆုံးရှုံးခဲ့ရမှုအပေါ် များစွာစိတ်မကောင်းဖြစ်ရ၊ သဘာဝဘေးအန္တရာယ်ဆိုသည်မှာ ရှောင်ရှား၍မရသော်လည်း ကြိုတင်ကာကွယ်မှုကိစ္စရပ်များကိုလုပ်ဆောင်နိုင်သကဲ့သို့ သဘာဝဘေးအန္တရာယ်ကျရောက်ပြီးပါက ကယ်ဆယ်ရေးလုပ်ငန်းများဖြင့် မူလအခြေအနေများပြန်ရောက်စေရန်နှင့် ပိုမိုကောင်းမွန်စေရန် မိမိတို့အားလုံး၏ လုံ့လ၊ ဝီရိယများဖြင့် ကြိုးပမ်းဆောင်ရွက်သွားကြရမည်ဖြစ်၊ စိတ်ဓာတ်ကျနေ၍မရဘဲ မူလအခြေအနေပြန်လည်ရရှိအောင် ကြိုးပမ်းဆောင်ရွက်သွားရမည်ဖြစ် . . .**



လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်း ရေဘေးသင့်ပြည်သူများအတွက် ထောက်ပံ့ရေးပစ္စည်းများနှင့်စားသောက်ဖွယ်ရာပစ္စည်းများ ထောက်ပံ့ပေးအပ်စဉ်။





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ရေဘေးသင့်ပြည်သူများအတွက် ကျန်းမာရေးဝန်ကြီးဌာနမှ ကျန်းမာရေးစောင့်ရှောက်မှုဆေးခန်းဖွင့်လှစ်၍ ဆောင်ရွက်ပေးထားမှုများကို ကြည့်ရှုစစ်ဆေးစဉ်။

သွားသည့်သီးနှံများကို ဖြည့်စွက်စိုက်ပျိုးနိုင်ရေး ကြိုးပမ်းဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ ယခုနှစ်အတွင်း မိုးရွာသွန်းမှုများပြားသဖြင့် ဆည်/တာတမံများအတွင်း ရေများပြည့်ဝစွာ ဝင်ရောက်လျက်ရှိသောကြောင့် လာမည့်နွေရာသီအတွက် စိုက်ပျိုးရေကို အပြည့်အဝရရှိစေမည်ဖြစ်ကြောင်း။

မွေးမြူရေးများနှင့်ပတ်သက်၍လည်း မွေးမြူထားသည့် တိရစ္ဆာန်များ သေဆုံးခဲ့မှုများရှိကြောင်း၊ မွေးမြူရေးလုပ်ငန်းများ ပြန်လည်ဆောင်ရွက်နိုင်ရန် အတွက်လည်း အတတ်နိုင်ဆုံး ကူညီဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ မွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်ချိန်တွင်လည်း စနစ်တကျ ဆောင်ရွက်ခြင်းအားဖြင့် အကျိုးကျေးဇူးများကို ပိုမိုရရှိခံစားနိုင်မည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်က ဆက်လက်ပြောကြားရာတွင် **"သဘာဝဘေးအန္တရာယ်ဆိုတာက ရှောင်ရှားလို့မရဘူးပေါ့ဗျာ၊ တကယ်တော့ စိတ်မကောင်းဘူးပေါ့လေ၊ နိုင်ငံတော်ရဲ့ဆုံးရှုံးမှုဆိုတဲ့ဟာထဲမှာလည်း ခင်ဗျားတို့ရဲ့ ပိုင်ဆိုင်မှုများပါသလို၊ နိုင်ငံတော်က တည်ဆောက်ထားတဲ့ လမ်းတို့၊ တံတားတို့ အဆောက်အဦတွေ၊ စက်ရုံအလုပ်ရုံတွေ၊ လျှပ်စစ်ဓာတ်ပေးဝေရေး လုပ်ငန်းတွေ၊ ဆက်သွယ်ရေးလုပ်ငန်း၊ ဒါတွေလည်း နိုင်ငံတော်ရဲ့ဆုံးရှုံးသွားတာပဲ၊ ခင်ဗျားတို့လည်း ခင်ဗျားတို့ ပိုင်ဆိုင်မှုတွေဆုံးရှုံးသွားတာပဲ၊ ခုနက ကျွန်တော်မေးတယ်၊ ဘာတွေရခဲ့လဲဆိုတော့ အဝတ်တစ်ထည်ကိုယ်တစ်ခုတည်းလို့ ဖြေတဲ့သူလည်းပါတယ်၊ တချို့လည်း ရတဲ့ဟာတွေ ကောက်ဆွဲလာရတာတွေပါတယ်၊ တချို့လည်း နောက်ဆုံးတော့ သွားနေကျ ဈေးခြင်းလေးပါလာတယ်၊ ဘာပစ္စည်းမှမပါဘူး၊ လူက အဲ့အချိန်မှာ ထူပူနေကြပြီကိုး၊ ဆွဲမိဆွဲရာဆွဲလာတာပေါ့၊ တော်သေးတယ်၊ ကလေးတွေပါလာလို့၊ ကျွန်တော်တို့ ဟိုဘက်မှာဆို**

စာမျက်နှာ ၁၁ သို့ ✮



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် မင်္ဂလာဗျူဟာ သာသနာ့ဗိမာန်ဧည့်ခန်းမဆောင်၌ တာဝန်ရှိသူများအား တွေ့ဆုံမှာကြားစဉ်။

❖ **"သဘာဝဘေးအန္တရာယ်ဆိုတာက ရှောင်ရှားလို့မရဘူးပေါ့ဗျာ၊ တကယ်တော့ စိတ်မကောင်းဘူးပေါ့လေ၊ နိုင်ငံတော်ရဲ့ဆုံးရှုံးမှုဆိုတဲ့ဟာထဲမှာလည်း ခင်ဗျားတို့ရဲ့ပိုင်ဆိုင်မှုများပါသလို၊ နိုင်ငံတော်က တည်ဆောက်ထားတဲ့ လမ်းတို့၊ တံတားတို့ အဆောက်အဦတွေ၊ စက်ရုံအလုပ်ရုံတွေ၊ လျှပ်စစ်ဓာတ်ပေးဝေရေးလုပ်ငန်းတွေ၊ ဆက်သွယ်ရေးလုပ်ငန်း၊ ဒါတွေလည်း နိုင်ငံတော်ရဲ့ဆုံးရှုံးသွားတာပဲ၊ ခင်ဗျားတို့လည်း ခင်ဗျားတို့ ပိုင်ဆိုင်မှုတွေဆုံးရှုံးသွားတာပဲ၊ ခုနက ကျွန်တော်မေးတယ်၊ ဘာတွေရခဲ့လဲဆိုတော့ အဝတ်တစ်ထည်ကိုယ်တစ်ခုတည်းလို့ ဖြေတဲ့သူလည်းပါတယ်၊ တချို့လည်း ရတဲ့ဟာတွေ ကောက်ဆွဲလာရတာတွေပါတယ်၊ တချို့လည်း နောက်ဆုံးတော့ သွားနေကျ ဈေးခြင်းလေးပါလာတယ်၊ ဘာပစ္စည်းမှမပါဘူး၊ လူက အဲ့အချိန်မှာ ထူပူနေကြပြီကိုး၊ ဆွဲမိဆွဲရာဆွဲလာတာပေါ့၊ တော်သေးတယ်၊ ကလေးတွေပါလာလို့၊ ကျွန်တော်တို့ ဟိုဘက်မှာဆို ကလေးတွေပါသွားတာရှိပါတယ်၊ စိတ်လည်းမကောင်းပါဘူး၊ အတတ်နိုင်ဆုံးခင်ဗျားတို့ မူလအခြေအနေအတိုင်းဖြစ်အောင်တော့ ကျွန်တော်တို့ကူညီပေးပါမယ် . . ."**

MYAWADY IN ENGLISH

www.myawady.net.mm DAILY EDITION E-mail:mwddailynewspapergroup@gmail.com

# Chairman of State Administration Council Commander-in-Chief of Defence Services Senior General Min Aung Hlaing visits flood victims at Mingala Byuha Sasana Beikman relief camp in Pyinmana, gives words of encouragement and aid

NAY PYI TAW September 18

Chairman of State Administration Council Commander-in-Chief of Defence Services Senior General Min Aung Hlaing, accompanied by SAC Joint Secretary General Ye Win Oo, union ministers, the Nay Pyi Taw council chair, senior military officers from the Office of the Commander-in-Chief and officials, visited flood victims at Mingala Byuha Sasana Beikman relief camp in Pyinmana this morning and gave words of encouragement and presented aid.



Senior General Min Aung Hlaing speaks at the ceremony to present relief supplies to flood victims.

In his words of encouragement, the Senior General said the present one is the largest among the rain-fed natural disasters that hit Myanmar all along history. He observed the floods from helicopter during the return trip from Bagan-NyaungU, and saw the view of mountain water driving away trees and logs. He looked around the vicinity of Tatkon and saw large-scale destruction caused by strong current of downhill water.




Senior General Min Aung Hlaing presents cash assistance for flood victims.

The Senior General expressed sadness over the loss of life and property. He said natural disaster cannot be avoided, but preparatory measures can be taken, and with collective efforts and zeal and perseverance, disaster-hit areas must be upgraded after restoring the situation through relief and rehabilitation activities. Without being depressed, efforts should be made to restore the situation. The State will play a leader role in the rehabilitation of destroyed areas.

Officials are improving road transportation to reach damaged wards and villages. Guidance has already given to restore the situation within six months.

Likewise crops, especially rice, pulses and sesame fields and other crops were destroyed. It will be difficult for farmers to grow rice after the floods recede. Anyhow, the State will provide assistance to the best of its ability for resuming agricultural undertakings. Efforts will be made to grow summer paddy as a replacement of the lost monsoon paddy fields. This year's heavy rains had filled dams to the brim. So, summer paddy will get enough irrigation water.

As farmed animals were also killed, assistance will be provided to the most possible degree to restart farming activities. Systematic farming ensures better benefits.

He said **"A natural disaster cannot be avoided. I fell so sorry. The belongings you lost are also the State's losses. Roads, bridges, buildings, factories, power stations, communication facilities that were destroyed too are the losses of the State. You also lost your property. When I ask, "What could you salvage?" The answers were "Only the cloths I am wearing now." "As possible as I could." "I could take together with me only the basket I always brought to the market daily." "Nothing." "I was so excited and afraid**

See Page - 19 ►►

►► From Page - 18

**that I had no idea what I was salvaging." "Fortunately, I could bring my children." The Senior General continued to say, "In some places, children were swept away by floods. I feel so sad. The government will help you all to reach the original situation again. Ministry of Social Welfare, Relief and Resettlement is providing compensation for death. Medical aid is also given to the injured and the government is now calculating the value of destroyed houses. It is calculating compensation for total loss, partial loss, total loss of a hut, normal house, one-storey house, two-storey house. The government will provide compensation to the most possible. The compensation program should be suitable to the relevant place. Efforts are being made to reopen schools at the end of this month. Schools that closed due various reasons must open on weekends after Thidingyt (festival of lights). Before the Buddhist lent there will be classes on Sundays. Children might have to attend classes at least on Sundays. Examination questions will be based on the courses the students have learned. We made programs for the schools that were closed to open during the remaining period of the academic year. So, parents should send their children back to the school. Knowledge and education will be much beneficial for them in the future. It will be supportive of their life. If not, they will face hardships one day. Adults are not fit to learn school education. We reap what we have sown. But we must support our children to excel us in the future. They must be more advanced than us. It is the work of ideal parents."**

In speaking words of comfort to help flood victims overcome natural disasters relentlessly and about measures taken for rehabilitation tasks, the Senior General said, **"I commiserate with flood victims for their troubles and I am sad for all. The government will offer as much assistance as possible. Not only our country and our Asia but also European countries have to face floods. They are caused by nature. As natural disasters occur in the entire world, I would like to say that we will be able to overcome problems by relentlessly facing them with the people's will, perseverance, diligence and efforts. I would like to urge all to continue to strengthen ourselves with relentless perseverance and diligence. Strengthen yourselves here. When you go back to your homes, we will provide appropriate assistance for living and food. We will not let you go back home without any assistance. We will arrange everything for you.**



Locals receive bottled water.



A local receives foodstuffs.

Then, the Senior General presented cash assistance and foodstuffs for flood victims to their representatives.

Afterward, the joint secretary of the SAC, union ministers for Health and for Social Welfare, Relief and Resettlement, the chairman of Nay Pyi Taw Council and senior officers from the Office of the Commander-in-Chief of Defence Services presented relief items and foodstuffs for flood victims.

Then, the Senior General asked about the difficulties faced by flood victims and a representative of them said he wanted to express thanks for the visit of the head of state to provide assistance and to speak words of comfort to flood victims. He said he was thankful to hear the further measures to be carried out and everything, including living conditions, food and healthcare, is comfortable at the flood shelter thanks to arrangements of responsible officials.

Then, the Senior General and party inspected the healthcare clinic of the Ministry of Health for flood victims and gave necessary instructions on reports of the officials.

Afterward, the Senior General met with officials at the parlour of Mingalar Byuhar Sasana Beikman and said it is necessary to collect statistics for damage caused by the floods as soon as possible and to set amounts of assistance based on percentage of damage of dwelling including brick houses, wooden house and huts, which were completely or partially damaged. Similarly, cash assistance must be offered to the deaths caused by floods by the government, regions and states and respective ministries. Those who were injured will be offered assistance based on seriousness of their injuries. It is necessary to collect statistics and set amounts of cash assistance to provide flood victims as soon as possible and measures must be taken to provide assistance to the injured.

The government is thankful and glad to learn that well-wishers and organizations are offering assistance and food to flood victims as much as they can. However, flood victims do not receive equal assistance due to travel distances and have to consume foodstuffs that should not be eaten together donated by different donors. They also suffer food poisoning due to lack of cleanliness in transporting foodstuffs. Therefore, it is necessary to form supervisory teams for donations in flood shelters. By doing so unnecessary problems can be prevented and it is necessary to explain the situation to well-wishers and donors.

Then, the Senior General cordially spoke words of comfort to flood victims in the shelter.

**100**

●● From Page - 21

treatments for their injuries suffered in the recent flash flood triggered by heavy rains at the clinic of the military headquarters, and presented foodstuffs.

In inspecting the Monchaung reinforced concrete damaged in high speed of water from hilly regions, the Senior General heard reports by officials. They said that water current bore large trees and rocks which hit the bridge. In his response, the Senior General gave necessary guidance and viewed rescue and relief measures.

The Senior General viewed round the damaged family housings of the local military headquarters and cordially greeted families.

The Senior General inspected clearing of silt and sanitation tasks at the basic education high school affected by the flash flood. The school in-charge and teachers reported on flash flood measures and progress of clearing debris. After hearing the reports, the Senior General instructed them to soonest open the school for teaching students.

The Senior General viewed round loss and damage at roads, bridges and buildings in the flash flood at the military station and gave necessary guidance to officials. **100**

# Vance blames 'liberals' for Trump assassination attempts

UNITED STATES September 18

The assassination attempts on Donald Trump are a consequence of aggressive rhetoric from Democratic Party supporters, Republican vice-presidential candidate J.D. Vance has claimed.

The US Secret Service confronted a suspected gunman hiding in bushes at Trump's golf course in West Palm Beach, Florida on Sunday. The suspect, later named as Ryan Wesley Routh, fled the scene by car but was detained shortly afterwards.

In mid-July, Trump was struck in the ear by a bullet when several shots were fired as the Republican candidate appeared at a campaign rally near Butler, Pennsylvania. One person in the crowd was killed and several others wounded in the incident, with the gunman being shot dead by the Secret Service.

During a speech at the Georgia Faith and Freedom Coalition dinner in Atlanta on Tuesday, Vance suggested that "the big difference between conservatives and liberals is that… no one has tried to kill [Democratic presidential candidate] Kamala Harris in the last couple of months, and two people now have tried to kill Donald Trump in the last couple of months." The attempts to assassinate Trump are "pretty strong evidence that the left needs to tone down the rhetoric, and needs to cut this crap out," he insisted.

If tensions continue to mount, "somebody is going to get hurt by it, and it is going to destroy this country… and you think about what an incredible wound it would open up in the US," the vice-presidential candidate warned.

"I promise I will do my part to tone down the rhetoric. But in particular, the people telling you that Donald Trump needs to be eliminated. You guys need to cut it out, or you are going get somebody hurt," Vance urged.

Trump made similar comments during an interview on X Spaces on Monday. "There's a lot of rhetoric going on right now… the Democrats, when they talk about 'threat to democracy' and all of this," the Republican presidential candidate stressed. Speaking about the two suspects in the attempted attacks on his life, the 78-year-old stated that "it seems that both of these people were radical lefts." **RT**

# Chinese EV brands dominate Indonesian market in August

JAKARTA September 18

Chinese car manufacturers emerged as the best-selling brands in Indonesia's electric vehicle (EV) market in August, surpassing other Asian competitors, according to data from the Association of Indonesia Automotive Industries (GAIKINDO) released on Wednesday.

China-based BYD came at the top EV producer that gained the most popularity in the Southeast Asian country, recording a total of 2,971 unit sales, with Seal and Atto 3 being the most favorite series. Two other Chinese EV brands, Chery and Wuling, followed closely, each selling more than 400 units.




"BYD has recorded extraordinary achievement in terms of order, even if compared to other Chinese brands," GAIKINDO said in an official statement on its website.

South Korean EVs, such as the Hyundai Ioniq and Kona Electric, recorded significantly lower sales, with 182 units each.

Chinese EVs are gaining popularity in Indonesia as the demand continues to grow. **Xinhua**

# 30 civilians killed in wave of violence in north Mexico's Sinaloa state

MEXICO CITY September 18

At least 30 civilians have been killed since a wave of violence hit northwest Mexico's Sinaloa state on September 9, Defence Minister Luis Cresencio Sandoval said Tuesday.

During President Andres Manuel Lopez Obrador's usual daily press conference, Sandoval said the federal government was reinforcing security in the area to clamp down on the violence, which has also claimed the lives of two soldiers.

Authorities have arrested at least 30 suspects belonging to criminal organizations and seized 115 firearms, he said.

The recent spate of violence erupted following clashes between rival drug-trafficking groups, including one headed by Ismael "Mayo" Zambada and another led by "Los Chapitos," sons of jailed Mexican drug kingpin Joaquin "El Chapo" Guzman.

Zambada, a longtime associate of "El Chapo," was arrested on July 25 in the United States, sparking clashes between the two main factions of the Sinaloa Cartel, according to authorities.

Mexico's president said that his administration, which concludes this month, was working to quell the fighting and protect area residents.

"We are attentive to what is happening in Sinaloa," the president told reporters at the National Palace in Mexico City. **Xinhua**

# Russian National Guard destroys Ukraine's Starlink station in Chernigov region strike

MOSCOW September 18

A Starlink satellite communication station used by the armed forces of Ukraine mili-tants in the Chernigov Region has been destroyed, the Russian National Guard said on Wednesday.

"The Russian Guards destroyed the Starlink satellite communication station used by the armed forces of Ukraine militants in the Chernigov region," the statement read.

UAV operators carried out a targeted strike using a drone with incendiary ammunition, the National Guard said, adding that as a result of a direct hit, the stronghold of the Ukrainian nationalists caught fire, and then further complete burning out of the enemy's territory and the Starlink satellite communication station. **Sputnik**

# At least 20 dead, 14 missing in cyclones, southwest monsoon in Philippines

MANILA September 18

At least 20 people have died, and 14 others are missing due to the combined effects of the southwest monsoon as well as two recent tropical cyclones Ferdie and Gener, the Philippine authorities said on Wednesday.

The National Disaster Risk Reduction and Management Council (NDRRMC) said it received reports that 20 people died in five regions across the country, and that the numbers are still being verified.

Since last week, some parts of the Philippines, including Palawan province, have continued to experience flooding due to foul weather.

The NDRRMC said the inclement weather affected almost 600,000 people in 12 regions across the country, and that the storms have damaged 930 houses and infrastructure.

An average of 20 typhoons lash the Philippines every year.

The archipelago is prone to tropical cyclones which trigger heavy rains, flooding, and strong winds, resulting in casualties and destruction of crops and properties.

**Xinhua**

# SAC Chairman Commander-in-Chief of Defence Services Senior General Min Aung Hlaing inspects military headquarters in Tatkon Station facing impacts of natural disasters, gives necessary guidance, presents relief supplies




Senior General Min Aung Hlaing inspects situation of damage caused by floods within Tatkon Station area.

NAY PYI TAW September 18

Chairman of the State Administration Council Commander-in-Chief of Defence Services Senior General Min Aung Hlaing this morning, accompanied by member of the SAC Chief of the General Staff (Army, Navy and Air) General Maung Maung Aye, Commander-in-Chief (Navy) Vice-Admiral Htein Win, senior military officers from the Office of the Commander-in-Chief, the commander of Nay Pyi Taw Command and officials, inspected military headquarters in Tatkon Station which faced batter impacts of flash flood, gave necessary instructions and presented relief supplies.

At the hall of the local military headquarters, the Senior General met with officers, other ranks and families. On the occasion, the Senior General explained the purpose of his tour to fulfill the needs of officers, other ranks and families who have faced impacts of unexpected natural disaster and manage rehabilitation tasks. Although weather forecast bore certainty of raining but anyone did not guess heavy rains. Persistent torrential rains triggered high speed of flow of water from the torrential creeks, and it caused loss and damage along the waterway. Mining process also causes landslides whereas floating of heavy logs and pieces stockpiled in the rafts officially allowed to be extracted occurred worse loss and damage. Necessary aid will be presented to the people for loss and damage.




Senior General Min Aung Hlaing inspects situation of damage to a school caused by flooding.

In undertaking rehabilitation tasks, officials need to clear up debris and blockade along the route in floods at first. And then, the second prioritized one is to arrange water and power supply and more rehabilitation tasks must be done. It is necessary to arrange convenience of families in basic needs and to buy basic foodstuffs at reduced prices. Taking lessons from recent incident, systematic research must be conducted to construct building in a far distance from possible waterways from flash flood.

The Senior General asked Tatmadaw members and families attending the meeting about their experiences in flash flood and difficulties and attended to their needs. The Senior General presented foodstuffs and clothes for families through Tatmadaw members and families.

The Senior General then cordially comforted Tatmadaw members receiving medical

See Page - 19 ●●

## Public Notice for Elimination of Violence

1. Declaring themselves to be “for the people”, the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting “CRPH”, “NUG”, and “PDF” terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

# (၂၁)ကြိမ်မြောက် အာဆီယံလေတပ်ဦးစီးချုပ်များအစည်းအဝေး (21st ASEAN Air Chiefs Conference- 21st AACC)သို့ ကာကွယ်ရေးဦးစီးချုပ်(လေ)ဦးဆောင်သောကိုယ်စားလှယ်အဖွဲ့တက်ရောက်

**နေပြည်တော် စက်တင်ဘာ ၁၈**

ကမ္ဘောဒီးယားနိုင်ငံ၌ ကျင်းပမည့် (၂၁)ကြိမ်မြောက် အာဆီယံလေတပ်ဦးစီးချုပ်များအစည်းအဝေး(21st ASEAN Air Chiefs Conference– 21st AACC)သို့ တက်ရောက်ရန်အတွက် ကမ္ဘောဒီးယားနိုင်ငံ၊ Siem Reap မြို့သို့ ရောက်ရှိနေသည့် ကာကွယ်ရေးဦးစီးချုပ်(လေ) ဗိုလ်ချုပ်ကြီးထွန်းအောင် ဦးဆောင်သောကိုယ်စားလှယ်အဖွဲ့သည် စက်တင်ဘာလ ၁၅ ရက် နံနက်ပိုင်းတွင် ကမ္ဘောဒီးယားလေတပ်ဦးစီးချုပ် General Soeung Samnang၊ နေ့လယ်ပိုင်းတွင် ထိုင်းဘုရင့်လေတပ်ဦးစီးချုပ် Air Chief Marshal Punpakdee Pattanakul နှင့် လာအိုလေတပ်ဦးစီးချုပ် (ကိုယ်စား) လာအိုလေတပ်နိုင်ငံရေးမှူး Brigadier General Bounma CHANTHAVONGSA တို့နှင့် သီးခြားစီတွေ့ဆုံ၍ နှစ်နိုင်ငံလေတပ်များအကြား ပညာရေးနှင့်လေ့ကျင့်ရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုတိုးမြှင့်ဆောင်ရွက်သွားနိုင်ရေး၊ သဘာဝဘေးအန္တရာယ်ကာကွယ်တားဆီးရေးဆိုင်ရာ လေ့ကျင့်ခန်းများပူးပေါင်းဆောင်ရွက်နိုင်ရေး၊ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာအကူအညီများနှင့် သဘာဝဘေးအန္တရာယ်ကာကွယ်တားဆီးရေးလုပ်ငန်းများ ပူးပေါင်းဆောင်ရွက်ရေးတို့အတွက် နှစ်နိုင်ငံလေတပ်များအကြား ပိုမိုနီးကပ်စွာ ပူးပေါင်းဆောင်ရွက်နိုင်ရေး ကိစ္စရပ်များအား ဆွေးနွေးခဲ့ကြသည်။ ညနေပိုင်းတွင် အာဆီယံလေတပ်ဦးစီးချုပ်များနှင့်ဇနီးများ ရောက်ရှိခြင်းအထိမ်းအမှတ် ကမ္ဘောဒီးယားလေတပ်ဦးစီးချုပ်နှင့်ဇနီးမှ တည်ခင်းဧည့်ခံသော Apsara ညစာစားပွဲသို့ တက်ရောက်ခဲ့သည်။

ယင်းနောက်ကာကွယ်ရေးဦးစီးချုပ်(လေ) ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် စက်တင်ဘာလ ၁၆ ရက်နံနက်ပိုင်းတွင် Siem Reap မြို့ရှိ Sokha Siem Reap Resorts & Convention Center ၌ ကျင်းပပြုလုပ်သော (၂၁)ကြိမ်မြောက်အာဆီယံလေတပ်ဦးစီးချုပ်များ အစည်းအဝေး (21st ASEAN Air Chiefs Conference– 21st AACC)သို့ တက်ရောက်ကြသည်။ အာဆီယံလေတပ်ဦးစီးချုပ်များက "Enhancing Information Sharing and Cohesive Cooperation Among ASEAN Air Forces For Peace and Development" ခေါင်းစဉ်အား အသီးသီးဆွေးနွေးခဲ့ကြသည်၊ ထို့နောက် အစည်းအဝေးသဘောတူဆုံးဖြတ်ချက်များ အတည်ပြုလက်မှတ်ရေးထိုးကြသည်။

၎င်းနောက် ကာကွယ်ရေးဦးစီးချုပ်(လေ) ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် စက်တင်ဘာလ ၁၇ ရက် ညပိုင်းတွင် ကမ္ဘောဒီးယား လေတပ်ဦးစီးချုပ်က တည်ခင်းဧည့်ခံသော ဂုဏ်ပြုညစာစားပွဲသို့ အာဆီယံလေတပ်ဦးစီးချုပ်များနှင့်အတူ တက်ရောက်ခဲ့သည်။


စာမျက်နှာ ၂၃ သို့ ●



ကာကွယ်ရေးဦးစီးချုပ် (လေ)ဗိုလ်ချုပ်ကြီးထွန်းအောင် ကမ္ဘောဒီးယားလေတပ်ဦးစီးချုပ် General Soeung Samnang နှင့်နှစ်နိုင်ငံလေတပ်ချင်းတွေ့ဆုံဆွေးနွေးစဉ်။



ကာကွယ်ရေးဦးစီးချုပ်(လေ)ဗိုလ်ချုပ်ကြီးထွန်းအောင် ထိုင်းဘုရင့်လေတပ်ဦးစီးချုပ် Air Chief Marshal Punpakdee Pattanakul နှင့် နှစ်နိုင်ငံလေတပ်ချင်း တွေ့ဆုံဆွေးနွေးစဉ်။



ကာကွယ်ရေးဦးစီးချုပ်(လေ)ဗိုလ်ချုပ်ကြီးထွန်းအောင် လာအိုလေတပ်ဦးစီးချုပ် (ကိုယ်စား) လာအိုလေတပ်နိုင်ငံရေးမှူး Brigadier General Bounma CHANTHAVONGSA နှင့် နှစ်နိုင်ငံလေတပ်ချင်းတွေ့ဆုံဆွေးနွေးစဉ်။




ကာကွယ်ရေးဦးစီးချုပ်(လေ) ဗိုလ်ချုပ်ကြီးထွန်းအောင် (၂၁)ကြိမ်မြောက် အာဆီယံလေတပ်ဦးစီးချုပ်များ အစည်းအဝေး (21st ASEAN Air Chiefs Conference– 21st AACC)သို့ တက်ရောက်လာသူများနှင့် အမှတ်တရစုပေါင်းဓာတ်ပုံရိုက်ကူးစဉ်။




(၂၁)ကြိမ်မြောက် အာဆီယံလေတပ်ဦးစီးချုပ်များအစည်းအဝေးတွင် ကာကွယ်ရေးဦးစီးချုပ်(လေ) ဗိုလ်ချုပ်ကြီးထွန်းအောင် ဦးဆောင်သောကိုယ်စားလှယ်အဖွဲ့ တက်ရောက်ဆွေးနွေးစဉ်။



ကာကွယ်ရေးဦးစီးချုပ်(လေ)ဗိုလ်ချုပ်ကြီးထွန်းအောင် (၂၁)ကြိမ်မြောက် အာဆီယံလေတပ်ဦးစီးချုပ်များအစည်းအဝေး သဘောတူဆုံးဖြတ်ချက်များအတည်ပြုလက်မှတ်ရေးထိုးစဉ်။




ကာကွယ်ရေးဦးစီးချုပ် (လေ)ဗိုလ်ချုပ်ကြီးထွန်းအောင် အာဆီယံလေတပ်ဦးစီးချုပ်များနှင့်ဇနီးများ ရောက်ရှိခြင်းအထိမ်းအမှတ်အဖြစ် ကမ္ဘောဒီးယားလေတပ်ဦးစီးချုပ်နှင့်ဇနီးတို့က တည်ခင်းဧည့်ခံသော Apsara ညစာစားပွဲသို့ တက်ရောက်စဉ်။

# အင်ဒိုနီးရှားက ပြည်တွင်းဖြစ်ကမ်းလွန်ကင်းလှည့်ရေယာဉ်ကို ရေချ

**ဂျကာတာ၊ စက်ရေး**

အင်ဒိုနီးရှားကာကွယ်ရေးဝန်ကြီးဌာနက ပြည်တွင်းဖြစ်ကမ်းလွန်ကင်းလှည့်ရေယာဉ်ဖြစ်သည့် OPV 90M ကို စက်တင်ဘာလ ၁၈ ရက်တွင် ရေချကြောင်းသိရသည်။

OPV 90M စစ်ရေယာဉ်များကို ၂၀၂၅ ခုနှစ်တွင် ရေတပ်သို့လွှဲပြောင်းပေးနိုင်ရေး စီစဉ်ထားပြီး ထိုစစ်ရေယာဉ်အနေဖြင့် ရေငုပ်သင်္ဘောနှင့် သင်္ဘောဖျက်စစ်ဆင်ရေးများအပါအဝင် အမျိုးမျိုးသောစစ်ဆင်ရေးရည်မှန်းချက်များကို အောင်မြင်စွာဆောင်ရွက်နိုင်မည်ဖြစ်သည်။

ထို့ပြင် စစ်ရေယာဉ်များတွင် တူကီယဲနိုင်ငံကထုတ်လုပ်သည့် တိုက်ပွဲစီမံခန့်ခွဲမှုစနစ်ကို အဆင့်မြင့်အာရုံခံကိရိယာများ၊ လက်နက်များဖြင့် ပေါင်းစပ်အသုံးပြုနိုင်ရေးတပ်ဆင်ထားသည်။

ပင်မလက်နက်အဖြစ် ၃၅ မီလီမီတာနှင့် ၂၀ မီလီမီတာစက်အမြောက်များအတွက် သင့်လျော်သည့် ၇၆ မီလီမီတာ အမြန်ပစ်စက်အမြောက်အပြင် ဒုံးပစ်လောင်ချာများကိုလည်း တပ်ဆင်ထားသည်ကိုတွေ့ရှိရသည်။

အလျား မီတာ ၉၀ နှင့်တန်ချိန် ၂၁၀၀ ရှိသည့် ထိုစစ်ရေယာဉ်များကို ဒီဇယ်အင်ဂျင်လေးလုံးဖြင့်မောင်းနှင်သွားမည်ဖြစ်သောကြောင့် အမြင့်ဆုံးအမြန်နှုန်းအဖြစ် ရေမိုင် ၂၈ မိုင်နှုန်းဖြင့်သွားနိုင်စွမ်းရှိမည်ဖြစ်သည်။

ယင်းစစ်ရေယာဉ်များအနက်တစ်စင်းတွင် ရဟတ်ယာဉ်ကွင်းနှင့်လေယာဉ်ရုံတစ်ခုတို့လည်း ပါဝင်မည်ဖြစ်သောကြောင့် ရဟတ်ယာဉ်နှင့်ပတ်သက်သည့် စစ်ဆင်ရေးများကိုလည်း ဆောင်ရွက်နိုင်စေမည်ဖြစ်သည်။ အင်ဒိုနီးရှားရေတပ်သည် စစ်ရေယာဉ် ၂၇၄ စင်းအထိပါဝင်သည့်ရေယာဉ်စုကြီးကိုတည်ဆောက်သွားရန်စီစဉ်ထားကြောင်းသိရသည်။

**Ref: AR**







ကာကွယ်ရေးဦးစီးချုပ်(လေ) ဗိုလ်ချုပ်ကြီးထွန်းအောင်အား ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဇော်ဟိန်းနှင့်တပ်မတော်အရာရှိကြီးများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ကြိုဆိုနှုတ်ဆက်စဉ်။

● စာမျက်နှာ ၂၂ မှအဆက်

ကာကွယ်ရေးဦးစီးချုပ်(လေ)ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် ယနေ့ညနေပိုင်းတွင် ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိခဲ့ရာ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဇော်ဟိန်းနှင့် တပ်မတော်အရာရှိကြီးများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်မှ ကြိုဆိုနှုတ်ဆက်ခဲ့ကြကြောင်း သတင်းရရှိသည်။

(၁၀၀)




# တရုတ်က ဘီဘင်ကာအပြီးတွင် နောက်ထပ်မုန်တိုင်းအတွက်ပြင်ဆင်

**ရှန်ဟိုင်း၊ ရာသီဥတု**

တရုတ်နိုင်ငံရှိ ပြည်နယ်အများအပြားက နိုင်ငံအရှေ့ပိုင်းသို့ မုန်တိုင်းဘီဘင်ကာဝင်ရောက်တိုက်ခတ်ပြီးနောက် ရက်ပိုင်းအကြာမှာပင် နောက်ထပ်တိုက်ခတ်မည့် မုန်တိုင်းတစ်လုံးအတွက် ကြိုတင်ပြင်ဆင်မှုများလုပ်ဆောင်နေကြောင်းသိရသည်။

ယခုတိုက်ခတ်မည့်မုန်တိုင်းသည် နိုင်ငံအတွက် ၁၄ လုံးမြောက်မုန်တိုင်းဖြစ်ပြီး နိုင်ငံအရှေ့ပိုင်းရှိ ကျဲ့ကျန်းပြည်နယ်တွင် မုန်တိုင်းဝင်ရောက်နိုင်မှုအတွက် ကြိုတင်မျှော်မှန်း၍ အဆင့် ၄ အရေးပေါ်တုံ့ပြန်မှုများကိုဆောင်ရွက်လျက်ရှိသည်။

ပူလာဆန်အမည်ရှိ အပူပိုင်းမုန်တိုင်းက တစ်နာရီလျှင် ၄၅ ကီလိုမီတာနှုန်းဖြင့် ရွေ့လျားလာနေပြီး ဗဟိုချက်အနီး လေတိုက်နှုန်းမှာ တစ်စက္ကန့်လျှင် ၂၃ မီတာအထိရှိသည်ဟု တရုတ်မိုးလေဝသဌာနကထုတ်ပြန်ထားသည်။

မုန်တိုင်းပူလာဆန်သည် စက်တင်ဘာလ ၁၉ ရက် မွန်းလွဲပိုင်းနှင့်ညနေပိုင်းကြားတွင် ကျဲ့ကျန်းပြည်နယ်ကမ်းရိုးတန်းဒေသကုန်းတွင်းပိုင်းသို့ဝင်ရောက်လာနိုင်ပြီး မိုးသည်းထန်စွာရွာသွန်းမှုနှင့် လေပြင်းတိုက်ခတ်မှုများဖြစ်ပေါ်နိုင်ကြောင်း မိုးလေဝသဌာနကထုတ်ပြန်ထားသည်ဟုသိရသည်။

**Ref: Xinhua**



# အမေရိကန်ရွေးကောက်ပွဲတာဝန်ရှိသူများ သံသယဖြစ်ဖွယ်အထုပ်များရရှိနေ

**ဝါရှင်တန်၊ ပြည်တွင်းရေး**

အမေရိကန်နိုင်ငံအတွင်းရှိရွေးကောက်ပွဲတာဝန်ရှိသူများအနေဖြင့် သံသယဖြစ်ဖွယ်ကောင်းသော အထုပ်များရရှိနေသည်ဟု FBI ကသတိပေးချက်ထုတ်ပြန်ထားသည်။

ပြည်နယ်အများအပြားရှိရွေးကောက်ပွဲကော်မရှင်ရုံးများသို့ စက်တင်ဘာလ ၁၆ ရက်မှစ၍ သံသယဖြစ်ဖွယ်အထုပ်များရောက်ရှိလာခြင်းဖြစ်ကြောင်း၊ စက်တင်ဘာလ ၁၉ ရက်အထိ ပြည်နယ် ၁၅ ခုသို့ ထိုအထုပ်များရောက်ရှိလာပြီဖြစ်ကြောင်း သတိပေးချက်တွင်ဖော်ပြထားသည်။

အချို့သောအထုပ်များတွင် "အမေရိကန် သစ္စာဖောက်ချေမှုန်းရေးအဖွဲ့" ဟူ၍ လက်မှတ်များထိုးထားသော်လည်း ယင်းအထုပ်များကြောင့် မည်သူမျှထိခိုက်ဒဏ်ရာရရှိခြင်းမရှိကြောင်း တာဝန်ရှိသူများကပြောသည်။

လက်ရှိတွင် သံသယဖြစ်ဖွယ်အထုပ်များမည်မျှပို့ဆောင်ထားပြီး ထိုသို့ပေးပို့မှုကို မည်သူက သို့မဟုတ် မည်သည့်အဖွဲ့အစည်းက လုပ်ဆောင်သည်နှင့်ပတ်သက်၍ FBI က အခြားတာဝန်ရှိအဖွဲ့များနှင့်အတူ စုံစမ်းစစ်ဆေးမှုများလုပ်ဆောင်နေကြောင်းသိရသည်။

**Ref: RT**

## သတင်းတိုကဏ္ဍ

# မုန်တိုင်းဘောရစ်ကြောင့် ဥရောပ၌ ၂၃ ဦး သေဆုံး

ဥရောပအလယ်ပိုင်းနှင့်အရှေ့ပိုင်းတို့သို့ ဝင်ရောက်တိုက်ခတ်သွားသော မုန်တိုင်းဘောရစ်ကြောင့် စက်တင်ဘာလ ၁၈ ရက်အထိ သေဆုံးသူစုစုပေါင်း ၂၃ ဦးအထိ ရှိလာပြီဖြစ်ကြောင်းသိရသည်။

မုန်တိုင်းကြောင့် နိုင်ငံအများအပြား၌ ရေကြီးမှုနှင့်မိုးသည်းထန်စွာရွာသွန်းမှုတို့ဖြစ်ပွားရာ ချက်၊ ဩစတြီးယား၊ ပိုလန်နှင့် ရိုမေးနီးယားနိုင်ငံတို့တွင် သေဆုံးသူများနှင့်ပျောက်ဆုံးသူများရှိလာသည်။

ချက်သမ္မတနိုင်ငံ၌ လေးဦးမြောက်သေဆုံးသူကို စက်တင်ဘာလ ၁၈ ရက်တွင်တွေ့ရှိရကြောင်းနှင့် ရှစ်ဦးမှာပျောက်ဆုံးနေဆဲဖြစ်ကြောင်း ရဲတပ်ဖွဲ့မှပြောရေးဆိုခွင့်ရှိသူကပြောသည်။

ယင်းနိုင်ငံ၌ မိုးသည်းထန်စွာရွာသွန်းမှုများကြောင့် နိုင်ငံမြောက်ပိုင်းနှင့်အရှေ့မြောက်ပိုင်းတို့တွင် မြစ်ရေမြင့်တက်မှုများဖြစ်ပွားကြောင်းသိရသည်။

**Ref: RTA**

.....................

# ဖိလစ်ပိုင်၌ မုန်တိုင်းများကြောင့် လူ ၂၀ သေဆုံး

ဖိလစ်ပိုင်နိုင်ငံ၌ မကြာသေးမီကတိုက်ခတ်သွားသော ဖားဒီနှင့်ဂျီနာတို့ကြောင့် အနည်းဆုံးလူ ၂၀ သေဆုံးပြီး ၁၄ ဦးမှာ ပျောက်ဆုံးနေဆဲဖြစ်ကြောင်း ဖိလစ်ပိုင်တာဝန်ရှိသူများက စက်တင်ဘာလ ၁၈ ရက်တွင်ပြောသည်။

နိုင်ငံတစ်ဝန်းရှိ ဒေသငါးခုမှ လူ ၂၀ သေဆုံးသည်ဟူသော သတင်းများလက်ခံရရှိကြောင်းနှင့် ထိုအရေအတွက်များကို အတည်ပြုနိုင်ရန်လုပ်ဆောင်နေဆဲဖြစ်ကြောင်း သဘာဝဘေးလျော့ပါးရေးနှင့်စီမံခန့်ခွဲမှုကောင်စီကထုတ်ပြန်သည်။

အဆိုပါမုန်တိုင်းများကြောင့် ဒေသ ၁၂ ခုရှိပြည်သူခြောက်သိန်းနီးပါးမှာ ရေဘေးဒုက္ခခံစားရကြောင်းနှင့် အိမ်ခြေနှင့်အခြေခံအဆောက်အဦ ၉၃၀ ပျက်စီးရကြောင်း ထုတ်ပြန်ချက်တွင်ဆက်လက်ဖော်ပြထားသည်။ ဖိလစ်ပိုင်နိုင်ငံသို့ နှစ်စဉ်မုန်တိုင်းအလုံး ၂၀ ဝန်းကျင်တိုက်ခတ်လေ့ရှိသည်။

**Ref: Xinhua**

# မော်လမြိုင်မြို့ရှိ မဟာမြိုင်ပရိယတ္တိ စာသင်တိုက်ရှိ သံဃာတော်များအား ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများဆောင်ရွက်



အရှေ့တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကျော်လင်းမောင် သံဃာတော်များအား နယ်လှည့်ဆေးကုသရေးအဖွဲ့က ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးနေမှုကို ကြည့်ရှုစဉ်။

**နေပြည်တော် စက်တင်ဘာ ၁၈**

မွန်ပြည်နယ်၊ မော်လမြိုင်မြို့၊ မောင်ငံရပ်ကွက်၊ မဟာမြိုင်ပရိယတ္တိစာသင်တိုက်ရှိ သံဃာတော်များအား ယနေ့နံနက်ပိုင်းတွင် အရှေ့တောင်တိုင်းစစ်ဌာနချုပ်၊ နယ်လှည့်ဆေးကုသရေးအဖွဲ့က အဆိုပါစာသင်တိုက်၌ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးသည်။

ထိုသို့ဆောင်ရွက်ပေးရာတွင် ဆေးကုသရေးအဖွဲ့က သံဃာတော် ၁၂၆ ပါးအား ဖျားနာရောဂါ၊ ခွဲစိတ်ကုသမှုဆိုင်ရာရောဂါ၊ နား၊ နှာခေါင်း၊ လည်ချောင်းရောဂါ၊ မျက်စိရောဂါ၊ အထွေထွေရောဂါတို့နှင့်ပတ်သက်၍ လိုအပ်သည့် ကျန်းမာရေးစစ်ဆေးကုသပေးခြင်းများဆောင်ရွက်ပေးပြီး ဆေးရုံတက်ရောက်ကုသရန်လိုအပ်သည့် သံဃာတော်များအား နယ်မြေခံတပ်မတော်ဆေးရုံသို့ တက်ရောက်ကုသနိုင်ရေး စီစဉ်ဆောင်ရွက်ပေးသည်။

ယင်းသို့ဆောင်ရွက်နေမှုများကို တိုင်းမှူး ဗိုလ်ချုပ်ကျော်လင်းမောင်နှင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး မဟာမြိုင်ပရိယတ္တိစာသင်တိုက်ဆရာတော်ထံ လှူဖွယ်ပစ္စည်းများဆက်ကပ်လှူဒါန်းခဲ့ကြောင်း သတင်းရရှိသည်။

(၁၀၀)

# စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနနှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံ ငါးလုပ်ငန်းဖက်ဒရယ်အေဂျင်စီတို့အကြား ငါးလုပ်ငန်းဆိုင်ရာပူးပေါင်းဆောင်ရွက်မှု နားလည်မှုစာချွန်လွှာလက်မှတ်ရေးထိုး

**နေပြည်တော် စက်တင်ဘာ ၁၈**

သတ္တမအကြိမ် ကမ္ဘာလုံးဆိုင်ရာ ငါးလုပ်ငန်းဖိုရမ်နှင့် ရေထွက်ကုန်စည်ပြပွဲ (VII Global Fishery Forum & Seafood Expo Russia)သို့ တက်ရောက်ရန် စိန့်ပီတာစဘတ်မြို့၌ ရောက်ရှိနေသည့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာအောင်ကြီး ဦးဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့သည် စက်တင်ဘာလ ၁၇ ရက်က ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနနှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံ ငါးလုပ်ငန်းဖက်ဒရယ်အေဂျင်စီတို့အကြား ငါးလုပ်ငန်းဆိုင်ရာပူးပေါင်းဆောင်ရွက်မှု နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုးပွဲသို့ တက်ရောက်ကြသည်။



အခမ်းအနားတွင် ဒုတိယဝန်ကြီး. ဒေါက်တာအောင်ကြီးနှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံ ငါးလုပ်ငန်းဖက်ဒရယ်အေဂျင်စီ (ကိုယ်စား)အကြီးအကဲ Mr. Ilya V. Shestakov တို့သည် သက်ရှိအဏ္ဏဝါအရင်းအမြစ်များ ကာကွယ်ထိန်းသိမ်းခြင်း၊ နှစ်ဖက်စိတ်ဝင်စားမှုရှိသည့် ငါးလုပ်ငန်းဆိုင်ရာ သတင်းနှင့် အချက်အလက်များလဲလှယ်ခြင်း၊ ငါးလုပ်ငန်းကဏ္ဍအတွင်းရှိ ဆက်စပ်သူများကို စွမ်းဆောင်ရည်မြှင့်တင်ပေးခြင်းနှင့် သင်တန်းများပေးခြင်း၊ ငါးလုပ်ငန်းဆိုင်ရာအတွေ့အကြုံ ဖလှယ်ရန် ကျွမ်းကျင်သူများစေလွှတ်ခြင်း၊ စီးပွားရေးကဏ္ဍ ချိတ်ဆက်ဆောင်ရွက်မှု ပိုမိုမြှင့်တင်ခြင်းဆိုင်ရာကိစ္စများကို ဆွေးနွေးခဲ့ကြပြီး နားလည်မှုစာချွန်လွှာကို လက်မှတ်ရေးထိုး၍ အပြန်အလှန်လဲလှယ်ကြကာ စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ကြသည်။

အဆိုပါ နားလည်မှုစာချွန်လွှာသည် ၂၀၂၂ ခုနှစ် စက်တင်ဘာလ ၂၂ရက်တွင် စိန့်ပီတာစဘတ်မြို့၌ ကျင်းပဆောင်ရွက်ခဲ့သည့် (၅)ကြိမ်မြောက် နိုင်ငံတကာ ငါးလုပ်ငန်းဖိုရမ်နှင့် ငါးဖမ်းလုပ်ငန်း၊ ပင်လယ်စာနှင့် နည်းပညာဆိုင်ရာ ကုန်စည်ပြပွဲတွင် နှစ်ဖက်ဆွေးနွေးညှိနှိုင်းခဲ့မှုအရ လက်မှတ်ရေးထိုးခဲ့သည့် ပူးတွဲကြေညာချက်ကိုကိုးကား၍ သက်ရှိအဏ္ဏဝါအရင်းအမြစ်များ ကာကွယ်ထိန်းသိမ်းခြင်း၊ ဥပဒေ၊ လုပ်ထုံးလုပ်နည်းများ ပြဋ္ဌာန်းခြင်းနှင့် လျော်ကန်စွာသုံးစွဲနိုင်ရေးဆိုင်ရာ ကဏ္ဍများတွင် နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်မှု ခိုင်မာအားကောင်းစေရန် ရည်ရွယ်၍ စာချုပ်ဝင် တစ်ဖက်ချင်းစီအတွက် အပြန်အလှန် အကျိုးအမြတ်ရရှိစေမည့် ငါးလုပ်ငန်းကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးတွင် ပူးပေါင်းဆောင်ရွက်ခြင်းဖြစ်သည်။

ထို့နောက် ဒုတိယဝန်ကြီးသည် သတ္တမအကြိမ်မြောက် နိုင်ငံတကာ ငါးလုပ်ငန်းဖိုရမ်နှင့် ငါးဖမ်းလုပ်ငန်း၊ ပင်လယ်စာနှင့် နည်းပညာဆိုင်ရာ ကုန်စည်ပြပွဲတွင် ခင်းကျင်းပြသထားမှုများကို ကြည့်ရှုလေ့လာကြကြောင်း သိရသည်။

(သတင်းစဉ်)

# မွေးမြူရေးတိရစ္ဆာန်များ သဘာဝဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေး အသိပေးနှိုးဆော်ချက်

မိုးရာသီသို့ ကူးပြောင်းရောက်ရှိလာပြီဖြစ်ရာ မိုးဦးကာလတွင် လေပြင်းတိုက်ခတ်ခြင်း၊ မိုးသည်းထန်စွာ ရွာသွန်းခြင်း၊ မိုးကြိုးပစ်ခြင်းနှင့် ရေကြီးရေလျှံခြင်းများဖြစ်ပေါ်နိုင်သဖြင့် မွေးမြူထားသော တိရစ္ဆာန်များအပေါ် ကျရောက်နိုင်သည့် သဘာဝဘေးအန္တရာယ်များကို ကြိုတင်ကာကွယ်နိုင်ရေးအတွက် အောက်ပါအတိုင်း လိုက်နာဆောင်ရွက်နိုင်ပါရန် အသိပေးနှိုးဆော်အပ်ပါသည်-

(၁) ရေဒီယို၊ ရုပ်မြင်သံကြားများနှင့် နိုင်ငံပိုင်သတင်းစာများတွင် ဖော်ပြသည့် မိုးလေဝသသတိပေးချက်များကို ဂရုပြုနားထောင်၊ ဖတ်ရှု၊ စောင့်ကြည့်ရန်၊

(၂) တိရစ္ဆာန်များအတွက် ဒေသတွင်းရရှိနိုင်သည့် ကောက်ရိုး၊ ပြောင်းရိုး၊ ပဲရိုးနှင့် ပဲမှော် အစရှိသည့် တိရစ္ဆာန်အစာနှင့် သောက်သုံးရေများ လုံလောက်စွာရရှိရေး ကြိုတင်စုဆောင်းထားရန်၊

(၃) ရေကြီးရေလျှံဖြစ်ပေါ်လေ့ရှိသောဒေသများ၌ တိရစ္ဆာန်များကို ရေဘေးအန္တရာယ်မှ ကင်းလွတ်နိုင်ရေး ကြိုတင်စီမံထားရန်၊

(၄) ရေဘေးအန္တရာယ်ကျရောက်သည်မှလွဲ၍ အခြားသဘာဝဘေးအန္တရာယ်များမှ ကာကွယ်ရန် တိရစ္ဆာန်များကို အကာအကွယ်ရှိသော ခြံများအတွင်း စနစ်တကျ မွေးမြူထားရှိရန်၊

(၅) ရေဘေးအန္တရာယ်ကျရောက်လာပါက တိရစ္ဆာန်များကို ရေလွတ်သောနေရာများသို့ အလျင်အမြန်ပြောင်းရွှေ့နေရာချထားရန်အတွက် ကြိုတင်စီမံထားရန်၊

(၆) သိုလှောင်ထားသော တိရစ္ဆာန်အစာများကို ရေဘေးကင်းလွတ်ရာသို့ အချိန်မီပြောင်းရွှေ့နိုင်ရေး ကြိုတင်စီမံထားရန်၊

(၇) ရေဘေးအန္တရာယ်ကျရောက်ချိန်၌ ရေပြန်ကျချိန်တွင် ကူးစက်ရောဂါများ ဖြစ်ပွားတတ်သဖြင့် တိရစ္ဆာန်များကို ဦးစီးဌာနက သတ်မှတ်ထားသည့်အတိုင်း တိရစ္ဆာန်ရောဂါကာကွယ်ဆေးများ ကြိုတင်ထိုးနှံထားရန်၊

(၈) တိရစ္ဆာန်များ ကူးစက်ရောဂါ၊ သာမန်ရောဂါနှင့် ထိခိုက်ဒဏ်ရာများရရှိပါက ဆေးကုသမှု အမြန်ဆောင်ရွက်နိုင်ရန်အတွက် သက်ဆိုင်ရာ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနသို့ ဆက်သွယ်ရန်၊

(၉) တိရစ္ဆာန်ကျန်းမာရေးဆိုင်ရာ ထူးခြားဖြစ်စဉ်များရှိပါက သက်ဆိုင်ရာအုပ်ချုပ်ရေးအဖွဲ့၊ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနနှင့် မြန်မာနိုင်ငံမွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ်ထံသို့ ဆက်သွယ်အကြောင်းကြား ပူးပေါင်းဆောင်ရွက်ရန်။

**မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန**

**စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန**

# သံလွင်မြစ်၊ စစ်တောင်းမြစ်နှင့်ရွှေကျင်မြစ် ရေကြီးမှုအခြေအနေ

**နေပြည်တော် စက်တင်ဘာ ၁၈**

ယနေ့ညနေ ၅ နာရီခွဲအချိန်တိုင်းထွာချက်အရ သံလွင်မြစ်ရေသည် ဘားအံမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ ၁ ပေခွဲကျော် ကျော်လွန်ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်တစ်ရက်အတွင်း ၁ ပေခန့်ကျဆင်းလာနိုင်ပြီး ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

စစ်တောင်းမြစ်ရေသည် တောင်ငူမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ ၄ ပေခန့် ကျော်လွန်ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်တစ်ရက်အတွင်း ၄ လက်မခန့် ကျဆင်းလာနိုင်ပြီး ယင်းမြို့၏စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

စစ်တောင်းမြစ်ရေသည် မဒေါက်မြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ ၃ ပေခန့် ကျော်လွန်ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်တစ်ရက်အတွင်း ၁ ပေခန့် မြင့်တက်လာနိုင်ပြီး ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

ရွှေကျင်မြစ်ရေသည် ရွှေကျင်မြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အောက် ၂ ပေကျော်တွင် ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်နှစ်ရက်အတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်သို့ရောက်ရှိနိုင်သည်။

သို့ဖြစ်ပါ၍ ဘားအံမြို့နယ်၊ တောင်ငူမြို့နယ်၊ ရွှေကျင်မြို့နယ်နှင့်မဒေါက်မြို့တို့အတွင်းရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်းနေထိုင်သူများအနေဖြင့် ရေဘေးလွတ်ရာနေရာများသို့ ရှောင်ရှားနိုင်ပါရန် သတိပေးနှိုးဆော်အပ်ပါသည်။

(မိုး/ဇလ)

# တရားမဝင် သစ်မျိုးစုံ၊ စားသောက်ကုန်ပစ္စည်းများ၊ လုပ်ငန်းသုံးပစ္စည်းများ၊ လူသုံးကုန်ပစ္စည်းများနှင့် မော်တော်ယာဉ်များ ဖမ်းဆီးရမိ

**နေပြည်တော် စက်တင်ဘာ ၁၈**

တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိရာ **စက်တင်ဘာလ ၁၆ ရက်နှင့် ၁၇ ရက်**တို့တွင် အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ မြန်မာ့စက်မှုဆိပ်ကမ်း၌ ကုန်သေတ္တာ (၁၀)လုံးအတွင်းမှ သွင်းကုန်ကြေညာလွှာတွင် ကြေညာထားသည်နှင့် ကွဲလွဲစွာပါရှိလာသည့် လူသုံးကုန်ပစ္စည်း (၁၂)မျိုး၊ လုပ်ငန်းသုံးပစ္စည်း(၂)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၇၄၄၉၂၀၂၆) ကိုလည်းကောင်း၊ အေးရှားဝေါလ် ကုန်သေတ္တာစစ်ဆေးရေးစခန်း၌ ကုန်သေတ္တာ(၆)လုံးအတွင်းမှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လူသုံးကုန်ပစ္စည်း(၂)မျိုး၊ လုပ်ငန်းသုံးပစ္စည်း(၄)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၂၉၃၈၅၆၁၄) ကိုလည်းကောင်း၊ ရွှာသာကြီး Dry Port ၌ ကျိုင်းတုံမြို့မှ ရန်ကုန်မြို့သို့ မောင်းနှင်လာသော မော်တော်ယာဉ်(၂)စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်း(၂)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၈၁၀၄၈၀၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Mitsubishi Fuso Truck (၁)စီးနှင့် Nissan UD Truck (၁)စီး (ခန့်မှန်းတန်ဖိုး ငွေကျပ် ၇၀၀၀၀၀၀၀) ကိုလည်းကောင်း၊ **စုစုပေါင်း (ခန့်မှန်းတန်ဖိုး ငွေ ကျပ် ၄၅၄၉၂၅၆၄၀)**ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

**စက်တင်ဘာလ ၁၇ ရက်**တွင် မွန်ပြည်နယ် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ မော်လမြိုင်မြို့၌ မော်တော်ယာဉ်(၁)စီးပေါ်မှ တရားဝင်စာရွက်စာတမ်း အထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် စားသောက်ကုန်ပစ္စည်း(၂)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၃၂၀၀၀၀၀) နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Nissan Diesel Tractor Head (၁)စီးနှင့် နောက်တွဲယာဉ် (၁)တွဲ (ခန့်မှန်းတန်ဖိုးငွေကျပ် ၈၅၀၀၀၀၀၀)၊ **စုစုပေါင်း (ခန့်မှန်းတန်ဖိုး ငွေကျပ် ၉၈၂၀၀၀၀၀)**ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန် လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။



ရွှာသာကြီး Dry Port ၌ ဖမ်းဆီးရမိမှု

ထို့အတူ မန္တလေးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ကျွဲတပ်ဆုံစစ်ဆေးရေးစခန်း၌ မူဆယ်မြို့မှ မန္တလေးမြို့သို့ မောင်းနှင်လာသော မော်တော်ယာဉ်(၁)စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လူသုံးကုန်ပစ္စည်း (၂)မျိုး၊ လုပ်ငန်းသုံးပစ္စည်း (၃)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၁၂၇၆၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Yutong Bus (၁)စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၆၅၀၀၀၀၀၀) ကိုလည်းကောင်း၊ ရတနာပုံတံတား(မန္တလေး) စစ်ဆေးရေးစခန်း၌ တာချီလိတ်မြို့မှ မန္တလေးမြို့သို့ မောင်းနှင်လာသော မော်တော်ယာဉ် (၁)စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လူသုံးကုန်ပစ္စည်း (၁)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၉၉၉၃၃၁၂)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Hino Profia Truck (၁)စီး **(ခန့်မှန်းတန်ဖိုး ငွေကျပ် ၃၀၀၀၀၀၀၀)**ကိုလည်းကောင်း၊ **စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၁၆၂၀၉၁၂)**ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူ ဆောင်ရွက်လျက်ရှိသည်။

**စက်တင်ဘာလ ၁၈ ရက်**တွင် ရန်ကုန်တိုင်းဒေသကြီးတရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ အင်းစိန်မြို့နယ်၌ လိုင်စင်မဲ့ Toyota Crown မော်တော်ယာဉ် (၁)စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၀၀၀၀၀၀၀)ကို ပို့ကုန်သွင်းကုန်ဥပဒေအရလည်းကောင်း၊ မြောက်ဥက္ကလာပမြို့နယ်၊ (၈)ရပ်ကွက်၌ မော်တော်ယာဉ် (၁) စီးပေါ်မှ တရားမဝင် ကျွန်းသစ် (၀.၉၃၉) တန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၈၂၆၄၉၆) နှင့် အဆိုပါသစ်များ တင်ဆောင်လာသည့် Toyota Hiace မော်တော်ယာဉ် (၁)စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၅၀၀၀၀၀၀၀)ကို သစ်တောဥပဒေအရလည်းကောင်း၊ **စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၉၀၈၂၆၄၉၆)** ကို ဖမ်းဆီးအရေးယူဆောင်ရွက်လျက်ရှိပါသည်။

ထို့အပြင် ပဲခူးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ပဲခူးခရိုင်၊ ပဲခူးမြို့နယ်၌ လိုင်စင်မဲ့ Nissan Note မော်တော်ယာဉ်(၁)စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၅၀၀၀၀၀၀၀)ကို ပို့ကုန်သွင်းကုန်ဥပဒေအရလည်းကောင်း၊ ပဲခူးခရိုင်နှင့် တောင်ငူခရိုင်တို့အတွင်း၌ တရားမဝင်ကျွန်းသစ် (၄ ဒသမ ၃၉၅)တန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၈၆၈၁၂၈)ကို သစ်တောဥပဒေအရလည်းကောင်း၊ **စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၈၈၆၈၁၂၈)**ကို ဖမ်းဆီးအရေးယူ ဆောင်ရွက်လျက်ရှိသည်။

သို့ဖြစ်ပါ၍ စက်တင်ဘာလ ၁၆ ရက်၊ ၁၇ ရက်နှင့် ၁၈ ရက်တို့တွင် ဖမ်းဆီးရမိမှု **စုစုပေါင်းမှာ အမှုတွဲ (၂၁)မှု၊ (ခန့်မှန်းတန်ဖိုးငွေကျပ် ၆၈၈၀၄၁၁၇၆)** ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးဦးဆောင်ကော်မတီမှ သတင်းရရှိသည်။ **(သတင်းစဉ်)**

# ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းပျဉ်းမြို့နယ်တွင် ငွေကျပ် ၁ ဒသမ ၄၅ ဘီလီယံကျော်တန်ဖိုးရှိ အိုက်စ်(မက်သ်အဖက်တမင်း) ၁၅၀ ကီလို နှင့် ကက်တမင်း ၃၀ ကီလို ဖမ်းဆီးရမိ



ဖမ်းဆီးရမိသူများအား သိမ်းဆည်းရမိသည့် သက်သေခံပစ္စည်းများနှင့်အတူ တွေ့ရစဉ်။

**နေပြည်တော် စက်တင်ဘာ ၁၈**

လုံခြုံရေးတပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် စက်တင်ဘာလ ၁၆ ရက်နေ့ နံနက် ၇ နာရီခွဲအချိန် ရှမ်းပြည်နယ် (အရှေ့ပိုင်း)၊ မိုင်းပျဉ်းမြို့နယ်၊ နားခေါ်ကျေးရွာအနီးတွင် မိုင်းပျဉ်းမှ မိုင်းပုအွန်ဘက်သို့ စိုင်းဦးပေတ မောင်းနှင်ပြီး မနန်းရုံအွမ်နှင့် စိုင်းကော်တို့ လိုက်ပါလာသည့် TOYOTA SUCCEED မော်တော်ယာဉ်ကို သတင်းအရရှာဖွေရာ ယာဉ်ပေါ်မှ အိုက်စ်(မက်သ်အဖက်တမင်း)၁၀၀ ကီလိုသိမ်းဆည်းရမိခဲ့ပြီး ကွင်းဆက်စစ်ဆေးဖော်ထုတ်ချက်အရ ယင်းနေ့ နံနက် ၈ နာရီအချိန် မိုင်းပျဉ်းမြို့နယ်၊ ယမ်းမိုင်ကျေးရွာရှိ အိုက်ဝန်း၏ နေအိမ်မှ အိုက်စ်(မက်သ်အဖက်တမင်း) ၅၀ ကီလိုနှင့် ကက်တမင်း ၃၀ ကီလို ထပ်မံသိမ်းဆည်းရမိခဲ့သဖြင့် စုစုပေါင်းဒေသကာလ တန်ဖိုးငွေကျပ် ၁ ဒသမ ၄၅ ဘီလီယံကျော် တန်ဖိုးရှိ အိုက်စ်(မက်သ်အဖက်တမင်း) ၁၅၀ ကီလိုနှင့် ကက်တမင်း ၃၀ ကီလို သိမ်းဆည်းရမိခဲ့ကြောင်း၊ စစ်ဆေးဖော်ထုတ်ချက်များအရ သိမ်းဆည်းရမိ စိတ်ပြောင်းဆေးဝါးများအား ကျိုင်းတုံမြို့နယ်မှ မိုင်းဖြတ်မြို့နယ်သို့ သယ်ဆောင်ရောင်းဝယ်ခြင်းဖြစ်ကြောင်း သိရှိရသဖြင့် ၎င်းတို့အား ဥပဒေအရအရေးယူထားရှိပြီး ကွင်းဆက်ပြစ်မှုကျူးလွန်သူများအား စစ်ဆေးဖော်ထုတ်လျက်ရှိကြောင်း သတင်းရရှိသည်။

(၁၀၀)

# မြို့နယ်အချို့တွင် စိတ်ကြွရူးသွပ်ဆေးပြားများ သိမ်းဆည်းရမိ

**နေပြည်တော် စက်တင်ဘာ ၁၈**

မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် စက်တင်ဘာလ ၁၅ ရက် ညနေ ၃ နာရီခွဲတွင် ဝေါမြို့နယ်၊ ညောင်ခါးရှည်ကျေးရွာအုပ်စု၊ ညောင်ခါးရှည်ကျေးရွာအနီးတွင် TOYOTA PROBOX အမျိုးအစား ခရီးသည်တင် မော်တော်ယာဉ်ကို ရပ်တန့်စစ်ဆေး ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၄၈၇၅၀ ကိုလည်းကောင်း၊ အလားတူ ပူးပေါင်းအဖွဲ့သည် မွန်းလွဲ ၂ နာရီခွဲတွင် ဒဂုံမြို့သစ်(မြောက်ပိုင်း) မြို့နယ်၊ (၂၇)ရပ်ကွက်တွင် ငြိမ်းခန့်ကိုကို၊ ဇော်ထွန်း၊ မအေးဇာဖြူသင်း၊ မစန်းစန်းဦးနှင့် မအိရွှေစင်တို့ ၅ ဦးအား WISH အမျိုးအစား မော်တော်ယာဉ်တစ်စီးနှင့်အတူတွေ့ရှိ၍ စစ်ဆေးရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၂၀၀၀၀၀ ကိုလည်းကောင်း၊ ထို့ပြင် ပူးပေါင်းအဖွဲ့သည် စက်တင်ဘာလ ၁၇ ရက် ညနေ ၃ နာရီတွင် တာချီလိတ်မြို့နယ်၊ ဝမ်လုံးကျေးရွာအုပ်စု၊ လွယ်စီတုံ (အပေါ်) ကျေးရွာရှိ မဥမ္မာမြင့်၏နေအိမ်ကို ဝင်ရောက်ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၄၀၀ ကိုလည်းကောင်း သိမ်းဆည်းရမိခဲ့ပြီး အလားတူ ပူးပေါင်းအဖွဲ့သည် ညနေ ၅ နာရီတွင် တာချီလိတ်မြို့နယ်၊ ဝမ်လုံးကျေးရွာအုပ်စု၊ လွယ်စီတုံ(အောက်)ကျေးရွာရှိ လီဆာ၏ နေအိမ်ကို ဝင်ရောက်ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၂၀၀၀ ကိုလည်းကောင်း သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့်စိတ်ကို ပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားကြောင်း သိရသည်။ **(သတင်းစဉ်)**



ငြိမ်းခန့်ကိုကို၊ ဇော်ထွန်း၊ မအေးဇာဖြူသင်း၊ မစန်းစန်းဦးနှင့် မအိရွှေစင်တို့အား သိမ်းဆည်းရမိသည့် စိတ်ကြွရူးသွပ်ဆေးပြားများနှင့်အတူတွေ့ရစဉ်။

## မိုးထစ်ချုန်း ရွာမည်

**နေပြည်တော် စက်တင်ဘာ ၁၈**

မနက်ဖြန်မွန်းတည့်ချိန်အထိခန့်မှန်းချက်မှာ နေပြည်တော်နှင့်အနီးတစ်ဝိုက်တွင်နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်သည်။ မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

(မိုး/၉လ)

# ရာဂီတိုင်ဖွန်းမုန်တိုင်း၏ သက်ရောက်မှုကြောင့် ရေဘေးဒဏ်ခံစားရသောဒေသများအတွက် အလှူငွေပေးအပ်လှူဒါန်းခြင်းအခမ်းအနားကျင်းပ

**နေပြည်တော် စက်တင်ဘာ ၁၈**

တောင်တရုတ်ပင်လယ်တွင် ဖြစ်ပွားခဲ့သော ရာဂီတိုင်ဖွန်းမုန်တိုင်း၏သက်ရောက်မှုကြောင့် ရေဘေးဒဏ်ခံစားရသော ဒေသခံပြည်သူများအတွက် အလှူငွေပေးအပ်လှူဒါန်းခြင်းအခမ်းအနားကို ယနေ့မွန်းလွဲပိုင်းတွင် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ကျင်းပရာ ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်းက လက်ခံရယူပြီး ကျေးဇူးတင်စကားပြောကြားကာ ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်သည်။

အခမ်းအနားတွင် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ဝန်ထမ်းမိသားစုမှ ငွေကျပ် သိန်း ၁၇ဝဝ၊ မြန်မာနိုင်ငံအမျိုးသမီးများနှင့် ကလေးသူငယ်များဘဝမြှင့်တင်ရေးအသင်းမှ ငွေကျပ်သိန်း ၇ဝ၊ ဦးအောင်ဇော်မြင့်+အဂ္ဂမဟာသီရိသုဓမ္မသိင်္ဂီသီရိပျံ့ချီ ဒေါက်တာမြတ်မြတ်အုန်းခင် ပြည်ထောင်စုဝန်ကြီး(ငြိမ်း)နှင့် သားသမီး၊ မြေးများမှ ငွေကျပ်သိန်း ၅ဝ၊ ဒေါက်တာဂျူးဂျူးဇော်(ခ) ခင်အိန္ဒြာဇော် (ခေတ္တသြစတြေးလျ)မှ ငွေကျပ် ၁၁ သိန်း၊ ဦးထွန်းရွှေ+ ဒေါ်သင်းသင်းဆွေမိသားစု (ထွန်းရွှေဝါတိုင်းရင်းဆေးဝါးထုတ်လုပ်ရေး) မှ ငွေကျပ်သိန်း ၃ဝ နှင့် တိုင်းရင်းဆေးဝါးသေတ္တာ ခြောက်ပုံး၊ မြန်မာနိုင်ငံဂေါက်သီးအားကစားအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးကိုကိုအေးမှ ငွေကျပ်သိန်း ၅ဝဝ၊ မြန်မာနွယ်ဖွား တရုတ်လူမှုကူညီရေးပရဟိတအသင်း (နေပြည်တော်)မှ ငွေကျပ်သိန်း ၅ဝ၊ Tin Wai International Group Co.,Ltd. မှ ငွေကျပ်သိန်း ၃ဝ၊ မြန်မာကယန်းတောင်ပိုင်းကုမ္ပဏီလီမိတက်မှ ငွေကျပ် ၁ဝ သိန်း၊ Sky One Company မှ ငွေကျပ်သိန်း ၂ဝဝဝ နှင့် Gandamar Business Solutations Co., Ltd. ဝန်ထမ်းမိသားစုမှ ငွေကျပ် ၂ဝ၇၆ဝဝဝ၊ ဦးအိုက်ဆန်+ဒေါ်ဖုံစု မိသားစုမှ ငွေကျပ်သိန်း ၃ဝဝဝ၊ ဦးလင်းထူး+ ဒေါ်နန်းသင်းစုငြိမ်း Golden HTT Co.,Ltd. မိသားစုမှ ငွေကျပ်သိန်း ၅ဝ စုစုပေါင်း ငွေကျပ် ၇၅၂၁၇၆ဝဝဝ ပေးအပ်လှူဒါန်းခဲ့သည်။

ထို့အတူ ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး(ငြိမ်း)နှင့် ဇနီး ဒေါ်မြမြစန်းမိသားစုမှ အေလာတိတ္ထာဘုန်းတော်ကြီးကျောင်းရှိ ရေဘေးသင့်ပြည်သူ ၃ဝဝ အတွက် နေ့လယ်စာထမင်းဘူး ၃ဝဝ ကို လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနမှတစ်ဆင့် လှူဒါန်းခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)




# ရေကြီးမှုဖြစ်စဉ်များနှင့်ပတ်သက်၍ တိုင်းဒေသကြီး၊ ပြည်နယ်ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနမှူးများ၊ ဆေးရုံအုပ်ကြီးများနှင့်လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ



**နေပြည်တော် စက်တင်ဘာ ၁၈**

ရေကြီးမှုဖြစ်စဉ်များနှင့်ပတ်သက်၍ တိုင်းဒေသကြီး၊ ပြည်နယ် ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနမှူးများ၊ ဆေးရုံအုပ်ကြီးများနှင့် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက်ပိုင်းတွင် ကျန်းမာရေးဝန်ကြီးဌာန ရုံးအမှတ်(၄) နေပြည်တော်၌ ကျင်းပသည်။

အစည်းအဝေးသို့ ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်ခိုင်ဝင်း၊ ဒုတိယဝန်ကြီး၊ ပြည်ထောင်စုဝန်ကြီးရုံး ညွှန်ကြားရေးမှူးချုပ်၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်၊ ကုသရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်၊ ဒုတိယအမြဲတမ်းအတွင်းဝန်၊ တိုင်းဒေသကြီး၊ ပြည်နယ် ပြည်သူ့ကျန်းမာရေးနှင့်ကုသရေးဦးစီးဌာနမှူးများ၊ ဆေးရုံအုပ်ကြီးများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

အစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီးက ကျန်းမာရေးဝန်ထမ်းများအနေဖြင့် ယခင်သဘာဝဘေးအန္တရာယ်ဖြစ်စဉ်များနှင့် ယခုရေကြီးမှုဖြစ်စဉ်များတွင် အောင်မြင်စွာဆောင်ရွက်နိုင်ခဲ့သည့် အတွေ့အကြုံများနှင့် သာဓကများကို အခြေခံကာ နောင်တွင်ဖြစ်ပေါ်လာနိုင်သည့် သဘာဝဘေးအန္တရာယ်ဖြစ်စဉ်များတွင် ကြိုတင်ပြင်ဆင်မှုနှင့် အချိန်နှင့်တစ်ပြေးညီ တုံ့ပြန်ဆောင်ရွက်မှုများ ဆက်လက်ဆောင်ရွက်ကာ ထိခိုက်ပျက်စီးမှုနည်းနိုင်သမျှ အနည်းဆုံးဖြစ်စေရေး ဆောင်ရွက်ကြစေလိုကြောင်း ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ရှမ်းပြည်နယ်(ကျိုင်းတုံ)၊ ရှမ်းပြည်နယ်(တောင်ကြီး)၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့မှ ပြည်သူ့ကျန်းမာရေးနှင့်ကုသရေးဦးစီးဌာနမှူးများ၊ ရန်ကုန်ပြည်သူ့ဆေးရုံကြီး၊ မန္တလေးပြည်သူ့ဆေးရုံကြီးနှင့် မြောက်ဥက္ကလာပပြည်သူ့ဆေးရုံကြီးတို့မှ ဆေးရုံအုပ်ကြီးများက လက်ရှိဆောင်ရွက်နေသည့် လုပ်ငန်းများ၊ ရှေ့ဆက်လက်ဆောင်ရွက်မည့်လုပ်ငန်းများနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် ဒုတိယဝန်ကြီးနှင့် ဌာနဆိုင်ရာအကြီးအကဲများက တင်ပြချက်များအပေါ် ပြန်လည်ရှင်းလင်းဆွေးနွေးကြပြီး လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ (၅ဝဝ)

# ယာယီကယ်ဆယ်ရေးစခန်းများမှ ရေဘေးသင့်ပြည်သူများအတွက် နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦး စားသောက်ဖွယ်ရာနှင့် ထောက်ပံ့ငွေများပေးအပ်



**နေပြည်တော် စက်တင်ဘာ ၁၈**

နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦးသည် နေပြည်တော်ကောင်စီဝင်များ၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင်လယ်ဝေးမြို့နယ် အောင်းကုန်းကျေးရွာ ဘုန်းတော်ကြီးကျောင်း၌ဖွင့်လှစ်ထားသည့် ယာယီကယ်ဆယ်ရေးစခန်းသို့ သွားရောက်၍ ကျောင်းထိုင်ဆရာတော်အား ဖူးမြော်ကြည်ညို၍ လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းပြီး ရေဘေးသင့်ပြည်သူများအတွက် စားသောက်ဖွယ်ရာနှင့် ထောက်ပံ့ငွေများ ပေးအပ်သည်။

ဆက်လက်၍ နေပြည်တော်ကောင်စီဥက္ကဋ္ဌနှင့်အဖွဲ့သည် ဇေယျာသီရိမြို့နယ် မွန်းတည့်ခွင် - ကျည်တောင် - ခေါ်မ - ညောင်ပင်သာလမ်းပေါ်ရှိ တံတားအမှတ် ၂/၂ဝ သံပေါင်ဘေလီတံတားတည်ဆောက်နေမှုကိုလည်းကောင်း၊ ပျဉ်းမနားမြို့နယ် ဈေးကုန်းကျေးရွာ အလယ်တန်းကျောင်းခွဲ၊ ဇေယျာသီရိမြို့နယ် ကျောက်ချက်ကျေးရွာ အခြေခံပညာအထက်တန်းကျောင်း၊ ထိန်ပင်ကျေးရွာ အခြေခံပညာမူလတန်းကျောင်းများ ပြန်လည်ဖွင့်လှစ်နိုင်ရေးအတွက် ဌာနဆိုင်ရာတာဝန်ရှိသူများက သန့်ရှင်းရေးဆောင်ရွက်နေမှုနှင့် နုန်းများဖယ်ရှားနေမှုကိုလည်းကောင်း ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားသည်။

ထို့နောက် နေပြည်တော်ကောင်စီဥက္ကဋ္ဌနှင့်အဖွဲ့သည် ဇေယျာသီရိမြို့နယ် ပင်လောင်းလမ်းနှင့် ရန်ကုန်-မန္တလေး ပြည်ထောင်စုလမ်းမကြီးတွင် ရေလွှမ်းမိုးမှုကြောင့် တင်ကျန်ခဲ့သောနုန်းမြေများ ဖယ်ရှားခြင်းနှင့် လမ်းဘေးရေမြောင်းများ ရေစီးရေလာကောင်းမွန်စေရေး စက်ယန္တရားများနှင့် ရှင်းလင်းဆောင်ရွက်နေမှုကိုကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

(၅ဝဝ)

# လျှပ်စစ်သုံးမော်တော်ယာဉ်များ ရန်ကုန်မြို့သို့ရောက်ရှိ

**နေပြည်တော် စက်တင်ဘာ ၁၈**

အမျိုးသားအဆင့် လျှပ်စစ်သုံးယာဉ်နှင့်ဆက်စပ်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး ဦးဆောင်ကော်မတီ၏ ခွင့်ပြုချက်ဖြင့် Myanmar Great Motor Co., Ltd. မှတင်သွင်းလာသော တရုတ်နိုင်ငံထုတ် AIQAR EQ3 အမျိုးအစား လျှပ်စစ်သုံးမော်တော်ယာဉ်များသည် ရန်ကုန်ဆိပ်ကမ်းသို့ ရောက်ရှိလာပါသဖြင့် ယနေ့တွင် လုပ်ထုံးလုပ်နည်းနှင့်အညီ ထုတ်ယူခွင့်ပြုခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)



# ဘင်္ဂလားပင်လယ်အော်အခြေအနေ

**နေပြည်တော် စက်တင်ဘာ ၁၈**

ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် မုတ်သုံလေအားကောင်းရာမှ အားအလွန်ကောင်းနေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် မုတ်သုံလေအားအသင့်အတင့်ရှိနေပါသည်။ (မိုး/ဇလ)

# ရေပြန်လည်ကျဆင်းသွားသည့်နေရာများ၌ လိုအပ်သည့်သန့်ရှင်းရေးလုပ်ငန်းများနှင့် ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများ ဆက်လက်ဆောင်ရွက်ပေးပြီး စားသောက်ဖွယ်ရာများနှင့်ထောက်ပံ့ပစ္စည်းများ ပေးအပ်လှူဒါန်း

နေပြည်တော် စက်တင်ဘာ ၁၈

နေပြည်တော်ကောင်စီနယ်မြေအပါ အဝင်တိုင်းဒေသကြီးနှင့်ပြည်နယ်အချို့တွင် မိုးအဆက်မပြတ် ရွာသွန်းမှုများဖြစ်ပွားခဲ့ပြီး ချောင်းရေ၊ မြစ်ရေများ မြင့်တက်ကာ မြို့နယ်အချို့ရှိ ရေကြီးရေလျှံမှုဖြစ်ပေါ်ခဲ့သည့် ရပ်ကွက်/ကျေးရွာများမှ ကူညီရွှေ့ပြောင်းရန် လိုအပ်နေသူများကို အချိန်နှင့်တစ်ပြေးညီ ကူညီကယ်ဆယ်ရွှေ့ပြောင်းပေးခြင်းလုပ်ငန်းများကို အင်တိုက်အားတိုက် တက်ကြွစွာ ပူးပေါင်းဆောင်ရွက်ပေးလျက်ရှိသည်။

ယနေ့တွင် တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များနှင့် လူမှုဝန်ထမ်းကယ်ဆယ်ရေးအဖွဲ့များက ရေများပြန်လည်ကျဆင်းသွားသည့် နေပြည်တော်ကောင်စီနယ်မြေ၊ ဇေယျာသီရိမြို့နယ်၊ ပျဉ်းမနားမြို့နယ်၊ တပ်ကုန်းမြို့နယ်၊ လယ်ဝေးမြို့နယ်၊ ပုဗ္ဗသီရိမြို့နယ်၊ ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ရွှေညောင်မြို့နယ်နှင့် ကလောမြို့နယ်၊ ရှမ်းပြည်နယ် (အရှေ့ပိုင်း)၊ တာချီလိတ်မြို့၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ကလေးမြို့၊ မန္တလေးတိုင်းဒေသကြီးနှင့် ကျောက်ဆည်မြို့၊ မြစ်သားမြို့၊ တံတားဦးမြို့နယ်နှင့် စဉ့်ကိုင်မြို့နယ်၊ ပဲခူးတိုင်းဒေသကြီး၊ တောင်ငူမြို့ အပါအဝင် အခြားမြို့နယ်တို့ရှိ ရပ်ကွက်၊ ကျေးရွာများမှ ဘုန်းတော်ကြီးကျောင်းများ၊ စာသင်ကျောင်းများ၊ ဆေးရုံ၊ ဆေးခန်းများ၊ ဌာနဆိုင်ရာအဆောက်အအုံများတွင် လိုအပ်သည့်သန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်ပေးခြင်း၊ လိုအပ်သည်များ ကူညီရွှေ့ပြောင်းပေးခြင်းနှင့် လမ်း၊ တံတားများ၊ ရပ်ကွက်၊ ကျေးရွာများအတွင်း၌ တင်ကျန်ခဲ့သည့်နုန်းများ၊ သစ်ပင်သစ်ကိုင်းများ ဖယ်ရှားပေးခြင်း အပါအဝင်အခြားလိုအပ်သည်များကိုဒေသခံပြည်သူများနှင့်ပူးပေါင်း၍ တက်ကြွစွာ ဆောင်ရွက်ပေးလျက်ရှိသည်။



ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးဖုန်းမြတ် ရေဘေးသင့်ပြည်သူများအား နယ်မြေခံဆေးကုသရေးအဖွဲ့က ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်ပေးနေမှုကို ကြည့်ရှုအားပေးစဉ်။



နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်စိုးမင်း ရေဘေးသင့်ပြည်သူများအတွက် စားသောက်ဖွယ်ရာများနှင့် ထောက်ပံ့ရေးပစ္စည်းများ ပေးအပ်စဉ်။

ထို့ပြင် ယာယီရေဘေးရှောင်စခန်းများ၊ ဘုန်းတော်ကြီးကျောင်းများနှင့် ရပ်ကွက်၊ ကျေးရွာများရှိ ရေဘေးသင့်ပြည်သူများအား ကျန်းမာရေးအဖွဲ့များက လိုအပ်သည့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးခြင်းများ ဆောင်ရွက်ပေးခြင်းနှင့်လိုအပ်သည့်ကျန်းမာရေးအသိပညာပေးဟောပြောဆွေးနွေးခြင်း၊ တပ်မတော်(ကြည်း၊ ရေ၊ လေ)မိသားစုများ၊ ဌာနဆိုင်ရာများ၊ အသင်းအဖွဲ့များနှင့် အလှူရှင်များက ထောက်ပံ့ပစ္စည်းများ၊ အဝတ်အထည်များ၊ အသုံးအဆောင်ပစ္စည်းများ၊ စားသောက်ဖွယ်ရာများနှင့် အလှူငွေများကို အားတက်သရော ပေးအပ်လှူဒါန်းခြင်းများ ဆောင်ရွက်ပေးလျက်ရှိရာ သက်ဆိုင်ရာတိုင်းဒေသကြီးနှင့်ပြည်နယ်များမှ ဝန်ကြီးချုပ်များ၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးဖုန်းမြတ်၊ တိုင်းစစ်ဌာနချုပ်အသီးသီးမှ တိုင်းမှူးများနှင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးကာ စားသောက်ဖွယ်ရာများ၊ ထောက်ပံ့ရေးပစ္စည်းများ ပေးအပ်သည်။

ရေကြီးမှုကြောင့် ပျက်စီးမှုများဖြစ်ပေါ်ခဲ့သည့်လမ်း/တံတားများကိုလည်း လမ်းပန်းဆက်သွယ်ရေး အမြန်ပြန်လည်ကောင်းမွန်စေရန်အတွက် ကြိုးပမ်းဆောင်ရွက်လျက်ရှိပြီး ပျက်စီးခဲ့သည့် လမ်း/တံတားများကိုလည်း ယာယီသံပေါင် ဘေလီတံတားများ အစားထိုး၍ အမြန်ဆုံးပြန်လည်ပြင်ဆင်ဆောင်ရွက်ခဲ့ပြီး ပြုပြင်ရန် ကျန်ရှိနေသည့် တံတားများကိုလည်း အမြန်ဆုံးပြင်ဆင်နိုင်ရေး ဆက်လက်ဆောင်ရွက်လျက်ရှိသည်။

ရေဝင်ရောက်မှု ဖြစ်ပေါ်ခဲ့သော မြို့နယ် ၅၆ မြို့နယ်တွင် ယနေ့နံနက် ၉ နာရီအချိန်အထိ ရရှိသောစာရင်းများအရ လူနေအိမ် ၄၂၇၂ လုံး ထိခိုက်ပျက်စီးခဲ့ပြီး ၁၇၇၅၄၈ လုံး ရေဝင်နစ်မြုပ်ခဲ့ကြောင်း၊ ပြည်သူ ၂၆၈ ဦး သေဆုံး၊ ၈၈ ဦး ပျောက်ဆုံးလျက်ရှိကြောင်းနှင့် ရေဘေးကယ်ဆယ်ရေးစခန်း စုစုပေါင်း ၄၅၇ ခု ဖွင့်လှစ်၍ အိမ်ထောင်စု ၄၃၆၀၉ စု၊ လူဦးရေ၁၆၈၇၉၈ ဦးတို့ကို ကူညီကယ်ဆယ်ရေးနှင့် လိုအပ်သောထောက်ပံ့ကူညီမှုများ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရှိရသည်။

ထို့ပြင် ရုံး/ဌာန အဆောက်အအုံ ၇၀ လုံး၊ စာသင်ကျောင်း ၉၉၆ ကျောင်း၊ ဘာသာရေး အဆောက်အအုံ ၃၁၅ လုံး၊ လမ်း/တံတားအချို့၊ လျှပ်စစ်မီးတိုင်နှင့် ဆက်သွယ်ရေးတိုင်များ ရေဝင်နစ်မြုပ်ခြင်း၊ ထိခိုက်ပျက်စီးခြင်းများ ဖြစ်ပေါ်ခဲ့သည်။ တိရစ္ဆာန်မျိုးစုံ စုစုပေါင်းကောင်ရေ ၁၀၈၃၈၆ ကောင် သေဆုံးခဲ့ပြီး စပါးနှင့်သီးနှံမျိုးစုံ စိုက်ဧက ၆၆၆၁၂၁ ဧက ရေဝင်နစ်မြုပ်ခဲ့ကြောင်း သတင်းရရှိသည်။

(၁၀၀)

# (၅) ကြိမ်မြောက် အာဆီယံလုပ်ငန်းခွင် ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးကွန်ရက်ဆု ချီးမြှင့်ပွဲနှင့် ဆက်စပ်အခမ်းအနားများသို့ မြန်မာကိုယ်စားလှယ်အဖွဲ့တက်ရောက်




နေပြည်တော် စက်တင်ဘာ ၁၈

စင်ကာပူနိုင်ငံက အိမ်ရှင်အဖြစ် စက်တင်ဘာလ ၁၁ ရက်မှ ၁၃ ရက်အထိ ကျင်းပခဲ့သည့် (၅)ကြိမ်မြောက် အာဆီယံလုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးကွန်ရက်ဆုချီးမြှင့်ပွဲနှင့် ဆက်စပ်အခမ်းအနားများသို့ အလုပ်သမားဝန်ကြီးဌာန အလုပ်ရုံနှင့် အလုပ်သမားဥပဒေစစ်ဆေးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်ဦးဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့ တက်ရောက်ခဲ့သည်။

စက်တင်ဘာလ ၁၁ ရက်က မြန်မာကိုယ်စားလှယ်အဖွဲ့သည် စင်ကာပူနိုင်ငံ Marina Bay Sands ရှိ Sands Expo & Convention Centre ၌ ကျင်းပခဲ့သည့် (၅) ကြိမ်မြောက် အာဆီယံလုပ်ငန်းခွင် ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးကွန်ရက် ဆုချီးမြှင့်ပွဲအခမ်းအနား၊ (၁၁) ကြိမ်မြောက် အာဆီယံလုပ်ငန်းခွင် ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေး ကွန်ရက်ညီလာခံနှင့် Singapore WSH Conference 2024 တို့သို့ အာဆီယံအဖွဲ့ဝင်နိုင်ငံများမှ ကိုယ်စားလှယ်များ၊ ဆုရရှိသည့် ကုမ္ပဏီများနှင့် စင်ကာပူနိုင်ငံမှ လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးဆိုင်ရာ ဆောင်ရွက်လျက်ရှိသူများနှင့်အတူ တက်ရောက်ခဲ့ကြသည်။

စက်တင်ဘာလ ၁၂ ရက်က စင်ကာပူနိုင်ငံ Furama City Center ၌ ကျင်းပသည့် Policy Dialogue on Harnessing the Potential of Global Supply Chains to Improve OSH In ASEAN အခမ်းအနားသို့လည်းကောင်း၊ စက်တင်ဘာလ ၁၃ ရက်က (၂၅) ကြိမ်မြောက် အာဆီယံလုပ်ငန်းခွင် ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးကွန်ရက် ညှိနှိုင်းရေးအဖွဲ့ အစည်းအဝေးများသို့ လည်းကောင်း အာဆီယံအဖွဲ့ဝင်နိုင်ငံများမှ ကိုယ်စားလှယ်များ၊ အာဆီယံအတွင်းရေးမှူးချုပ်ရုံး၊ ASEAN-OSHNET အတွင်းရေးမှူးချုပ်ရုံးနှင့် မိတ်ဖက်အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ တက်ရောက်ခဲ့ကြသည်။

(၅) ကြိမ်မြောက် အာဆီယံလုပ်ငန်းခွင် ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးကွန်ရက်ဆုချီးမြှင့်ပွဲအခမ်းအနား (5th ASEAN-OSHNET Awards Ceremony) တွင် အာဆီယံနိုင်ငံများရှိကုမ္ပဏီများအား လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးကွန်ရက် ထူးခြားစွမ်းဆောင်ဆု (ASEAN-OSHNET Excellence Award) နှင့် အာဆီယံလုပ်ငန်းခွင် ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေး ကွန်ရက် ကောင်းမွန်သည့်အလေ့အထကျင့်စဉ် စွမ်းဆောင်ဆု (ASEAN-OSHNET Best Practices Award)ဆုများကို ပေးအပ်ချီးမြှင့်ခဲ့ရာ မြန်မာနိုင်ငံ ကိုယ်စားပြုအနေဖြင့် ASEAN-OSHNET Excellence Award ကို Dagon Beverages Company Limited ကလည်းကောင်း၊ ASEAN-OSHNET Best Practices Award ကို Myanmar C.P Livestock Co., Ltd. ကလည်းကောင်းရရှိခဲ့ကြပြီး ကိုယ်စားလှယ်များက ဆုများကို လက်ခံရယူခဲ့ကြသည်။

အဆိုပါ အာဆီယံလုပ်ငန်းခွင် ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးကွန်ရက်ဆုကို ၂၀၁၆ ခုနှစ်မှစတင်၍ နှစ်နှစ်လျှင်တစ်ကြိမ် ပေးအပ်ချီးမြှင့်လျက်ရှိရာ မြန်မာနိုင်ငံအနေဖြင့် နှစ်စဉ်ဝင်ရောက်ယှဉ်ပြိုင်နိုင်ခဲ့ကြောင်း၊ ဆုများရွေးချယ်ရာတွင် အလုပ်သမားဝန်ကြီးဌာနမှ ဦးဆောင်၍ ဆက်စပ်ဝန်ကြီးဌာနများမှ ကိုယ်စားလှယ်များ၊ ပြင်ပကျွမ်းကျင်ပညာရှင်များ ပါဝင်သည့် ဆုရွေးချယ်ရေးအဖွဲ့ဖြင့် ASEAN-OSHNET မှ သတ်မှတ်ထားသည့် စံချိန်စံနှုန်းများနှင့်အညီ ရွေးချယ်ခြင်းဖြစ်ကြောင်း၊ ၂၀၁၆ ခုနှစ်မှစတင်၍ လက်ရှိအချိန်အထိ Excellence Award ဆုရ စက်ရုံငါးရုံနှင့် Best Practices Award ဆုရ စက်ရုံငါးရုံ စုစုပေါင်းစက်ရုံ ၁၀ ရုံ ရရှိပြီးဖြစ်ကြောင်း သိရှိရသည်။

(သတင်းစဉ်)

# စမုံဆည်ကျိုး၍ ရွာပေါင်း ၂၀ကျော် အပျက်အစီးများပြီး လူသောင်းနှင့်ချီ အကူအညီလိုအပ်နေကြောင်း မဟုတ်မမှန်သတင်းများရေးသားဖြန့်ဝေလျက်ရှိ

နေပြည်တော် စက်တင်ဘာ ၁၈

မန္တလေးတိုင်းဒေသကြီး၊ ဝမ်းတွင်းမြို့နယ်တွင်စမုံဆည်ကျိုးကျ၍ဆည်အောက်ဘက်ရှိကျေးရွာပေါင်း ၂၀ ကျော်ရေဘေးသင့်ခဲ့ရပြီး ရေပြန်ကျချိန်တွင် အပျက်အစီးများသည့်အတွက် အကူအညီလိုအပ်နေသည်ဟု သတင်းအတု၊ သတင်းအမှားများ ရေးသားထုတ်ဝေလျက်ရှိကြောင်း သိရသည်။

အဆိုပါ သတင်းနှင့်ပတ်သက်၍ သက်ဆိုင်ရာ ဆည်မြောင်းဦးစီးဌာနအနေဖြင့် ယင်းကဲ့သို့ ဆည်ရေကျိုးဖောက်ခြင်းမရှိကြောင်း၊ ဆည်ရေများပြည့်လျှံ၍ ဖောက်ချရမည့်အခြေအနေဖြစ်ပေါ်ပါက သက်ဆိုင်ရာသို့တင်ပြပြီး အသိပေးကြေညာချက်ထုတ်ပြန်ကာ ဒေသခံပြည်သူများကို ဘေးလွတ်ရာသို့ပြောင်းရွှေ့ပြီးမှသာ ပြုလုပ်ရကြောင်း၊ ထို့ပြင် ရေဘေးသင့်ပြည်သူများကို တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ လူမှုရေးအသင်းအဖွဲ့များနှင့် စေတနာရှင်အလှူရှင်များက ရေဘေးသင့်နေရာများသို့ ကယ်ဆယ်ရေးလုပ်ငန်းများနှင့် ပြန်လည်နေရာချထားရေးလုပ်ငန်းများ နေ့စဉ်ဆောင်ရွက်ပေးလျက်ရှိကြောင်းကို ၎င်းမြို့နယ်မှတာဝန်ရှိသူတစ်ဦး၏ပြောကြားချက်အရ သိရှိရပြီး တရားမဝင်ပြည်ဖျက်မီဒီယာများက မီဒီယာကျင့်ဝတ်များအား ချိုးဖောက်၍ ပြည်သူလူထု စိုးရိမ်ထိတ်လန့်မှုဖြစ်စေရန် လုပ်ကြံရေးသားထားသည့် သတင်းအမှားကို ဖြန့်ဝေနေခြင်းဖြစ်ကြောင်း သိရှိရသည်။




(၁၀၀)

# ကျောက်ကြီးမြို့နယ်ရှိ ကျေးရွာများကို တပ်မတော်က ဒရုန်းဖြင့် ဗုံးကြဲတိုက်ခိုက်ခြင်းကြောင့် ၈ လအရွယ် ကလေးငယ် ၁ ဦး အပါအဝင် ပြည်သူ ၃ ဦး ထိခိုက်ဒဏ်ရာရရှိပြီး ဘုရားကျောင်းနှင့် နေအိမ်များ ပျက်စီးခဲ့ကြောင်း မဟုတ်မမှန်ရေးသားဖြန့်ဝေလျက်ရှိ

နေပြည်တော် စက်တင်ဘာ ၁၈

ပဲခူးတိုင်းဒေသကြီး၊ ကျောက်ကြီးမြို့နယ်ရှိ ကျေးရွာများကို တပ်မတော်က ဒရုန်းဖြင့် ဗုံးကြဲတိုက်ခိုက်ခြင်းကြောင့် ၈ လအရွယ် ကလေးငယ် ၁ ဦး အပါအဝင် ပြည်သူ ၃ ဦး ထိခိုက်ဒဏ်ရာရရှိပြီး ဘုရားကျောင်းနှင့် နေအိမ်များ ပျက်စီးခဲ့ကြောင်း တရားမဝင် ပြည်ဖျက်မီဒီယာများမှ သတင်းမှားများ မဟုတ်မမှန် ရေးသားဖြန့်ဝေလျက်ရှိကြောင်း တွေ့ရှိရသည်။




အဆိုပါ သတင်းနှင့်ပတ်သက်၍ ၎င်းဒေသများ၌ လုံခြုံရေးတပ်ဖွဲ့ဝင်များက ဒေသခံပြည်သူလူထုနှင့် ပူးပေါင်း၍ နယ်မြေလုံခြုံရေးနှင့် တရားဥပဒေစိုးမိုးရေး လုပ်ငန်းများကို ဆောင်ရွက်လျက်ရှိကြောင်း၊ ထိုသို့ဆောင်ရွက်နေစဉ် အကြမ်းဖက်သောင်းကျန်းသူများသည် လုံခြုံရေးတပ်ဖွဲ့ဝင်များအား ဒရုန်းများဖြင့် လာရောက်တိုက်ခိုက်ရာမှ ဗုံးသီးများသည် အရပ်သားပြည်သူများနေထိုင်ရာ လူနေအိမ်များအပေါ်သို့ ကျရောက်ပေါက်ကွဲခဲ့ပြီး လုံခြုံရေးတပ်ဖွဲ့ဝင်အချို့ ထိခိုက်ဒဏ်ရာရရှိခဲ့ကာ ပြည်သူအချို့ ထိခိုက်သေဆုံးခဲ့ရကြောင်း၊ ယခုအခါ ပြည်သူလူထုအနေဖြင့် အကြမ်းဖက်သမားများ၏ လူမဆန်သည့်လုပ်ရပ်များအား ရွံရှာမုန်းတီးနေပြီး အကြမ်းဖက်အားပေး ပြည်ဖျက်မီဒီယာများ၏ တစ်ဖက်သက် စွပ်စွဲရေးသားချက်များနှင့်အကြမ်းဖက်သမားများ၏ လုပ်ရပ်များအား ဖုံးကွယ်ပေးရန်အတွက် သတင်းမှားများဖြင့် ဝါဒဖြန့်မှိုင်းတိုက်နေသည်ကို သိမြင်လာပြီဖြစ်ကြောင်း ဒေသခံပြည်သူများ၏ ဆက်သွယ်ပြောကြားလာချက်အရ သိရှိရသည်။ (၁၀၀)

# အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများအား လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းပြုလုပ်ခဲ့သူများအား ဖော်ထုတ်အရေးယူ

နေပြည်တော် စက်တင်ဘာ ၁၈

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံ အဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများ ဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိပါသည်။

ပြည်သူများအနေဖြင့်ယင်းတို့၏လှုံ့ဆော်မှု ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူ အနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများ ပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်ဝေမျှခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-ကနှင့်ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ် ဆက်သွယ်ဆောင်ရွက်ရေးဥပဒေပုဒ်မ ၃၃ (က)နှင့် တည်ဆဲဥပဒေများအရ အရေးယူ ခံရမည့်အပြင် ပြစ်မှုနှင့် သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများကို အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ်၊ ဇန်နဝါရီလ ၂၅ ရက်နေ့တွင် နိုင်ငံပိုင်မီဒီယာများမှ တစ်ဆင့် အသိပေးသတင်းထုတ်ပြန်ခဲ့ပြီး ဖြစ်ပါသည်။

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ၂၀၂၄ ခုနှစ်၊ စက်တင်ဘာလ ၁၆ ရက်နေ့တွင် အသိပေးထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုမူလုပ်ဆောင်ခဲ့ သည့် “Nway Oo Maung” Facebook အကောင့်ပိုင်ရှင်ဖြစ်သူ ဧရာဝတီတိုင်းဒေသကြီး၊ ကြံခင်းမြို့နယ်၊ ရေသောက်ကန်ကျေးရွာနေ ကျော်ရဲအောင်အား ညနေ ၃ နာရီ ၁၀ မိနစ်တွင်လည်းကောင်း၊ “May.Tz,Htun” Facebookအကောင့်ပိုင်ရှင်ဖြစ်သူ ပဲခူးမြို့နယ်၊ ပန်းလှိုင်ရပ်ကွက်နေ မေသဇင်ထွန်းအား ည ၇ နာရီခွဲတွင်လည်းကောင်း၊ “Shwe Sin”Facebook အကောင့်ပိုင်ရှင်ဖြစ်သူ ပဲခူးမြို့နယ်၊ ဘုရားကြီးမြို့နေ ရွှေဇင်ထွန်းအား ည ၈ နာရီ ၄၅ မိနစ်တွင်လည်းကောင်း သက်ဆိုင်ရာရဲစခန်းအသီးသီး၌ တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်းအမှုဖွင့်လှစ်အရေးယူဆောင်ရွက်ခဲ့ပါသည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသောအဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန်ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှု အပေါ် ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့ လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း မိဘပြည်သူများ သိရှိနိုင်ရေး အသိပေးသတင်းထုတ်ပြန်အပ်ပါသည်။ (၁၀၀)


## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟုသုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကို သတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံ အကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်နေသည့် CRPH၊ NUG၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှု မပြုခြင်းသည် ပြည်သူလူထု၏အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏လက်နက်/ခဲယမ်း ကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏ သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

## မိုးလေဝသ သတင်း




| မှတ်သားဖွယ်ရာမိုးရေချိန်များ | |
|---|---|
| ဖြူး | (၁.၉၀)လက်မ |
| ကျိုက္ကမီ | (၁.၆၅)လက်မ |
| အေလာ | (၁.၆၁)လက်မ |
| မာန်အောင် | (၁.၁၅)လက်မ |
| သထုံ | (၁.၀၆)လက်မ |
| နေပြည်တော် (ဒက္ခိဏသီရိ) | (၀.၉၈)လက်မ |
| တောင်တွင်းကြီး | (၀.၉၅)လက်မ |
| ကမမောင်း | (၀.၉၅)လက်မ |
| ဂန့်ဂေါ | (၀.၉၁)လက်မ |
| ပေါင် | (၀.၈၃)လက်မ |

| တိုင်းဒေသကြီး/ပြည်နယ် | (နိမ့်) | (မြင့်) |
|---|---|---|
| ကချင် | ၂၃ | ၃၆ |
| ရှမ်း(မြောက်) | ၂၂ | ၃၁ |
| ရှမ်း(အရှေ့) | ၂၂ | ၃၃ |
| ရှမ်း(တောင်) | ၁၉ | ၂၈ |
| ချင်း | ၁၅ | ၂၄ |
| စစ်ကိုင်း(အထက်) | ၂၅ | ၃၆ |
| စစ်ကိုင်း(အောက်) | ၂၆ | ၃၄ |
| နေပြည်တော် | ၂၅ | ၃၄ |
| မန္တလေး | ၂၇ | ၃၅ |
| မကွေး | ၂၅ | ၃၆ |
| ရခိုင် | ၂၄ | ၃၂ |
| ပဲခူး | ၂၄ | ၃၂ |
| ရန်ကုန် | ၂၄ | ၃၃ |
| ဧရာဝတီ | ၂၄ | ၃၄ |
| ကယား | ၂၃ | ၃၂ |
| ကရင် | ၂၅ | ၃၂ |
| မွန် | ၂၄ | ၃၁ |
| တနင်္သာရီ | ၂၃ | ၃၂ |

# ဆေးပညာဘွဲ့ရဆရာဝန်(အမျိုးသမီး)နှင့် သွားဘက်ဆိုင်ရာဆေးပညာဘွဲ့ရဆရာဝန်(အမျိုးသမီး)ဗိုလ်လောင်းများ ခေါ်ယူခြင်း

၁။ လျှောက်ထားသူသည်-

(က) ၂၀၂၄ ခုနှစ်၊ ဒီဇင်ဘာလ ၃၁ ရက်နေ့တွင် အသက် ၃၀ နှစ်ထက် မကြီးရ။

( ခ ) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသား အိမ်ထောင်မရှိဖူးသူ(အပျို)ဖြစ်ရမည်။

( ဂ ) အနည်းဆုံး အရပ် ၅ ပေ၊ ၃ လက်မနှင့် ကိုယ်အလေးချိန် ပေါင် ၁၀၀ ထက်မနည်းရ၊ ပေါင် ၁၃၀ ထက် မကျော်ရ။

(ဃ) (M.B.B.S)သို့မဟုတ်(B.D.S)ဘွဲ့ရရှိပြီးသူဖြစ်ရမည်။ ဘွဲ့လက်မှတ်(**မူရင်း**)အား တင်ပြနိုင်ရမည်။

၂။ သက်ဆိုင်ရာတက္ကသိုလ်မှ(**Grading Certificate**)အမှတ်စာရင်းပါရှိရမည်။

၃။ မိဘအုပ်ထိန်းသူ၏ ခွင့်ပြုချက်ပါရှိရမည်။

၄။ လျှောက်လွှာများကို ဆေးဝန်ထမ်းညွှန်ကြားရေးမှူးရုံးနှင့် မိမိတို့နှင့်နီးစပ်ရာ တိုင်းစစ်ဌာနချုပ်များတွင် အခမဲ့ရယူနိုင်သည်။

၅။ လျှောက်လွှာနှင့်အတူ အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာတိုင်းဒေသကြီး၊ ပြည်နယ်၊ မြို့နယ်ရဲတပ်ဖွဲ့စခန်းတစ်ခုခုမှ ထောက်ခံစာ(**မူရင်း**)နှင့် ပတ်စ်ပို့အရွယ်ဓာတ်ပုံ ၃ ပုံ ပူးတွဲတင်ပြရမည်။

၆။ တပ်မတော်မှ လေ့ကျင့်သင်ကြားမှုစနစ်အတိုင်း လိုက်နာဆောင်ရွက်နိုင်သူဖြစ်ရမည်။

၇။ လျှောက်လွှာနှင့်အတူပါရှိသော ဆေးစစ်ပုံစံဖြင့် မိမိတို့နေထိုင်ရာ တိုင်းဒေသကြီး၊ ပြည်နယ်၊ မြို့နယ်ရှိ တပ်မတော်ဆေးရုံ/ပြည်သူ့ဆေးရုံတွင် ပဏာမ ကျန်းမာရေးစစ်ဆေးအောင်မြင်သူဖြစ်ရမည်။

၈။ လျှောက်လွှာကို ၂၀၂၄ ခုနှစ်၊ စက်တင်ဘာလ ၂၀ ရက်နေ့မှစ၍ ထုတ်ပေးမည်ဖြစ်ပြီး အောက်တိုဘာလ ၃၁ ရက်နေ့နောက်ဆုံးထား၍ လျှောက်လွှာထုတ်ယူခဲ့သော ဆေးဝန်ထမ်းညွှန်ကြားရေးမှူးရုံး(သို့မဟုတ်) သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်များသို့ ပြန်လည်ပေးပို့ကြရမည်။

၉။ သတ်မှတ်အရည်အချင်းပြည့်မီသော လျှောက်လွှာရှင်များအား တပ်မတော်ဗိုလ်ရွေးအဖွဲ့တွင် ဝင်ရောက်အစစ်ဆေးခံရန် အကြောင်းကြားစာများကို သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်များမှတစ်ဆင့် အချိန်မီပေးပို့သွားမည်။

၁၀။ သတ်မှတ်ထားသည့်အချက်အလက်များ တိကျပြည့်စုံစွာရေးသားဖော်ပြခြင်းမပြုသောလျှောက်လွှာများ၊ မမှန်မကန်ဖြည့်စွက်ရေးသားဖော်ပြသောလျှောက်လွှာများနှင့် အချိန်မီမရောက်ရှိသောလျှောက်လွှာများအား ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။ မိမိတို့လျှောက်လွှာတင်သွင်းသည့်ဌာနတွင် ရွေးချယ်ခြင်းခံရသည်/မခံရသည်ကို သွားရောက်စုံစမ်းမေးမြန်းနိုင်သည်။

**စစ်ရာထူးခန့်ချုပ်ရုံး**

**ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)**


Fluoride ပါဝင်သောကြောင့် သွားများကို ဖြူဖွေးတောက်ပစေပါသည်။
ထာဝရလှပသော အပြုံးအတွက်
DENTOMEC
ပင်ရင်းအရောင်းဌာန - ဖုန်း - ၀၉ ၆၉၉၀၂၇၀၈၅၊ ၀၉ ၄၂၈၀၅၅၁၆၉
KHA YAE PIN MART - မင်္ဂလာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၆၇၁၄၄၃၅၅၅
STARMART nine mile Showroom - (၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၃၀၈၆၀၁၈၀
STARMART MANDALAY Wholesale - ၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့၊ ဖုန်း - ၀၉ ၆၆၁၇၀၂၂၄၄
STARMART Nay Pyi Taw - ရန်ကုန် - မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား၊ ဖုန်း - ၀၉ ၆၈၅၁၁၉၀၇၇
FDA အမှတ်-2212 PCE 0013
DENTIST RECOMMENDED


ထုတ်လုပ်မှုသက်တမ်း (၂၀) နှစ်ကျော်ရှိပြီး မိဘပြည်သူများ ယုံကြည်စိတ်ချစွာ အသုံးပြုနိုင်ပါသည်။
တစ်သက်တာလုံးကြံ့ခိုင်ဖို့
PORTLAND CEMENT, BRITISH STANDARD
OPC-BS-12-1996,42.5N
RHINO
သုံးကြစို့....
RHINO PORTLAND CEMENT
PRODUCT OF MEC EXPORT QUALITY
ပင်ရင်းအရောင်းဌာန- ဖုန်း - ၀၉ ၄၂၈၇၃၀၉၉၂၊ ၀၉ ၄၂၈၇၃၀၉၉၃
STARMART nine mile Showroom - (၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၃၀၈၆၀၁၈၀
KHA YAE PIN MART - မင်္ဂလာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၆၇၁၄၄၃၅၅၅
STARMART MANDALAY Wholesale - ၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့၊ ဖုန်း - ၀၉ ၆၆၁၇၀၂၂၄၄
STARMART Nay Pyi Taw - ရန်ကုန် - မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား၊ ဖုန်း - ၀၉ ၆၈၅၁၁၉၀၇၇


MYAWADDY TRADING LIMITED
ပို့ကုန်
လယ်ယာထွက်သီးနှံ၊ဆန်စပါး၊သကြား၊ရာဘာ၊
ရေထွက်ပစ္စည်း၊နှင့်အခြားပို့ကုန်အမျိုးမျိုး။
သွင်းကုန်
စားအုန်းဆီ၊လူ့အသုံးအဆောင်၊ရေနံနှင့်
ဓာတုပစ္စည်း၊ကတ္တရာ၊ဓာတ်မြေဩဇာ။
Tel: 95-01-8373255,8373265, 8373267, 8373291
Fax:95-01-8373257
E-mail: myawaddytrading@gmail.com


မြဝတီဘဏ်လီမိတက်
MYAWADDY BANK LIMITED
Secure, Secret, Swift and Correct,
Myawaddy Bank
Internet & Mobile Banking Services
Account Transfer
Mobile Topup (Phone Bill)
Remittance
Cardless ATM Withdrawl
Credit Card Payment
Tax Payment
24 ~ (01) 2301421, 2317166
Phone No : (01) 2301367, 2301368, 2301452, 2301378
MPU
UnionPay

❖ မိသားစုတစ်စု၊ နိုင်ငံတစ်နိုင်ငံကောင်းမွန်စေရေးအတွက် မိသားစုဝင်များ၊ နိုင်ငံသူနိုင်ငံသားများကသာ ဆောင်ရွက်ရမည်ဖြစ်သည့်အတွက် မိသားစုကိုချစ်သည့်စိတ်၊ နိုင်ငံကိုချစ်သည့်စိတ်များရရှိကြစေရေး မိမိတို့အနေဖြင့် အမျိုးသားရေးကိစ္စတစ်ရပ်အနေဖြင့် ဆောင်ရွက်ကြရမည်ဖြစ်. . .

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ ၂၀၂၄ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၇ ရက်နေ့တွင်ဗုဒ္ဓဘာသာကလျာဏယုဝအသင်း(ဗဟို)မှ အဖွဲ့ဝင်များအားတွေ့ဆုံစဉ် အမှာစကားပြောကြားမှုမှကောက်နုတ်ချက်)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၉)ရပ်

၁။ နိုင်ငံရေး

(က) စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကိုတည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA) ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

(ဂ) ပြည်သူလူထု၏ လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးအပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်ရေး။

၂။ စီးပွားရေး

(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျုံးဝင်သော စိုက်ပျိုးရေးနှင့်မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး။

(ခ) တိုးတက်ကောင်းမွန်လာသည့် စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍမြှင့်တင်ရေး။

(ဂ) ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံစိုက်ပျိုးမှုကိုအားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်း ထွက်ရှိအောင်ဆောင်ရွက်၍ နိုင်ငံအတွင်းဖူလုံမှုမှသည် ပြည်ပသို့တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

၃။ လူမှုရေး

(က) တစ်နိုင်ငံလုံး အသိပညာ၊ အတတ်ပညာမြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှုအထောက်အကူပြုပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့် ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရေး။

(ခ) တစ်မျိုးသားလုံး သက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံးအကျုံးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍမြှင့်တင်ဆောင်ရွက်ရေး။

(ဂ) နိုင်ငံ၏ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိကစွမ်းအားစုအဖြစ်ပါဝင်နိုင်ရေး ဗလငါးတန်နှင့်ပြည့်စုံသောလူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရေး။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်

## ရေကြီးရေလျှံမှုသဘာဝဘေးဒဏ်ကြုံတွေ့ခဲ့ရသည့် တပ်ကုန်းတပ်နယ်အတွင်းရှိ တပ်ဌာနချုပ်များအား သွားရောက်ကြည့်ရှုစစ်ဆေး၊ လိုအပ်သည်များမှာကြား၊ ထောက်ပံ့ရေးပစ္စည်းများပေးအပ်





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တောင်ကျချောင်းရေများ အလုံးအရင်းဖြင့် စီးဆင်းခဲ့မှုကြောင့် ကျိုးကျပျက်စီးခဲ့သည့် မုန်ချောင်းကူးကွန်ကရစ်တံတားပျက်စီးမှုများအား သွားရောက်ကြည့်ရှုစစ်ဆေးစဉ်။

**နေပြည်တော် စက်တင်ဘာ ၁၈**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် ယနေ့နံနက်ပိုင်းတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင် ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီးမောင်မောင်အေး၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဒုတိယဗိုလ်ချုပ်ကြီးထိန်ဝင်း၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူးနှင့် တာဝန်ရှိသူများလိုက်ပါ၍ ရေကြီးရေလျှံမှုသဘာဝဘေးဒဏ်ကြုံတွေ့ခဲ့ရသည့် တပ်ကုန်းတပ်နယ်အတွင်းရှိ တပ်ဌာနချုပ်များအား သွားရောက်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များမှာကြားကာ ထောက်ပံ့ရေးပစ္စည်းများ ပေးအပ်သည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်သည် နယ်မြေခံတပ်ဌာနချုပ်ခန်းမ၌ အရာရှိ၊ စစ်သည်၊ မိသားစုများအား တွေ့ဆုံ၍ မမျှော်မှန်းနိုင်သော ရုတ်တရက်ဖြစ်ပေါ်လာသည့် သဘာဝဘေးဒဏ်ကိုကြုံတွေ့ခဲ့ရသည့် အရာရှိ၊ စစ်သည်၊ မိသားစုများ၏ အခက်အခဲများအား ဖြည့်ဆည်းဆောင်ရွက်ပေးနိုင်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများဆောင်ရွက်ပေးနိုင်ရေးတို့အတွက်

**စာမျက်နှာ ၅ ကော်လံ ၁ ⭘**

